http://www.dhammadownload.com

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

# သံဝေဂလမ်း

## သံဝေဂ ပဋိသံယုတ္တကထာ

ငါသည်အများကိုမကြောက်၊
များမှန်းမသိမည်ကိုသာ ကြောက်၏။

ရန်သူမှန်သမျှကိုလည်း ငါမကြောက်၊
ငါကြောက်သည်မှာ ရန်သူမှန်းမသိခြင်းကိုပင် ကြောက်၏။

တစ်ဖန် ထိုမသိခြင်းနှစ်ပါးတို့ကိုပင် ငါမကြောက်၊
ငါကြောက်သည်မှာ ငါသည်ရဟန်းဖြစ်လျက်နှင့်
ငါ့လက်ရှိ သတိမရှိမှာပင်တည်း။

2004 GRAPHIC DESIGNED BY ZIN MIN LU & AIKE MOON

ကျေးဇူးရှင်မဟာဗောဓိမြိုင် ဆရာတော် ● သံဝေဂလမ်း (သံဝေဂ ပဋိသံယုတ္တကထာ)

န မော တေ ပု ဒ္ဓ ဝိ ရ ဇ္ဈ ။

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

သံဝေဂလမ်း

သံဝေဂ ပဋိသံယုတ္တကထာ



နတ်တလုသာသနာပြုအသင်းမှ စီစဉ်ထုတ်ဝေသည်

http://www.dhammadownload.com

ပင်မဖြန့်ချိရေး

ဦးခင်မောင်သန်း(ဥက္ကဌ)
နတ်တရုသာသနာပြုအသင်း
ရှန်ကြီးအောင်ရပ်၊ စီးကုန်းမြို့၊
ထန်းတပင်တောတိုက်၊ စစ်ကိုင်းတိုင်း။
ဖုန်း - စီးကုန်း - ၅၃

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်
၇၄၊ သာယာအေးလမ်း၊ ၃-ရပ်ကွက်၊
မရမ်းကုန်း၊ ရန်ကုန်မြို့။
ဖုန်း - ၆၆၀၆၇၀

http://www.dhammadownload.com

ပထမအကြိမ်

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်နေ့
၂၀၀၄ ခုနှစ်၊ မတ်လ
စာမူခွင့်ပြုချက်အမှတ် - ၁၀၄၈/၂၀၀၃ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၅ /၂၀၀၄ (၁)
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံး - ဇင်မင်းလူနှင့် အိုက်မွန်း
စာစီ - 'စံ' ကွန်ပျူတာ
အတွင်းဖလင် - AZ
စာအုပ်ချုပ် - ကိုတင်အေး
အဖွင့်ဓာတ်ပုံ - ခင်မောင်သန်း (နတ်တလူ)

ထုတ်ဝေသူ

ဦးခင်မောင်သန်း (မြ-၀၃၇၃၉)၊ နတ်တလူစာပေ
ရန်ကြီးအောင်ရပ်၊ ဗိုလ်ကုန်းမြို့၊ ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း။

မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန်(မြ-၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးစွန်ကော်ယု မာကျူရီအော့ဖ်ဆက်
အမှတ်-၄၉၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကျိုးဆောင်

အောင်ကျော်စံ

တန်ဖိုး - ၁၅၀၀ ကျပ်

မွမ်းမံပန်တီးမှု - အိုက်မွန်း

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝိရုဠှ

နတ်တလှူစာစဉ် - ၁၅

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်

# သံဝေဂလမ်း

## သံဝေဂ ပဋိသံယုတ္တကထာ
## (လေခကန္ဒကထာ)

နတ်တလှူသာသနာပြုအသင်းမှ
စီ စဉ် ထုတ် ဝေ သည်။

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

## ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ထုတ်ပြန်တော်မူသော ဝါဆိုတော်စဉ်အညွှန်း

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၄၁ | ရန်ကုန် | သာသနာ့ဗိမာန် | ရဟန်းဖြစ်စနှစ် |
| ၂ | ၁၃၄၂ | သာစည် | ရွှေကျောင်းကုန်းတောင် | တောထွက်စနှစ် |
| ၃ | ၁၃၄၃ | ငင်းကျိုက် | ငင်းကျိုက်တောင် | |
| ၄ | ၁၃၄၄ | ငင်းကျိုက် | မင်းတစ်ရွာတစ်ပါးတောင် | သုံးဝါ |
| ၅ | ၁၃၄၅ | ငင်းကျိုက် | ကျောက်ခမောက်ဂူ | |
| ၆ | ၁၃၄၆ | ဖူးကြီး | သံသုမာရတောင် | နှစ်ဝါ |
| ၇ | ၁၃၄၇ | ဖူးကြီး | သံသုမာရတောင် | |
| ၈ | ၁၃၄၈ | စစ်ကိုင်း | အရှေ့ပရုဏ္ဏမချောင် | နှစ်ဝါ |
| ၉ | ၁၃၄၉ | စစ်ကိုင်း | အရှေ့ပရုဏ္ဏမချောင် | |
| ၁၀ | ၁၃၅၀ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၁ | ၁၃၅၁ | သာစည် | ရွှေကျောင်းကုန်း | သုံးဝါ |
| ၁၂ | ၁၃၅၂ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၃ | ၁၃၅၃ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၄ | ၁၃၅၄ | ပျဉ်းမနား | လက်လုပ်တောင် | သုံးဝါ |
| ၁၅ | ၁၃၅၅ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၆ | ၁၃၅၆ | သုဝဏ္ဏသျှံ | ဘုန်းတော်ပြည့်တောင် | သုံးဝါ |
| ၁၇ | ၁၃၅၇ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | (ရှမ်းပြည်နယ်၊ |
| ၁၈ | ၁၃၅၈ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် ... | မိုင်းပျဉ်း) |
| ၁၉ | ၁၃၅၉ | ဇာတိမြေ | နတ်တလူ | တစ်ဝါ |
| ၂၀ | ၁၃၆၀ | ပြင်ဦးလွင် | ဝေဒလ္လ | တစ်ဝါ<br>(ဒီးဒုတ်ဒုဌာအနီး) |
| ၂၁ | ၁၃၆၁ | ဂန့်ဂေါ | မဇ္ဈိမ ဓမ္မဓာနိဂူ | တစ်ဝါ<br>(လယ်ဓမ္မအနီး) |
| ၂၂ | ၁၃၆၂ | ဂန့်ဂေါ | မောနေယျတော | (စကားရွာအနီး) |
| ၂၃ | ၁၃၆၃ | ပုလဲ | ပဋိပတ်တောစခန်း | ဝက်ကျ၊<br>ကျော်တောရွာအနီး |
| ၂၄ | ၁၃၆၄ | ပုလဲ | စံရိပ်ငြိမ်တောရ | ဝက်ကျ၊<br>ကျော်တောရွာအနီး |

http://www.dhammadownload.com

## ခေတ္တ သီတင်းသုံးခဲ့ဖူးသော နေရာများ

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| (က) | ၁၃၄၃ | ခင်းကျိုက် | ရသေ့မဝ | သုံးလခန့် |
| (ခ) | ၁၃၄၅ | ခင်းကျိုက် | ဖရုံညှာစခန်း | တစ်လ (ပန်းကုန်းရွာအနီး) |
| (ဂ) | ၁၃၄၉ | မိတ္ထီလာ | တောင်စဉ် | တစ်လ |
| (ဃ) | ၁၃၆၀ | ကျောက်ဆည် | ကျောက်ထီးတောင် | နှစ်လ |
| (င) | ၁၃၆၁ | ပုလဲ | ဝါးသုံးရုံစခန်း | ၇၂-ရက် |

http://www.dhammadownload.com

# မာတိကာ


သံဝေဂ ပဋိသံယုတ္တကထာ ၁

၁။ ဘုံ ဘဝ ဝဋ္ဋ အာရုံတို့က ပတ်ဖွဲ့ပေးထားခြင်း ၅

၂။ မလှပ်သာသော အမေ့သား
ဇာတိ ဇရာ ဗျာဓိ မရဏများက ကိုက်၍ဝါး ၅၁

၃။ ကိလေသကံ ဝိပါက်စိတ် အကြံများကလည်း
အဖန်ဖန်ထပ် ၅၉

၄။ သစ္စာလေးပါးတို့ကလည်း တစ်ချက်ကလေးမှ
မျက်ခြေပြတ်မခံ ၉၇

သေခါနီး အမြီးပေါင်ကြားညှပ် ထပ်မပြေးပါရစေနှင့်တော့ ၁၇၁

http://www.dhammadownload.com

http://www.dhammadownload.com

# သံဝေဂ ပဋိသံယုတ္တကထာ

သတိယာ သံဝေဂေါ တသော၊ နိဗ္ဗိန္နော စ ခိန္နော ဘိရူ၊
ယံကိဉ္စိ ဘဝံ ဝါ ဘောဂံ၊ လဒ္ဓုကာမော နမညတိ၊
ဝိယံ သာတံ မနာပံတိ၊ မာဘဝဒ္ဓိ ဣဋ္ဌာနိဋ္ဌာပိ၊
ဝိမုတ္တိ သော လောကောဘာဝါ၊ အဗ္ဘာ မုတ္တော ဝ စန္ဒိမာ။

ယော – အကြင်သူသည်
သတိယာ – သတိကြောင့်၊ သံဝေဂေါစ – မရွှင်မပျဖြစ်နေ၏။
သတိယာ – သတိကြောင့်၊ တသောစ – ထိတ်လန့်နေပါ၏။
သတိယာ – သတိကြောင့်၊ နိဗ္ဗိန္နောစ – ငြီးငွေ့နေပါ၏။
သတိယာ – သတိကြောင့်၊ ခိန္နောစ – တွန့်ဆုတ်နေပါ၏။

နတ်တလှူစာစဉ်

http://www.dhammadownload.com



**သတိယာ** – သတိကြောင့်၊ **ဘီရူစ** – ကြောက်ရွံ့နေပြန်ပါ ၏။

**ယံကိဥ္စိ ဘ၀ံ၀ါ** – ဘယ်ဘ၀မျိုးကိုမဆို၊ **ယံကိဥ္စိ ဘောဂံ၀ါ** – ဘယ်စည်းစိမ်မျိုးဖြစ်ဖြစ်၊ **လဋ္ဌနာယ** – ငြိကပ်တွယ်တာစိတ်ဖြင့်၊ **ပိယံ သာတံ မနာပံတိ** – ချစ်စရာလေးပဲ သာယာစရာလေးပဲ နှစ်သက်စရာလေးပဲ ဟူ၍၊ **နမညတိ** – ထင်လည်း မထင်မိ။

**ဣဋ္ဌာနိဋ္ဌာပိ** – ဣဋ္ဌနိဋ္ဌတို့ဖြင့်လည်း (၀ါ) ကောင်းလိုက်တာလေးပဲ၊ မုန်းစရာကြီးပဲ ဟူ၍လည်း၊ **မာဘာဖွိ** – မ၀ေဖန်မိ ခွဲလည်း မခွဲမိ။

**သော** – ထိုသူသည်သာ ၊ **စန္ဒိမာ** – လပြည့်၀န်းကြီးသည် **အဗ္ဘာမုတ္တောဝ** – တိမ်မှလွတ်ဘိသို့(**အဗ္ဘာမုတ္တောဝ စန္ဒိမာ** – တိမ်လွတ်လမင်းကြီးပမာ)၊ **လောကာစ ဝိမုတ္တိ** – လောကများမှလည်း လွတ်မြောက်ခွင့်ရစေပြီ။ **ဘ၀ါစ ဝိမုတ္တိ** – ဘ၀အားလုံးမှလည်း လွတ်မြောက်ခွင့်ရစေပြီ။

သတ္တဝါတိုင်း ကောင်းစားချင်ကြ၏။

ကောင်းစားလိုသဖြင့်လည်း ကောင်းစားမည့်ထင်သော အရာများကိုချည်း ရွေးချယ်၏။ သို့တိုင် အကောင်းစားဖြစ်မလာ။

သတ္တဝါတိုင်း ချမ်းသာချင်ကြ၏။

ချမ်းသာလိုသဖြင့်လည်း ချမ်းသာမည်ထင်မည့်အလုပ်မျိုးကို ချည်း ရွေးလုပ်နေကြ၏။ သို့တိုင်လည်း မချမ်းသာပါ။

http://www.dhammadownload.com



ထိုသို့ အထင်နှင့်အမြင် ပါစင်အောင် လွဲကြရသည်မှာ အကြည့်မှား၊ အသိမှား၊ အမြင်မှား ဟူသော ဝိပ္ပလ္လာသ သုံးချက်တို့၏ အကွက်တွင်း ခြေစုံနင်းလျက်က ခရီးပြင်းထွက်နေကြရခြင်းများကြောင့်။

ဝိပ္ပလ္လာသ အဖမ်းခံထားရသူသည် အရှေ့ကိုအနောက် ထင်နေတတ်လှ၏။

ဝိပ္ပလ္လာသ လက်အောက်ခံသမားသည် အနောက်ကိုကား အရှေ့ထင်နေတတ်ပြန်၏။

ထိုသတ္တဝါ ဝိရိယထားအားကြီးလေ လမ်းမှားလေသာ ဖြစ်တော့သည်။ ထိုသတ္တဝါ စိတ်ကူးမိလေ လမ်းပေါက်မတည့်လေသာ ဖြစ်တော့သည်။

ဤစာစဉ်သည် ယင်းသို့ဖြစ်ခဲ့ရပုံများကို မိမိရောက်နေရာ၏ အပေါ်စီးမှနေ ငုံ့ကြည့်မိရာမှ မိမိလာရာလမ်းများ မှားယွင်းနေခဲ့ပြီး

မသာယာစရာ၌ သာယာနေခြင်း၊

မုန်းစရာ၌ အချစ်မိနေခြင်း၊

ဆင်းရဲကို အကောင်းထင်နေခြင်း၊

ဤအဖြစ်ဆိုးများကို သွားမြင်ကာ ရေးခြင်းဖြစ်၏။ သံဝေဂပွားခြင်းနှင့်ဆိုင်ရာ စကားစဉ် စာစဉ်များ ဖြစ်ကြ၏။

သတိမဲ့ခြင်း၊ မမဲ့ခြင်းတို့၏ သင်္ကေတလည်း ဖြစ်၏။

အမှတ်မဲ့နေ၍သာ အမှားရခြင်း၊ အမှတ်မမဲ့လျှင် အမှားမရခြင်း မမှားရခြင်းများ၏သဘာဝ ဖော်ကျူးရာလည်း ဖြစ်၏။

နတ်တလဲ့စာစဉ်

http://www.dhammadownload.com



အကယ်တိတိ အားလုံးကသာ ဤစာစဉ်ကို ကြည့်၍သတိရကြမည်။ သံဝေဂယူတတ်ကြမည်ဆိုလျှင် လောကကား လောကဟူ၍ ပြောပြ စရာပင် ကျန်ရစ်တော့မည်မထင်။

[ ၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ]

http://www.dhammadownload.com

# ၁။ ဘုံ-ဘဝ-ဝဋ္ဋ-အာရုံ တို့က ပတ်ဖွဲ့ပေးထားခြင်း

ဒိဋ္ဌိ ဗန္ဓေန အာဗန္ဓာ တဏှာ သောတေန ဝုယှရေ
တဏှာသောတာယ ဝုယှန္တာ သဗ္ဗဒုက္ခာ နမုစ္စရေ

ကံတည်းဟူသော လှူသတ်သမားသည် သတ္တဝါတိုင်းကို ဒိဋ္ဌိတည်းဟူသော လွန်ကြိုးကြီးများဖြင့် ပတ်ဖွဲ့ချည်နှောင်လျက်က တဏှာ တည်းဟူသော မြစ်ချောင်းကြီးထဲ မျှောချပေးထားလိုက်ရာ ထိုသတ္တဝါ... လှုပ်တိုင်း မြုပ်၊ မြုပ်တိုင်း လှုပ်ဖြင့်ပင် မည်သည့်ကာလမျှ ဒုက္ခမအေး။

ယသ သတို့သားသည် ဗာရာဏသီသူဌေးသားနှင့် သေန နိဂုံးမှ သုဇာတာ သူဌေးသမီးတို့၏ တစ်ဦးတည်းသောသားဖြစ်၏။ သည်မျှမကသေး။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုယသ သတို့သားသည် တစ်ဦးတည်းသောသမီးနှင့် နှစ်ဖက်မိဘတို့က လက်ထပ်ပေးခံထားရသူလည်း ဖြစ်၏။ သည်မျှလည်းမကသေး။

ထိုနှစ်ဦးနှစ်ဖက် မိဘတို့လက်ဝယ် တစ်ဖက်တစ်ဖက်လျှင် ကုဋေ ၈၀(သန်းပေါင်း ၈၀၀) စီ ပိုင်ဆိုင်ထားကြ၏။ သို့မဟုတ် ကုဋေ ၈၀ စီ လောင်းကြေးဖြင့် ကျားကစားခံနေရသူများ။

ယသ၏မိဘနှစ်ပါးတို့ကား တစ်ဖက်တစ်ဖက်လျှင် ကုဋေ ၄၀ စီ လောင်းကြေးပိုးလျက်က စီးချင်းထိုးအနိုင်ယူခဲ့ကြ၏။ ယသကား ကုဋေ ၈၀ စီဖြစ်ရာ လောင်းကြေးပိုး တိုးသောပွဲတည်း။

အရွယ်မရောက်မီကပင် သည်မျှပစ္စည်းဂုဏ် ပြည့်ဝနေသော ယသ၊ အလုပ်မလုပ်မီကပင် သည်မျှပစ္စည်းမို့ သိုပြီးရှိနေသော ယသ၊ အလုပ်လုပ်စရာပင် မလိုအပ်တော့ပြီ။ လုပ်လျှင်လည်း အပိုပင်။ အလုပ်မရှိသူ အပျင်းကြောကြီးများ ထူလာတတ်၏။ အပျင်းကြော ထူလာသူ ကလူသူ မြူသူထားပေးရမြဲတည်း။ သို့ကြောင့် အလုပ်မဲ့ ထိုယသအတွက် မိဘတို့သည် ရုပ် အလုပ်မရှိသော်မှ စိတ်အလုပ် ရှိရန်၊ ခြေလက်တို့ အလုပ်မရှိသော်မှ မျက်စိ၊ နား၊ နှာများ အလုပ် မိရန် ဂီတပညာရှင်များ ဖြစ်ကြသော အဆိုတော်နှင့် ကချေသည် စသည် အချေ့တော်များ ငှားရမ်းပေးထားကာ အပျင်းခဲကြီးများကို အရည်ပျော်လာသည်အထိ ဖျော်ပေးခြင်း၊ အပျင်းကြောကြီး မာဖု နေသည်ကို ဖြေပေးခြင်းဟူသော ဖျော်ဖြေခြင်းကိစ္စ ဆောင်ရွက်ပေး စေကြ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



ယင်းတို့ကို သားအကြိုက်နှင့် တည့်လိုတည့်ညားဟူသော ရော်ရမ်းစိတ်ဖြင့် ငှားရမ်းထားခြင်းကြောင့် အရမ်းငှားဟူ၍လည်း ဆိုရ၏။

ထိုအရမ်းငှားထားသော ကချေသည်လေးများသည် ညည တိုင်းလျှင် အငှားရမ်းပေးကြရလေကုန်၏။

မယားအစား မယားငှားအဖြစ်ဖြင့် စကားသမ်းပေးကြရ ခြင်း၊

မယားအစား မယားငှား အဖြစ်ဖြင့် အပြုလှမ်းပေးကြရခြင်း၊

မယားအစား မယားငှားအဖြစ်ဖြင့် ဆန္ဒအကြွ ဆွပေးကြရ ခြင်း၊

ဤသို့သော လက်ရှိမယား၏စကားအပြုအစ တို့ဖြင့်ပင် အားမရဘဲ အပြကောင်း အစကောင်းမှသည် အကကောင်း အဆို ကောင်း အလှကောင်း စသည် အကောင်းတို့၏အကောင်းထက် ကောင်းသောကောင်းပေါင်းစုံတို့ဖြင့် ကောင်းအာရုံတို့ချည်း ဖြစ် အောင် စီမံပေးထားကြကုန်၏။

ယသကား နေ့ပျင်းကို ညတွင်းချင်းဖျော်ဖြေခံရသည်ကြောင့် မိမိရောက်လာရသော လူ့ဘုံ၏အတွေ့အကြုံ အကုန်မသိရရှာပြီ။ မိမိရနေသော လူ့ဘဝ၏ အဖြစ်အပျက် အချက်မသိရရှာပြီ။

သည်မျှသာမကသေး။ မိမိသုံးဆောင်ခံစားခွင့်ရ ဝတ္ထုအာရုံ တို့၌ပင် ဝတ္ထုခေါ် အာရုံတည်ရာ အတွေ့ရုပ်အားလုံးတို့အပေါ် ကိုလည်း အပြင်ဖော် ဘမ်းပြအဖြစ် တင်ပြထားသောအတိုင်း

http://www.dhammadownload.com



အပြင် မျှော်မျှော်ကြည့်ရုံမျှဖြင့် သိခွင့်ရခြင်း၊ အပြင်လှော် လှော်မိရုံမှ ဖော်ခွင့်ရခြင်းများကြောင့် တွေ့ထိခွင့်ရမှန်သမျှ ...

မျက်စိ လာထိလည်း အပျက်မရှိ။ ပကတိအကောင်းချည်း ထင်နေရှာ၏။

နား စသည်လာတွေ့လည်း တွေ့သမျှ အကောင်းချည်း ထင်နေရှာတော့၏။

မိမိ၏ကိုယ်စိတ်တို့ လှုပ်ရှားရာ၏ လှုပ်ရှားခြင်းဖြင့် လိုသလို ပါလာကြသော ထိုပြင်ပ ဝတ္ထုတို့၏အကြောင်း အကောင်းချည်း ဖြစ်နေရှာပြီ။

တစ်ဖန် အာရုံခေါ် အဆင်း စသည်အရိပ်အယောင်များတို့ အပေါ်ကိုလည်း

တန်းချိတ်ပြထားသော အနီရောင်ကပ် ပိတ်စကို ပိတ်စမမြင် အနီကိုသာလျှင် ကွက်မြင်နည်းပမာ၊

လက်တွင်းရောက် အနီရောင်တင်ပိတ်စကို ပိတ်စမသိ။ အနီကိုသာလျှင် အသိရှိနည်းပမာ၊

ကချေသည်မလေးများ၏ ကိုယ်ခန္ဓာဝယ် အသွေး၏ အရောင်ပြ အသားများအပေါ် အရောင်ကျနေသည်များကိုလည်း တကယ်ရှိသော အဆင်းရူပကာ၊ တကယ်ပါသော အသံရူပကာ စသည် အမြင်များဖြင့် အဆင်းလှ အသံကောင်း အနံ့မွှေး အရသာရှိ အတွေ့ နူးညံ့၏ဟူ၍ပင် အသိရောက်နေရှာ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



သည့်အတူ ၎င်းတို့၏ကိုယ်ပေါ်ဝယ် ဖုံးလွှမ်းဝတ်ဆင်ထားကြသော အဝတ်အစားစသည်များကိုလည်း ကောင်းသောအကောင်းချည်း ထင်နေရှာ၏။

ထို ယသ ရနေသော ဘဝနှင့် ယသ ရောက်နေရာ ဘုံသည်

ထို ယသ အဖို့ နှစ်မြို့သာယာစရာချည်းဟူ၍ အထင်ရောက်နေရှာပြီ။

တစ်ဖန် ထိုယသ တွေ့ထိခွင့်ရဝတ္ထုများနှင့် ခံစားခွင့်ရ အာရုံစုံအဖုံဖုံတို့သည်လည်း မွေ့လျော်ပျော်စရာချည်း ဟူ၍ အထင်ရောက်နေရှာပြီ။

တစ်နေ့... ယသက အရင်မေ့၊ ကချေသည်မများက နောက်နေ့ဖြစ်သွားစေခဲ့ပြီ။ ယခင်ညညများ၌ကား ယသကနောက် ကချေသည်မ တို့က အရင်ပျောက်ခဲ့ကြသည်။

ထိုစဉ် သခင်လေး အိပ်မောကျသွားပြီဆိုသည်နှင့် ကချေသည်မလေးများလည်း သခင်၏အနိုးစောင့်သောအားဖြင့် သခင်၏ရှေ့ သခင်အား ကပြဖျော်ဖြေရာ ကြမ်းပြင်ခင်းပေါ်၌ပင် အိပ်ရင်းစောင့်ကြရာ အမောနောက် အမေ့ဖောက်လာရကား ယင်းတို့လည်း အိပ်မောကျသွားကြလေပြီ။

ယသကား တစ်နေကုန် အပျင်းခဲ စီးတွဲနေသည်က တစ်ကြောင်း။ ကချေသည်အဆိုတော်များနှင့် နောက်ခံအတီးအမှုတ်များက မည်မျှပင် ဆန်းသစ်လှပ အနုအရွချည်း ဖြစ်နေစေကာမူ ကပွဲဆိုသော နဖူးစည်းအစွဲက တစ်မျိုးတည်း ဖြစ်နေသည်ကတစ်ကြောင်း။

နတ်တလှူစာစဉ်

http://www.dhammadownload.com



တစ်ဖန် တဏှာဟူသော သူသဘောသည် ချဉ်ချင်းတပ်တုန်းသာ မက်လေ့ရှိပြီး မတပ်က မမက်တော့ပြီက တစ်ကြောင်းကြောင့်

ယသ၏တစ်နေကုန် အပျင်းခဲ ထိုကချေသည်တို့ ဘယ်လိုပင် အတင်းစွဲစွဲ ဘယ်လောက်ပင် ဖျော်ပေးနေနေ။

ယသ၏ အပျင်းထူ အပူစု ခန္ဓာတွင်းနေ အကြိတ်နှင့် အကြောအဖုများကို ထိုကချေသည်တို့ ဘယ်လိုပင်ဖြေ၍ ဘယ်လောက်ပင် ထေပေးပေး။

ထိုယသ၏ခန္ဓာသည် အပျော်မှအရှင် အရှင်မှအလှုပ် တစ်သုတ်ပြီးတစ်သုတ် အရွေ့အပြောင်း အလုပ်မလုပ်ကြတော့ရကား၊ ယနေ့

– ကြည့်ရင်း မလှုပ် ငုတ်တုတ် အိပ်ပျော်သွားတော့ပြီ။

– ကြားရင်း မလှုပ် ငုတ်တုတ်ပင် အိပ်ပျော်သွားတော့ပြီ။

စိတ်မပျော် အိပ်ပျော်သွားသည်မှာ ဓမ္မတာတစ်ခုတည်း။

ညလယ်သန်းခေါင် အကာလ တိတ်ဆိတ်ရိုန် ဆောင်ရာအရောက်တွင်ကား မအိပ်စဖူး စောစောစီးစီး အအိပ်ကျူးသွားသော ထိုယသ၊ မနိုးစဖူး စောစောစီးစီးပင် အနိုးထူးလာခဲ့ရပြီ။

ထိုစဉ် မနိုးသေးသော ကချေသည်မများကလည်း သက်ဝင်လှုပ်ရှားခြင်းမရှိ၊ ဖုံးဖိပေးထားသော အပေါ်လွှမ်း ဝတ်စားတန်ဆာဒွါရရာများကလည်း ကွာသည်က ကွာ၊ လန်သည်ကလန်ဖြင့် ကိုယ်ကာယ၏ နဂိုဟန်လှန်ပြနေဘိ၏။ မူရာသရုပ် အမျိုးမျိုးထုတ်ပေးနေသော ကချေသည်တို့ရှိ စိတ်သညာများလည်း အသိမဲ့ အမှတ်မဲ့

http://www.dhammadownload.com



ဖြစ်နေကြရကား အချို့ကယောင်ကတမ်း ယောင်ရမ်းအော်၊ အချို့စင်းစင်း အချို့စောင်းစောင်း အချို့ကွေးကွေး အချို့ တစ်ဖက်ထောင် တစ်ဖက်လဲ၊ အချို့တစ်ဖက်ကွေး တစ်ဖက်ဆန့်၊ ရုပ်ပျက်ဆင်းပျက် ပုံမှန်ပျက်များဖြင့် မူလအရှိ ပကတိကို အတည့်သရုပ် ထုတ်နှုတ်ပြသနေကြပြီ။

ထိုအချိန် ထိုယသဒ္ဓ တစ်ချိန်က (တစ်ဘဝတုန်းက) အသုဘ လိုက်ပို့ရင်း သုသာန်မြေအရောက် တုံးလုံးပက်လက် အခြေပျက် အနေပျက် သာယာစရာ အလှအပသို့ မသက်တော့သော သူသေကောင် အလောင်းများကိုကြည့်လျက်က ငါလည်းပဲ ဟူသောသညာဖြင့် ထိတ်လန့်မှုတစ်ခု စိတ်သို့သက်စေခဲ့သော ပါရမီဓာတ်သက်က အတက်ပေါက်၍ လာချေတော့၏။

အကာလ၏ ညတိတ်ဆိတ်ခြင်းများကလည်း ထိုယသအား မြွေပူရာ ကင်းနှောက်ပမာ ဝိုင်းခြောက်လှန့် နေကြပြန်၏။

ကချေသည်မများ၏ မလှပ်သော သရုပ်များကလည်း ထိုယသအား တွေ့လား ဒါနောက်ဆုံးပဲ ပြောပြနေကြသည်အလား ကြိုဆိုပြသထားနှင့်ကြပြီး ဖြစ်၏။

ယသထံရှိ ငုတ်နေသော ပါရမီဉာဏ်အုပ်ကလည်း မိမိစိတ်မှတစ်ဆင့် မိမိခန္ဓာစုံ အကုန်စလုံးကို အကြိုက်ကိုအကြိုက်နှင့်လိုက်၊ အကြိုက်အကြိုက်ချင်း တိုက်၍ ကြိုက်ညှဉ်း ညှဉ်းသမျှ စင်းခံနေရသည်ကိုလည်း စဉ်းစားမိလာ၏။ အကြောက်ဝင်နေသဖြင့် အကြိုက်မဝင်သာချိန် ပါရမီက ဝင်ရောက်ရှင်းပြနေခြင်း၊ တစ်ဖန် အကြိုက်

http://www.dhammadownload.com



အကြိုက်ချင်းဖက် အဖျက်ခံနေပါသည်ကိုလည်း စဉ်းစားမိလာပါ၏။ အလှန့်ဝင်သဖြင့် အကြိုက်လန့်စင်နေချိန် ပါရမီက ဝင်ရောက်ရှင်းပေးနေခြင်း။

ထိုအခါ အမှတ်မဲ့စဉ်က ဒိဋ္ဌိအဖွဲ့ ချည့်နဲ့ ချည့်နဲ့ဖြစ်လာ၏။ အမှတ်မဲ့စဉ်က တဏှာအပေါ် အမျှောလည်း ပေါ်လောပေါ်လောပေါ်လာ၏။ ထိုအချိန် ထိတ်လန့်စိတ် နောက်မှနေ အမှတ်မိလာသော သတိက အားကုန်ဟောက်၍ စွဲလန်းစိတ်နှင့် စွဲလန်းရုပ်များကို ငေါက်ထုတ်လိုက်ချေရာ

ခင်းတို့ ငါ့ကို ဝိုင်းညှဉ်းဆဲနေကြပြီ။

ခင်းတို့ ငါ့ကို ဝိုင်းဖျက်ဆီးနေကြပြီ။

ထိုစကားနှစ်ခွန်း ပါးစပ်သို့ ဒလတွန်း တိုးထွက်လာစေခဲ့ပြီ။

ထိုသို့ ပါးစပ်မှ ရေရွတ်မြည်တမ်းရင်းကပင် ထိတ်လန့်စိတ်သည် ကိုယ်ကို အိမ်ပြင်သို့ ထွက်စေခဲ့ပြန်သည်။ တစ်ဖန် အိမ်အပြင်ရောက်သောအခါ ခြံအပြင်သို့ ထွက်စေလိုက်ပြန်သည်။ တစ်ဖန် ခြံအပြင်ရောက်သောအခါ ဗာရာဏသီ၏ပြင်ပသို့အထိ ထုတ်လွှတ်လိုက်တော့သည်။

တစ်ဖန် ဗာရာဏသီ ပြင်ပအရောက်တွင်လည်း ဘုရားရှင်ရှိရာ မိဂဒါဝုန်တောအပေါက် ထုတ်ခေါ်လာခဲ့ကြပြန်သည်။

အကြောက်စိတ်သည် ကိုယ်ကို ထုတ်ခေါ်လာခဲ့ခြင်းနှင့်အတူနှုတ်သို့လည်း စကားနှစ်ခွန်း တွန်းပို့ပေးနေ၏။

ခင်းတို့ ငါ့ကို ဝိုင်း ညှဉ်းနေကြသည်။

နတ်တလှစာစဉ်

http://www.dhammadownload.com



ဒင်းတို့ ငါ့ကို ဝိုင်းဖျက်ဆီးပစ်နေကြသည်။ ထိုစဉ်
'ယသ သည်မှာ ညှဉ်းမယ့်သူ မရှိဘူး၊ သည်လာခဲ့။'
'ယသ သည်မှာ အဖျက်လွတ်သည် သည်ကိုလာခဲ့။'

အေးမြသောအသံနှင့် အားရစရာကောင်းသော ထိုစကားနှစ်ခွန်းကို ကြားလိုက်ရသောအခါ ယသသည်

ရန်သူအလိုက်ခံနေရသူ လုံခြုံစိတ်ချရသော ပုန်းခိုကျင်းကြီးတစ်ခု ဘွားခနဲ တွေ့ရဘိသို့လည်းကောင်း

အားကိုးရာမဲ့နေသူ အားကိုးရလိုက်ဘိသို့လည်းကောင်း

နားခိုစရာမဲ့နေသူ အနားပေးရာ ရလိုက်ဘိသို့လည်းကောင်း အလွန်မှ လွန်သွားသော အားတက်ခြင်းနှင့်အတူ အသံလာရာဆီသို့ အပြေးချဉ်းကပ်သွား၏။ ထိုအချိန် ဘုရားရှင်သည်ကား တစ်ပါးတည်းတည်းပင်။

ဘုရားရှင်သည် ပထမသာသနာ၏ ပဥ္စဝဂ္ဂီတို့အား တရားဦးဖြင့် ဟောချတ်ပြီးကာ တစ်ပါးတစ်ပါးလျှင် ဒေသတစ်ခုတစ်ခုကျစီဖြင့် သာသနာစေလွှတ်ထားသဖြင့် တစ်ပါးတည်းနေချိန်ဖြစ်၏။

ယသ... ဘုရားရှင်၏အနီးသို့ ရောက်လာသောအခါ ဦးစွာကိုယ်ခန္ဓာ၏ အမောပြေရာ သောက်ရေသုံးရေ စသည်များသုံးရန် ညွှန်ကြားတော်မူ၏။ ထို့နောက်

စိတ်ခန္ဓာ၏အမောပြေရာ (အနုပုဗ္ဗိက ကထာ – အစဉ်လိုက်ရှေ့သို့ချီတက်၍တက်၍ အညွန့်ထွက်စေသော တရားစကား)ကို တရားဦးအဖြစ် ဟော၏။ ယင်းကား

http://www.dhammadownload.com



၁။ ဒါနကထာ

ဒါနသည် အကျိုးကြီးမား၏။ သို့တိုင် စပြုလုပ်ကတည်းက တစ်ဖက်နှင့်လည်းတွဲ ဝန်းကျင်နှင့်လည်း တွဲကာ ပြုလုပ်ခဲ့ပြီး၊ တစ်ဖက်ပုံနှင့်ဂုဏ် အာရုံပြုရာမှ ရွှင်မှု သောမှုကို ရစေတတ်ခြင်းကြောင့် ယင်းအကျိုးခံစားခွင့်ရသော ဘုံဘဝများ၌လည်း တစ်ဖက်၏ဝတ္ထု အာရုံတို့၏ အဖျက်မကင်း၊ အညွှင်းမရပ်တတ်။

၂။ သီလကထာ

သီလသည်လည်း ဒါနထက်ပင် အကျိုးကြီး၏။ သို့တိုင်လည်း တစ်ဖက်ပုံနှင့် ဂုဏ်တို့လာရောက်၍ ဖျက်ရာ ညှဉ်းရာတို့၏ အောင့်လျက်က စည်းစောင့်ထားခြင်း ဖြစ်ခြင်းကြောင့် ဉာဏ်မပါသော သီလရှင်မှန်သမျှ အမြို့အကောက်ဘဝသို့သာ ရောက်တတ်လှစွာ၏။ တစ်ဖက်၏အဖျက်အညှဉ်းကား စည်းနားကပ်ရုံမျှဖြင့် ပြေသွားတတ်၏။

၃။ သဂ္ဂကထာ

နတ်ပြည်သည် လူ့ပြည်ထက် အကျိုးများ၏။ သို့တိုင်လည်း ကံသစ်အလုပ်လုပ်ရန် မလိုသလောက် ကံဟောင်းအထုပ်အကျိုးပေးသရုပ်ကိုသာ ကျားကုတ်ကျားခဲ လုပ်နေကြတော့ရာ

တစ်နေ့လာလည်း ကာမအပျက် အညှဉ်းပွဲကျင်းရင်း အချိန်ကုန်ကြရ၏။

တစ်နေ့လာလည်း ကာမတွင်း တစ်လှည့်စီဆင်းရင်း အချိန်ကုန်ကြရ၏။

## နတ်တလူစာစဉ်

http://www.dhammadownload.com



ကံရှိန်ကုန် အောက်ဘုံပြန်ခဲ့ရသဖြင့် အပါယ်ဒုက္ခမှလည်း မလွတ်။

၄။မဂ္ဂကထာ

သောတာပန်၏အဖြစ်သည် အကျိုးကြီးမား၏။ သို့တိုင်လည်း ကာမဘက် သွေးတက်နေသူ၏ အလိုကို လိုက်နေရသေး၏။ ကိုယ်တိုင်လည်း ကာမသွေးတက်လျက်ပင် ရှိချေသေး၏။ အပါယ်ဘုံခံ ပြန်ရန်မလိုတော့သဖြင့် ကောင်းသော်လည်း ကာမဘုံ–ကံဆုံကံတိုက် လိုက်နေဦးမည်ဖြစ်၍ မကောင်း။

၅။ကာမာနံ အာဒီနဝ ကထာ

သကဒါဂါမ် အနာဂါမ်တို့၏ အဖြစ်သည် အလွန်အကျိုးကြီးမား၏။ သို့တိုင်လည်း ကာမဂုဏ်၏ အပြစ်မျှကိုသာ မြင်တတ်လှပြီး ဘဝဂုဏ်၏အပြစ် မမြင်သေးရကား ဗြဟ္မာဘုံဘက် ခရီးဆက်လျက်က တစ်ဦးတည်းတည်း ကမ္ဘာကုန်အထိ သက်တမ်းရှည်နေရမည်ဖြစ်ရာ ဘဝဒုက္ခမှကား မကင်းတတ်။

၆။နေက္ခမ္မာ နိ သံသကထာ

ရဟန္တာ၏အဖြစ်သည် အကျိုးကြီးမား၏။ ယင်းသည်သာ အပါယဒုက္ခ ကာမဒုက္ခ ဘဝဒုက္ခ ဒုက္ခစုံ အကုန်လွတ်ခွင့်ရသဖြင့် ယင်း၏အကျိုးအာနိသင်ကား

ကိုယ်ကလည်း သူတစ်ပါးများအပေါ် မညှဉ်း၊ မဖျက်၊ မေတ္တာဝင်သက်သက်ဖြင့်သာ နေနိုင်တော့၏။

http://www.dhammadownload.com



သူကလည်း ကိုယ့်မြင် ညှဉ်းရန် ဖျက်ရန်စိတ် မရှိ၊ ပကတိသော စိတ်ဖြင့်ပင် မေတ္တာစိတ် ယိုဖိတ်နေမည်သာ ဖြစ်စေ၏။

သို့ကြောင့်

အဖျက်ကင်းသောနေရာသည် အရဟတ်နေရာတည်း။

အညှဉ်းရပ်သောနေရာသည် အရဟတ်ရှင်၏အဖြစ်တည်း။

ထိုစကားတော်အဆုံးမှာပင်

ထို ယသ –သောတာပန်ဘဝဖြင့် ဉာဏ်အလင်းရသွားခဲ့ချေပြီ။

မိဘတို့ကား သားပျောက်သဖြင့် ခေါင်းနောက်နေကြရ၏။ မြင်းစီးကောင်းလေးဦးတို့အား အရပ်လေးမျက်နှာသို့ စေလွှတ်ကြရ၏။

ဖခင်ကိုယ်တိုင်မှာမူကား အများ ဖိနပ်ရာနှင့်မတူသော ယသစီး ရွှေဖိနပ်ခြေရာကို လိုက်လံကာ ခြေရာကောက်လျက်ကသားပျောက်ကို ရှာဖွေရာ မိဂဒါဝုန်တောအတွင်း ချဉ်းကပ်မိလာချေပြီ။ ထိုစဉ်

ဘုရားရှင်သည် ယသကို ချက်ချင်းတွေ့ ဆွေ့သောစိတ်ကထိပ်တက်ဆောင့်မည်။ ထိုအခါ အကျိုးမဲ့ဖြစ်တော့မည်ကို သိတော်မူမြင်တော်မူသဖြင့် ယသအား တန်ခိုးတော်ဖြင့် ကွယ်ပေးထားလိုက်၏။

ယသ ဖခင်ကား သားဘယ်မှာလဲ၊ ဘုရားချဉ်း သားသတင်းတွတ်တွတ်မေးနေ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



သင့်သား တွေ့ရမှာပေါ့၊ သူဌေးကြီး ခဏနားပေဦး။

သောက်ရေသုံးရေများသုံးကာ ခေတ္တသည်မှာထိုင်စောင့်။

ထိုအခါ ယသ ဖခင်သည် တွေ့ရမည် ထိုင်စောင့်ဆိုသော စကားကြောင့် စိတ်ချလက်ချ ထိုင်ချလိုက်၏။ သို့နှင့်ပင် အမောပြေစေ၏။

အမောပြေလောက်သည်နှင့် ယသ၏ဖခင်အားလည်း ယင်း အနုပုဗ္ဗိက ကထာကိုပင် ဟောပြတော်မူ၏။

ထိုစဉ် ယသကား ဒုတိယမ္ဂတရားနာခွင့်ရချိန်

စတုတ္ထမ္ဂိ မဂ်လေးဆင့်မြောက် အရဟတ္တဖိုလ်သို့ရောက် သွားစေပြီ။

ယသ၏ဖခင်ကား သောတာပန်အဖြစ်ဖြင့် ဉာဏ်အလင်း ဒိဋ္ဌိ နှောင်ကြိုးရင်း ဖြတ်ခွင်းလျက်က ချဉ်းမိသွားပြီ။

ထိုအခါ ယသအား တွေ့ခွင့်ပေးလိုက်ရာ သား မင်းရဲ့ အမေရဲ့အသက်ကို ပေးပါသားရဲ့ ဆို၍ ငို၏။

ထိုစဉ် ဘုရားရှင် ကြားဝင်၍ စကားပြောရပြီ။

သူဌေးကြီး သင်၏သား ဒိဋ္ဌိအနှောင်အဖွဲ့မှလည်း လွတ် သွားပြီ။

တဏှာရေယဉ်ကြောလည်း မျောခြင်းကင်းပြီ။

ထိုစကား သူဌေးကြီးကြားလိုက်ရသောအခါ အလွန်ကို လွန် သွားသော ပီတိသောမနဿဇောများ ကျရောက်လာပြီ။

ချစ်သား သင့်ဘဝ အရတော်ပေစွ။

http://www.dhammadownload.com



ချစ်သား သင်ကား လူ့ဘုံလာရကျိုးနပ်ပေစွ။

ထိုသို့ ဥဒါန်းကျူးရင့်ကာ အိမ်သို့လိုက်၍ ဆွမ်းများ ဘုဉ်းပေးတော်မူကြပါရန် ပင့်ဖိတ်၏။ ယသလည်း ဖေဟိ ဘိက္ခု စကားတော်ဖြင့်ပင် ရဟန်းအသွင်ချက်ချင်း ပီပြင်လာ၏။

အိမ်သို့ရောက်၍ ဆွမ်းကိစ္စများ ပြီးမြောက်သောကာလ၊

ယင်းအနုပုဗ္ဗိက ကထာကိုလျှင် ထပ်မံဟောပြတော်မူရာ

သုဇာတာ သူဌေးသမီးလည်း သောတာပန် ဖြစ်ခွင့်ရပြီ။

ယသ၏မယားဟောင်းလည်း သောတာပန် ဖြစ်ခွင့်ရပြီ။

ထိုနှင့်တစ်ဆက်တည်း ယသ၏ထိုသတင်း ယသသူငယ်ချင်းများ ကြားသိသွားကြလေရာ ယင်းတို့လည်း လိုက်လာကြ၏။ ထိုစဉ်

သူငယ်ချင်းလေးဦး မိတ်ဆွေငါးဆယ့်ငါးဦး ထိုငါးဆယ့်ကိုးဦးတို့ပါ ရဟန်းဘဝသို့ ဝင်လာကြပြီး အားလုံးပင် ရဟန္တာများချည်းဖြစ်လာကြပြီ။ ယသကား သာသနာတော်ဝယ် အရှင်မဟာယသဟူသော ဘွဲ့ထူးဂုဏ်ထူးကြီးဖြင့် သာသနာ့မော်ကွန်းဝင်တစ်ဦးဖြစ်ခဲ့ရချေပြီ။

ဤကား ဘုရားရှင်၏ဒုတိယမြောက် သာသနာပြုခရီးတည်း။

●

http://www.dhammadownload.com



ယသ ဆိုသော ထိုစကားသည် အခြံအရံနှင့် ပြည့်စုံသူ သို့မဟုတ် အခြံအရံ မက်မောသူ ဟူသော ဤအဓိပ္ပာယ်နက်ကို တာဝန်ထမ်းရွက်၏။

သို့တစေလည်း ထိုအရှင်မဟာယသကား ယနေ့ အခြံအရံများ မမက်ပြီ။ အခြံအရံဘက်က ဆက်သော်မှ ဖျက်သောအခြံအရံများ ညှဉ်းသောအခြံအရံကား မဟုတ်ပြီ။

သို့ကြောင့် ယခင်က ယသ အမည်ရသော်လည်း ယခုသော် အယသ အခြံအရံမမက် စာရင်းသွင်းရပြီ။

ယနေ့ ထိုယသအစား အညှဉ်းအဖျက် နှစ်သက်တတ်သူ ခေတ်ပေါ် ယသတစ်ပါး အစားထိုးဝင်ရောက်လာပြီ။ သို့ကြောင့် ယင်းကို ယသ သို့မဟုတ် ဦးခြံမက် အမည်ပေါက်စေပြီ။

ဤဦးခြံမက်ကြီးကား ထိုဦးခြံဖျက်နှင့် ဆန့်ကျင်ဘက်တည်း။

ခြံဖျက် ယသ သူဌေးသားကား ခြံကိုကျော် သာသနာတော်သို့ဝင်ရောက်လာခဲ့ပြီး ဤဦးခြံမက်ကြီးကား သာသနာတော်ကျော် ခြံပေါ် ခုန်ချလိုက်သောသူတည်း။

သို့ဖြင့် ဤဦးခြံမက်ကြီးသည် လူလူချင်းဆုံခွင့်ရရာ ဘုံဂေဟာ မည်သော မြို့တော်ကြီးတွင် လူအဖြစ်ဖြင့် ဝင်ခိုလိုက်၏။ လူ့ဘဝ လူလူချင်း ခြံတွင်းကျဖြစ်ရာ ဘဝမည်သော အမျိုးသမီးများ အလုပ်လုပ်သောနေရာတွင် ဝင်အလုပ်လုပ်၏။ အလုပ်ရှင်၏မွေးစားသား အမည်ခံယူလိုက်သေး၏။

ထိုအမည်ဖြင့်ပင် ထမင်းကျွေး ကျွန်ခံဘဝရောက်ခဲ့ရပြီး

http://www.dhammadownload.com



အောက်ခြေသိမ်း အကုန်ကုန်းကျုံးလုပ်ရရာ အမည်တွင်ရာမှာတော့ သူ့ဒွေးလူ၊ လုပ်ရာမှာကျ အမွေးတူမျိုးသာ။

သို့သော်လည်း ကိစ္စမရှိ ပျော်ပါ၏။ ပျော်စရာများကလည်း ဝဲဘက်လှည့်လှည့် ယာဘက်လှည့်လှည့် အပြည့်၊ သို့တိုင် ပြည့်သာ ပြည့် လှည့်ကြည့်ဝံ့ခြင်းကား မရှိ။

ဦးခြိမက်၏အားနည်းချက်ကား အရှက်အကြောက်ကြီးခြင်း ပင်တည်း။

ဦးခြိမက်၏အားသာချက်ကား ပြုံးရွှင်ပြတတ်ခြင်းပင်တည်း။

ထိုစဉ်၏ ဦးခြိမက် ပုံစံ့ဂလည်း နှာတံပေါ်ပေါ် မျက်မှန်တပ် ပုံစံကြောင့် မျက်နှာကား 'ကောလိပ်ဂျင်'၊ သာသနာ့ဘုံမှ ခုန်ချလာ ကာစကြောင့် ခေါင်းကြည့်သော် ကား 'ချီးဘူး'၊

**မှတ်ချက်** – ထိုနှစ်ဦးသည် ထိုခေတ်က ရပ်ရှင်လောကတွင် ရေပန်းစားလျက်ရှိသော ဇာတ်လိုက်နှင့်လူရွှင်တော်များ ဖြစ်ကြ သည်။

သို့ကြောင့် အမျိုးသမီး လုပ်သားများက မထိတထိပြောင်ကြ စကြလေသောအခါ ကိစ္စမရှိဘူး၊ အခုသာ ချီးဘူး တော်ကြာ ကောလိပ်ဂျင် ဖြစ်လာမှာဟူ၍ပင်တည်း။

ထိုသို့ စကြပြောင်ကြလေတိုင်း ဦးခြိမက်အနေခက်၏။ အမျိုးသမီး တောရိုး တောတိုးဖူးခြင်း မရှိခဲ့သူပီပီ ထိုအမျိုးသမီးများ အကြားမှဖြတ်လျှောက်သွားရာမှာပင် ခြေတုန်တုန် လက်တုန်တုန် ဖြစ်မိ၏။ လူရှေ့သူရှေ့ နာမည်အော်ဟစ် အခေါ်ခံလိုက်ရလျှင်ပင်

http://www.dhammadownload.com



ခေါင်းနပမ်းကြီးလေ့ရှိ၏။ သို့တိုင် ကိစ္စမရှိ၊ ပျော်ပါ၏။ စိတ်ကား လေမှာဝဲ၍ သဲပြင်ကြည့်။

နှောင်သောအခါ ပြုံးပြတတ်သောမျက်နှာ၏ ရလဒ်ကား ပေါ်လာခဲ့ချေပြီ။ ယင်းကား အလုပ်ရုံအမျိုးသမီးထု၏ ချစ်မြတ်နိုးခြင်းကို ခံရခြင်းပင်တည်း။

အချို့က ဖုန်းဆက်၍ ချစ်ရေးဆို၏။

အချို့က အိမ်လိုက် ထမင်းစားရန်ခေါ်၏။

အချို့က ရုပ်ရှင်အတူကြည့်ရန် ခေါ်၏။ သို့တိုင်

စိတ်ကသာနှစ်သက်၊ ကိုယ်ကား အရှက်ကြီးလွန်းနေသောကြောင့် လိုက်လိုလှပါသည်။ သူတစ်ပါးအလုပ်ဝင်လုပ်နေရသူ ဖြစ်နေပါသဖြင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ပါခင်ဗျာဖြင့် ပွဲသိမ်းခဲ့ရသည်ချည်းသာ။

တစ်ဖန် အလုပ်ရှင်များ၌လည်း သမီးပျိုတစ်ရှည်း ရှိချေသေးရာ ယင်းတို့၏ အရေးပေးခြင်းကိုလည်း ခံယူရပြန်ပါ၏။ အလုပ်ရှင်များ ကိုယ်တိုင်ကလည်း သည်ဦးခြိမက်ကြီးအပေါ် ချစ်မြတ်နိုး၏။ အားကိုး၏။

ဘာမှ ပူဆာခြင်းမရှိ နေတတ်သောကြောင့်ကား ချစ်မြတ်နိုး၏။ ပွေနှောက် ဖောက်ခြင်း ကင်းသောကြောင့်လည်း ချစ်မြတ်နိုး၏။

စာရေးအလုပ်၊ စာရင်းကိုင်အလုပ်၊ အရောင်းအဝယ်အလုပ် လာသမျှများနှင့် ဆက်ဆံရသောအလုပ် ဘက်စုံသောကြောင့်ကား အားကိုး၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



သို့ကြောင့် သည်ဦးခြံမက်ကြီးနှင့် မကင်းသူများက သည်ဦးခြံမက်ကြီးကို မောင်စန်းပွင့် ဟူ၍ပင် ခေါ်ခဲ့ကြလေပြီ။

သည်နည်းဖြင့် တစ်နှစ်ကျော်ကျော် ကြာညောင်းလာခဲ့ပြီ။ ထိုတစ်နှစ်ကျော်အတွင်း ရမ္မက်သွေးကို ရှက်သွေးက နှစ်မြှုပ်ထားဆဲ ရှိချေရာ၊ ထိုရှက်သွေးက ခြောက်သဖြင့် ကြောက်ကြောက်နှင့်ပင် အချိန်ကုန်ခဲ့ပြီ။

နောက် နှစ်နှစ်မြောက် ရောက်လေသောအခါတွင်မူကား

တစ်ဖန် ရှက်သွေးကို ရမ္မက်သွေးက မျိုပစ်လိုက်တော့ချေရာ၊ ရမ္မက်သွေးမြောက်သဖြင့် မကြောက်တကြောက်သို့ ရောက်လာခဲ့ချေပြီ။

ထိုသည့် ရှေ့တစ်နှစ်နှင့် နောက်တစ်နှစ်တို့အတွင်း ဦးခြံမက်၏ အတွင်းစိတ် စာရင်းပိတ်လက်ကျန် ကောက်ကြည့်ရပါမူ

ပထမနှစ်သည် လူ့ဘုံလူ့ဘဝတို့အရှိန်ကလည်း ခြောက်လှန့်၊ တစ်ဖန် ခြံလှောင်ဝတ္ထုနှင့် အာရုံတို့၏ ဂုဏ်ကလည်း အစွမ်းပြ။ သို့ကြောင့် သွေးလှန့်သွေးကြောင် သွေးများ ဗလောင်ဆူနေချိန် ဖြစ်၏။

ထိုသည့်သွေးများ မအေးသေး မတိတ်သေးသောကြောင့်ပင် အလုပ်ရုံပိုင်ရှင်အဘိုးက ခြံရှင်သမီးကြီးနှင့် သို့မဟုတ် သမီးကြီး၏ ခြံသို့ပင်ရန် စကားလမ်းခင်းပေး၏။

သမီးကြီး၏ခြံတွင်း မောင်ခြံမက်အား သွင်းထားပေးပြီး

http://www.dhammadownload.com



အဘိုးသည် မောင်ခြိမက် မခြိရှင်တို့၏သားသည် အလုပ်ရုံကြီး မှိုနိုရင်း အတူနေလိုကြောင်းပါ ပါ၏။

သို့နားသွင်းသော်လည်း မောင်ခြိမက်ကား အရှက်ကလှန့် သွေးကလန့်ကြောင့် မလှုပ်မိ။ ခေါင်းညိတ်ရန်သော်လည်းကောင်း၊ ခေါင်းခါရန်သော်လည်းကောင်း စိတ်မရောက်မိ။ စိတ်သည် ခြိကပ် ခြိမြင် ခြိခင်ရုံမျှသာ၊ သို့မဟုတ် စွဲမှန်းမသိသော အစွဲဖြင့် အတူနေ အတူစားများနှင့် အထိကား ငြိနေပြီဖြစ်ခြင်း။

ဤဒုတိယမြောက်နှစ်သည်ကား လူ့ဘုံကိုလည်းယုံ။ လူ့ဘဝကလည်း အသားကျ၊ တစ်ဖန် ခြိရှင်တို့ရှိ ဝတ္ထုအာရုံတို့ကလည်း ပုံကျပန်းကျ ပြသနေပြီဖြစ်ရာ ဦးခြိမက်ကား အစသော် ဦးခြိမက်မှ မောင်ခြိပက်သို့ အမည်ခံ ပြောင်းလိုက်ပြီ၊ ခြိရှင်နှင့်ခြိဝင် မောင်နှင့်မ ဟူသော နာမည်စဉ် အသွင်တူရန်တည်း။

သည့်နောက် မောင်ခြိမက်မှသည် မောင်ခြိခင် အဖြစ်သို့ပါ အမည်ခံထပ်၍ ပြောင်းလိုက်ပြီ။ ခြိခင် ခြိဝင်ရန် ဟန်ပြင်လာပြီဖြစ်ခြင်းကြောင့်တည်း။

ထိုစဉ် ခြိရှင်သမီးကြီးကား စကားဖြင့် စသလိုလို ပြောင်သလိုလုပ်ကာ စကားလမ်းခင်း၏။ မောင်ခြိခင် ရှက်ရဘိခြင်း။

ခြိရှင်သမီးငယ်ကား ကိုယ်ထိလက်ရောက် အရေးပေး၏။

မောင်ခြိခင် လူကြီးများ အဟောက် ကြောက်ရဘိခြင်း။ သည့်နှယ် မြင်း မလှုပ် ခုံများကချည်း လှုပ်ပြနေချေရာ စိတ်သည် ယိုလာ၏။

http://www.dhammadownload.com



အတူနေအတူစားအပြင် အလုပ်၌လည်း အတူတူလုပ်နေရသော ခြံရှင်သမီးကြီးအပေါ် ပို၍စိတ်လျော့များနေ၏။ သမီးကြီးကား လူကြီးပိုး ပိုးတတ်သော အလေ့ရှိချေရာ၊ ထိုလျှင် ငြိမ် ဣန္ဒြေကား ကြီးလွန်း၏။ စကားစဖြင့် မောင်ခြိမ်ခင် စမည်ကြံတော့ ဟန်တစ်ခွဲသားကြီးနှင့် ... ။

သို့ကြောင့် လူငယ်ချင်း ကံမလိုက် လူကြီးနှင့်တိုက်အံ့ကြံရွယ်ကာ အဘွားအား နားသွင်း၏။(ခြံငယ် ခြံကြီး မတရှည်း ခြံကြီးမကို လိုချင်ကြောင်းဖြင့်) အဘွားကလည်း 'အေးအေး ငါ ပြောပေးမယ်' ဖြင့် ချွေးသိပ်၏။

ထို့နောက် ခြံကြီးမကလည်း စွဲလန်းခြင်းသည် ဥပါဒါန်မည်၏ ဆိုသော ညောင်လေးပင် ဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်အရသာထဲမှ အရကောက်ကို ပါးစပ်မှ ရေရွတ်ကာ မောင်ခြိမ်ခင်ထံ လာ၏။

သူ့အစား ခြံငယ်ဝင်ရန်ပြော၏။ သည်ဘက်က ခေါင်းခါ၏။

သူ့အစား တစ်မြို့နေ ခြံငယ်နှင့် ပြော၏။ မရ သည်က ခေါင်းခါပြ၏။

သူ့အစား တခြားအိမ်နေ ခြံငယ်နှင့် ပြောပြန်၏။ မရ၊ ခေါင်းခါမြဲခါ၏။ သို့ဖြင့် လိပ်ခဲတင်းလင်း ဟင်းချသက်ပြင်း အားပြင်းလာ၏။

သည်အထဲ ခြံငယ်က သူ့ခြံဝင်ရန် အတင်းပူဆာလာပြန်၏။

ထိုမျှမကသေး၊ လူကြီးများ သဘောမတူ၊ အတူထွက်ပြေးရန်အထိ ပါလာ၏။ မောင်ခြိမ်ခင်ကား ခြံကြီးမမြင် ဝင်ရန်အားခဲနေ

http://www.dhammadownload.com



ခြင်းက ပြောင်းလဲ၍မရသောကြောင့် မဖြစ်နိုင်ပါဖြင့် ကန့်ကွက်နေရ၏။

ထိုစဉ် ခြင်ယ်မက မောင်ခြံခင်အနား အလစ်ချောင်းချောင်း၍ လာကပ်တိုင်းလည်း ခြံကြီးမက သည်လိုကျပြန်တော့လည်း အလစ်မပေး၊ အပေါ်ထပ်မှ ဆင်းပြေးလာပြီး အံမယ် နင်တို့က သည်အခြေထိ ဆိုက်နေကြပြီလား။ မျက်နှာတည် မျက်နှာထားဖြင့် ရန်မူပြန်၏။ ခြံအတွင်း စင်းစင်းသိရန် မလွယ်ပါကလား။

တစ်ဖန် အဘွားများဘက်က ကျပြန်တော့လည်း ခြံကြီးက မာနကြီး၏။ ဟိုတစ်ချိန်က ကားတင်ပြေးရန် ကြံစည်သော ကာလသားတစ်ယောက်သည်ပင် လက်မြှောက်သွား ရသူဖြစ်၏။

သို့ကြောင့် သူမအား မပြောရဲကြောင်း အကြောင်းပြန်ပြီး ခြံငယ်မဆိုလျှင်တော့ အချိန်မရွေး ပြောရဲကြောင်းပါ ရေကြောင်းလွှဲပေးနေပြန်ရာ ဇာတ်လမ်းကား ခွေးရူးလိုက်တမ်း ကစားနေပြီကော။

ခြံခင်ကား ခြံကြီးထဲ ဝင်ရန်ပြင်၏။

ခြံငယ်ကား သူ့ခြံထဲဝင်ရန် အတွင်သွင်း၏။

ခြံကြီးမကား ခြံငယ်ကပ် ကိုယ်လည်း မကြိုက်၊ ကိုယ်တိုင်လည်း မပိုက်။

အဘိုးကား ခြံကြီးဝင်ရန် လိုမ့်သွင်းသွင်းနေ၏။

အဘွားကား ခြံငယ်တွင်း သွင်းရန် လော်ခင်း ခင်း၏။

မှတ်ချက် – အဘိုးအဘွားကား လင်မယားများ မဟုတ်ကြပါ။

နတ်တလူစာစဉ်

http://www.dhammadownload.com



အဘိုးသည် အဘွားညီမနှင့်ရပြီး အဘွားညီမ သေဆုံးသွားသဖြင့် အနားရမှုဆိုးဖို။

အဘွားသည်လည်း လင်ဆုံးသွားသဖြင့် အနားယူနေသောမုဆိုးမများဖြစ်ကြပြီး ခြံကြီးခြံငယ်များကလည်း သမီးရင်းများမဟုတ်ကြဘဲ မွေးစားအရာဝင် အဘွား၏တူမ တစ်ရှဉ်းသာ။

ထိုသို့ မအိမလယ် ဇာတ်လမ်းမျိုးနှင့် သာသနာ့ဘုံကြီးပြတ်သဖြင့် ဤလူ့ဘုံ ကပ်ကျလာသော မောင်ခြိမ်င် အခြေအနေကားအံမဝင်ပြီ။

သည်က မောင်ခြိမ်င်က လက်ရဲဇက်ရဲ သတ္တိခဲမဟုတ်။ ခွင့်မပြုရာမျိုး ဖွတ်တိုးတတ်သူလည်း မဟုတ်။ ဘယ်သူ့ဘာဖြစ်ဖြစ်ငါချစ်ရပြီးရောလည်း တစ်ကိုယ်ကောင်း မဆံတတ်။

မောင်ခြိမ်င်၌ ထိုနှင့်ပြောင်းပြန်။

ပန်းကန်တွင်း အဆင်သင့် ထည့်ပေးထားသောဟင်း ခပ်ပေးထည့်ပေးမှ စားရဲပါ၏။

ပန်းကန်တွင်း အဆင်သင့် နယ်ဖတ်ပေးထားသော ထမင်းခွံ့ထည့်ပေးမှသာ ဟပ်ရဲပါ၏။

သို့နှင့် ကြာသော် နေမြင့်လေ အရှုံးရင့်လေ ဖြစ်လာပြီး စိတ်မသက်သာ ကိုယ်မှာခံခက် ထိုဝေဒနာပက်စက်နှင့်ပင် အခံရခက်မောင်ခြိမက် အကြံဖျက်၍ ထွက်ခဲ့ပြီ။

●

နတ်တလှုစာစဉ်

http://www.dhammadownload.com



အလုပ်ရုံမှ ထွက်ခဲ့သော မောင်ခြိမ်ကက်

ခြိမ်ထွက် ခြိမ်ဝင် ခြိမ်ကိုပင်ခင် မြဲမင်မြဲဖြစ်ရာ။ မည်သည့်ခြိမ် ဝင်ရပါမည်နည်း။ မျှော်၏။ ကိုယ်တိုင်ကား မလှော်တတ်။

ထိုစဉ် လူ့ဘဝ၌ အရေးကြီးသုံးပါး တန်းထိုးထားရာ

တစ်တန်းကား စီးပွား ဝမ်းစာရေး၊

တစ်တန်းကား လူမှုရေး၊

နောက်တစ်တန်းကား အိမ်ထောင်ရေး၊

ထိုအရေးသုံးတန်းကား လူသားတို့အတွင်း အမြဲလမ်းခင်းထားတတ်ခြင်းကြောင့် အရေးအခင်းဆိုရ၏။ ထိုအထဲမှ

စီးပွားရေးသည် လင်ဝတ် မယားဝတ် မိဘနှင့်သားသမီးဝတ် မှသည် ရှိရှိသမျှ အဝတ်ထုပ် လှည်းပေါ်တင်လျက်က ဝန်ရှန်းရာ၏။ အဓိက ဝန်ဆောင်အရာဝင်၏။ သူမရှိက ဘာမှ အလုပ်မဖြစ်။

သူဌေးကြီးဆိုသောဘွဲ့ကလည်း သူ့ကြောင့်၊

သူကြွယ်ကြီးဆိုသော ဘွဲ့ကလည်း သူ့ကြောင့်၊

စက်ရုံအလုပ်ရုံ ကုမ္ပဏီပိုင်ရှင်ကြီးများကလည်း သူ့ကြောင့်၊

ရှိရှိသမျှ ဂုဏ်တန်ရှင်အရာဝင် မှန်သမျှ သူ့ကြောင့်ချည်းပင်။

တစ်ဖန် လူမှုရေး။

ယင်းကလည်း ပတ်ဝန်းကျင်နှင့် မကင်းသမျှ နေရာပေးနေရမှာချည်းပင်။

အနည်းဆုံး ရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ်။

နတ်တလူစာစဉ်

http://www.dhammadownload.com



အလတ်စား တစ်ရပ်ကွက် တစ်ရွာတစ်ကျေး စာ။

ထို့နောက် မြို့ တိုင်း၊ နိုင်ငံတော်ကြီးအထိ။

အလောင်းတော်တိုင်း ဖြည့်ကျင့်မြဲ စရိယသုံးပါးထဲတွင် လောကခေါ် လူသားအားလုံးတို့၏ အကျိုးရှေ့ဆောင် သယ်ပိုးပေးခြင်းဆိုသော လောကတ္ထစရိယာလည်း တစ်ခုအပါအဝင် မဟုတ်လော။

နောက်တစ်ဖန် အိမ်ထောင်ရေး။

ယင်းကလည်း စီးပွားရေး ခွင်ကျယ်သည့်နည်းတူ ခွင်ကျယ်လွန်းလှ၏။ မျိုးဆက်သစ်ထားခဲ့ရေး ကွင်းထိန်းကြိုးဖြင့် တစ်ဦးနှင့်တစ်ဦး ဖွဲ့ချည်ထားရေး၊ ရှေ့တန်းတိုက်စစ်ရှိသို့ နောက်တန်းခံစစ်ဖြည့်ရေး၊ နောက်တန်းခံစစ်လုံအပြင် ရှေ့တန်းတိုက်စစ် အဟုန်မြှင့်ရေး စသည် စသည် ခွင်များဖြင့် လူတစ်ဦး တစ်ဦးစီ၏ ဘဝများကို ယင်းအိမ်ထောင်ရေးက

လှည်းတပ်နွားဖြစ်ခဲ့သော် ကြိုးကိုင်ပေးထားမည်။

ရေလှူးလှေဖြစ်နေသော် ပဲ့ကိုင်နေရာက ဝင်နေမည်။

ခရီးနှင်မြင်း ဖြစ်ပြန်သော် ပါးချပ်ကြိုးဖြင့် ချုပ်ကိုင်မောင်းမည်။

ထိုအရေးကြီးသုံးခင်းတွင် အိမ်ထောင်နှင့် ဝမ်းစာကား မောင်ခြိမက်အတွက် ယခုလောလောလတ်လတ် မဖြစ်မနေ ဖြေရှင်းရတော့မည့် ပြဿနာခွင် ဖြစ်လာနေပြီ။

မောင်ခြိမက်ကြီး စီးပွားရေးလုပ်ရန် ဆုံးဖြတ်လိုက်ပြီ။ အလုပ်

http://www.dhammadownload.com



ရုံကပေးလိုက်သော အတွေ့အကြုံများက အားပေးနေသဖြင့်။

ထိုအခါ စီးပွားရေးလုပ်ရာ၌ နောက်ကူအားဖြည့် စီးဝင်လာသမျှရေ၊ ကန်သင်းဆည်၍ တားပေးထား၊ ဝင်သမျှရေ လူမှုစီးပွားကြီးပွားများ၌ အားအဖြစ်သုံးစားဖြင့် လူထုံး လူတစ်လုံးဖြစ်ရန် အိမ်ကြီးရှင် လိုအပ်လာနေရာ မိခင်နှင့်အစ်မများထံ အကူအညီတောင်းခံရတော့၏။

ထိုအမေ ထိုအစ်မများကလည်း မြို့တော်ကြီးနှင့်မောင်ခြံမက်မည်သို့မျှမလိုက်ဖက်ဟူ၍ ယူဆနေချိန်။

အလုပ်ရုံတွင်းမှ ခြံကြီးခြံငယ်တွင် ဝင်ချင်းဝင် ခြံငယ်တွင်းကိုသာဝင်၊ ခြံကြီးတွင်းဝင်က ရိုးသော အ,သော မောင်ခြံမက်နှင့် လည်သော မာနကြီးစီးပိုးသော မခြံကြီး ဘယ်နည်းနှင့်မဆို မောင်ခြံမက်သာ အရှုံးဘက်သက်မည်ဖြစ်ရာ ခြံကြီးဝင်အကြံ ထိုအမေ ထိုအစ်မများကလည်း ကန့်ကွက်၏။ ကန့်ကွက်ရုံမက တစ်ရွာတည်းနေ ငယ်စဉ်က ကစားဖက်ဖြစ်သော တောခြံလေးကိုပါ အဝင်အထွက်လက်ခံရန် စည်းရုံးပေးထားပြီးပင်ဖြစ်၏။

လူမစွမ်း အမေနဲ့အစ်မသို့ လှမ်းတောင်းခံရခြင်း။

သို့တိုင်လည်း ရတာမလို လိုတာမရတို့ ထုံးစံအတိုင်း လွယ်လွယ်နှင့် ခေါင်းမညိတ်မိ။ မယူပြန်လျှင်လည်း ယူစရာက မရှိ၊ မရပြန်လျှင်လည်း နောက်အကူစီးပွားဘက် အောင်လံထူခွင့် မရှိ။ သို့နှင့်ပင် ...

တစ်ဆောင်းတစ်နွေ အခြေလည်းမကျ အဖြေလည်းမပြ

http://www.dhammadownload.com



ဖြစ်ခဲ့ရချေပြီ။ သို့ဖြင့် နောက်သို့ပြန် အလုပ်ရုံက အဘွားများထံ အသနားခံ၏။ ခြံကြီးနှင့်ခြံမက် ဘဝဆုံ ဘုံဖက်၍ လက်ဆက်ပေးပါရန် ထိုအချက်။

ထိုစဉ် အဘွားများထံမှ ရှုံ့ပြန်လိုက်သောစကားမှာ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ။ တောင်းစရာရှိ ငွေအကူအညီကိုသာ တောင်းပါဟူ၏။

အခြေအနေကတော့ နောက်ဒေါက်ပြုတ်သဖြင့် ရှေ့ဒေါက်ကုပ်ရန်သာ ကျန်တော့သည်။

သို့ဖြင့် ဘယ်လိုမှ စိတ်ကူးမရသော အရာသည် ဘယ်လိုမှ စိတ်မကူးမဖြစ်တော့သော နေရာသို့ဝင်ရောက်လာချေပြီ။

တောသူနှင့် မြို့သဘာဝ။

တောသူနှင့် မြို့စားကျက်။

ချစ်ပွဲမဝင်ဘဲ အောင်ပွဲဆင်ယဉ်ခြင်း။

စသည် စသည့်အတွေးများ တသီတတန်းကြီး ဝင်လာနေကြပြီ။ ထိုစဉ် ရှေ့စိတ်က သည်အတိုင်းသာဆိုလျှင် နောက်စိတ်က ဘာဖြစ်ဖြစ်။

ဦးထွန်းဖေ အမေ့ကို လှမ်းအကြောင်းကြားပေးပါ။ အမေတို့ စိတ်တိုင်းကျ မင်္ဂလာကိစ္စ စီစဉ်ကြပါလို့။

ဤသို့လျှင် မြို့တော်ကြီးမှနေ အဝေးပြော စကားပြောခွက်မှနေ စာတိုက်ကြေးနန်းရှိသော မြို့လေးသို့ လှမ်းအကြောင်းကြားလိုက်တော့သည်။ ပြီးပြီ တစ်ဘဝအတွက် စကားတစ်ခွန်းတည်းနှင့်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထို့နောက် မိုးဦးကာလ နယုန်လဝယ် လူကြီးချင်း ဦးစွာ စကားနားသွင်းထားပြီးခြင်း ရောက်လာသည်နှင့် စေ့စပ်ပွဲ၊ မင်္ဂလာပွဲများ ဆက်တိုက်ကျင်းပပေးခြင်းများဖြင့် ငယ်ငယ်က ကလေးသဘာဝ၊ ကလေးကစားပွဲ ကျင်းပခဲ့ရာမှ ယခုသော် ကာလထမ်းသဘာဝ၊ ကာလထမ်းပွဲ ကျင်းပကြရတော့မည်။

ထိုပွဲကျင်းပရန် တောပြန်လည်ရောက်သွားချိန် မျက်နှာချင်းစုံ ပုံချင်းတိုက်ကြည့်လိုက်သောအခါ

ငယ်ငယ်က ဖြူဖြူလေး၊ ယခုသော် ညိုလို့မဲလို့ပါကလား။

ငယ်ငယ်က သွက်သွက်လက်လက်၊ ယခုသော် မလှုပ်တလှုပ်ပါကလား။ ဖြစ်ပါ့မလား၊ မဖြစ်လည်း ဖြစ်သလိုကျဲ ပွဲနွှဲရပေတော့မပေါ့။

သို့ဖြင့် မြို့မှာတစ်နှစ်လောက်ဆို ဖြူဖြူဖွေးဖွေး ရေဆေးငါးလေးလို ဖြစ်ရန်အလားအလာရှိသည်။ မြို့အနေကျ မြို့ရေဝလာလျှင် သွက်လက်ချက်ချာ ငယ်မူငယ်သွေးလေးများ ပြန်လာစရာရှိသည်။ သည်အတွေးများက ကိုယ်လိုရာ မပြည့်ပြည့်အောင်ဆွဲဖြည့်ပေးလိုက်ကြ၏။

မင်္ဂလာဆောင်ပြီးပြီ။

တစ်မိုးတွင်းလုံး တောမှာပင် မိုးခိုကြသည်။

မိုးကင်းချိန်၏အစဖြစ်သော တော်သလင်းလမှာပင် ဇာတိချက်ကြွေ တောရပ်မြေမှ မြို့တော်ပေါက် အရောက်ဝင်လာခဲ့ကြသည်။

http://www.dhammadownload.com



တည်းစရာ၊ ခိုစရာ ထောက်ထောက်ခံခံ မရှိသဖြင့် ရဲစခန်းမှ ရဲသားပိုင် တန်းလျားတစ်ခန်းတွင် စတင်နေကြရသည်။

ထို့ပြင် မြေစမ်းခရမ်းပျိုးအဖြစ် အိမ်တွင်းဈေးဆိုင်ငယ်လေး တစ်ခု စတင်တည်ထောင်လိုက်သည်။ ပါသော အရင်းအနှီးကပင် တစ်ထောင်တည်း။

ထိုအထဲမှာပင် လမ်းစရိတ်၊ ထိုအထဲမှာပင် အလုပ်ရုံမှထွက်ခဲ့ပြီး ခေတ္တခိုလှုံခဲ့ရာအိမ်က အိမ်ရှင်မက နှစ်ရာအတင်းချေး လုံးဝ ပြန်မပေး။ ထိုအထဲမှပင် ရဲသားဇနီးမောင်နှံတို့ကလည်း ရုံးကိစ္စရှိ၍ ဆိုကာ တစ်ဆယ်တောင်း နှစ်ဆယ်တောင်းက အခါခါ။

ရောက်စတွင် မည်မျှခံရသနည်းဆိုသော် တည်းခိုအိမ်ရှင်မိန်းမက တန်းလျားသို့ လိုက်လာကာ၊ တောသူမလေး၏ကိုယ်ဝယ် ဝတ်ဆင်ထားသော သူကြိုက်ထဘီကိုပင် ချွတ်အလဲခိုင်းပြီး ဝတ်သွားသည်အထိ ခံခဲ့ရ၏။

မောင်ခြိမ်က ဘုန်းကြီးလူထွက်လူပျိုကြီး(ဂုဏ်ထူးနှစ်ဆင့်နှင့်)။

မတောခြိက တောသူအပျိုကြီး(ဂုဏ်ထူးနှစ်ဆင့်နှင့်ပင်)။

သို့ဖြင့် တစ်ဘုံထူ တစ်လူ တစ်ဘဝ စတင်ခဲ့ကြရသည်။

တစ်နှစ်ကြာ၏။ တစ်ဆယ်ဖြင့် အရင်းတည်ထားသော ဆိုင်ကလေးက အသီးအပွင့်များဖြင့် တစ်နေ့ တစ်ဆယ် အမြတ်နှုန်း ဆွတ်ခူးပေးနေ၏။

ထိုစဉ်က (၁၉၆၇)ခုနှစ်လောက်က ဘတ်(စ်)ကားစီးခ

http://www.dhammadownload.com



၅ပြားမှ အပြား ၃၀ဆို တစ်မြို့လုံး ပေါက်ရောက်ချိန်၊ သွားရည်စာ ကား ၂၅ ပြားဆို မိုက်ဝချိန် (လက်ဖက်ရည် ကော်ဖီပင် တစ်ခွက် ၁၅ပြား၊ နံပြားတစ်ချပ် ၁၀ ပြား၊ ငါးတစ်ပိဿာ ၁ကျပ် ၅၀ပြားမျှ ရှိသေးချိန်)ဖြစ်သဖြင့် တစ်လ(နှစ်ဦး၏) ဟင်းကျွေးစရိတ် ၅ကျပ်မျှ ကုန်ကျချိန်ဖြစ်သည်။

တစ်နှစ်ကျော်လာသောအခါ မောင်ခြိမက် စိတ်ကူးယဉ် စာရင်းထဲ တစ်ခုအပါအဝင်ဖြစ်သော အသားအရောင်ကား ဖြူလာ ပါ၏။ ခန္ဓာကိုယ်လည်း ဝစိုလာနေပါ၏။ မှန်သားပဲ။

မလှုပ်တလှုပ်ကား မပြောင်းလဲ။

ပြောင်းလဲလာသည်မှာ ယေမူယေကျင့်ဖြစ်သော စိတ် ကောက်တတ်လာခြင်းပင်။

ဟင် ငါ့စိတ်ကူးယဉ်စာရင်းထဲ ဒါ မပါပါကလား။

အစိမ်းကို အကျက်ချက်၍ စားကွက်လုပ်ရာတိုင်းတို့၌ တစ်နှစ်အတွင်းသည် သူ့အကြောင်း ကိုယ်မသိ၊ ကိုယ့်အကြောင်း လည်း သူမသိသေးချိန် ဖြစ်သဖြင့် ခြေစမ်းသွေးညှိချိန်ဖြစ်ရာ။

သူသည်လည်း အချိုသာဆုံး အပြုံးဖြင့်လက်ခံနေပြီး၊ ကိုယ် သည်လည်း အညင်သာဆုံး အတွေ့အထိဖြင့် ဆက်ဆံနေပါ၏။ ယခုသော် တစ်ဘက်က အကောက်ဖြင့် ဖောက်ခြေဝင်လာတော့ရာ မောင်ခြိမက်ကိုကလည်း မျိုးနှင့်ရိုးနှင့်အလိုက် အကောက်ကို ချေ အကွေးဖြစ်အောင် လုပ်တတ်သော ဉာဉ်ဆိုး ရှိသူများပီပီ၊ တစ်ဘက် တစ်ရက်ကောက်ပြက သည်ဘက်က ထို့ထက်သာဖြင့် ကောက်ပြ

http://www.dhammadownload.com



လိုက်သည်။ တစ်ဘက်က အလျှော့ပေးချော့လာသည်ပင် မကျေ မချမ်းချင်တတ်။

သည်လိုမျိုးအကောက်ကား နေ့စဉ် လဆက် မပျက်မကွက်။ ပေါင်းသင်းချိန်နှင့် ကောက်ချိန်တွင် ရက်လအချိန်များကား အကောက်လက်ထဲမှာချည်းပင်။ စိတ်ကူးထဲမပါခဲ့သော အပါများ တည်း။ သို့ကြောင့် အသားဖြူလာရန်လွယ်ကူသလောက် အကောက် ဖြောင့်ရန် မလွယ်တော့ပြီ။

သွက်လက်ချက်ချာရန် လွယ်ကူသလောက် ကပ်စေးနည်း ပြတ်တောက်ပေးရန် မလွယ်ပြီ။

ထိုအချိန်မှာပင် ဆင်ခြေဖုံးမြို့၏ ဈေးကြီးထဲဝယ် ဆိုင် တစ်ခန်း ၅၀၀ကျပ်ဖြင့် ၃၀၀ကျပ် ချက်ချင်း၊ ၂၀၀ကျပ် အကြွေးဖြင့် ဝယ်ပြီ။ ထိုခေတ်က ခေတ်စားနေသော ဆေးဆိုးပန်းရိုက် ပန်းရေး လုပ်ငန်း ဆိုင်ကြီးဖွင့်ရာ တစ်ရှိန်ထိုး အောင်မြင်လာခဲ့သည်။

ကြွေးကြေသည်။ အိမ်တစ်လုံး (ပျဉ်ထောင် သွပ်မိုး ၂ခန်း ၅ခန်း၊ တန်ဖိုး ၃၂၀၀ ကျပ်ဖြင့်) ဝယ်လိုက်နိုင်သည်။ ဟုတ်ပေသား ပဲ။

ထိုအချိန်ရှိ စီးပွားရေးဈာန်၏ အားမာန်သည် လူတစ်ဦး တောနေလျှင် တဲတစ်လုံး လှည်းတစ်စီး ရှိ၏။ မြို့မှာနေလျှင် တိုက် တစ်လုံး ကားတစ်စီးရှိ၏။ ယင်းကား ညီမျှခြင်း လက္ခဏာပြမျှသာ။

တဲနှင့်တိုက်။

ကားနှင့်လှည်း။

http://www.dhammadownload.com



ဤအရာများကား ဒေသလိုက်သော အသုံးအဆောင်ဖြစ်သဖြင့် အတူတူသာဆိုရမည်။ ရေမြေဝလေ့နှင့် လိုက်ဖက်ရုံမျှသော အသုံးဖြစ်သောကြောင့် ထို့ထက် လက်ပွား အတက်ပွား အားကောင်းလာမှသာ တောအကျိုးပေးသည် မြို့အကျိုးပေးသည် ဆိုရမည်။ (မောင်ခြိမက်အတွေးများ)

တရုပ်နှင့်ကုလား။

သူတို့ပြည်က လက်ချည်းလာပြီး သည်ရောက်မှ မြန်မာ့ငွေနှင့် မြန်မာ့ပစ္စည်းကြား ဈေးကစားရင်းက ကြီးပွားနေကြရာ ငါသည် မြန်မာပြည်ဖွား တိုင်းရင်းသား။ သူတို့လို လုပ် သူတို့ထက်သာရမည်။(မောင်ခြိမက်အတွေးများ)

ခေတ်မီတိုင်းပြည်ကြီးများ၏ ဒုံးပျံဂြိုဟ်တု။

သူတို့လည်း အတွေးမှတစ်ဆင့် ထဖြစ်ကြရသည်။ သူတို့လိုပဲ တွေး၊ သူတို့ပိုင် ဒုံးပျံဂြိုဟ်တု ကိုယ်ပြုကိုယ်ဖြစ်သည်။ (မောင်ခြိမက်အတွေးများ)

အတွေးများကသာ ဘုံဖျား။

မောင်ခြိမက် ဝင်နေသောခြံကား တောခြံကြီးဖြစ်နေချေရာ တောခြံနှင့် မြို့ကောင် လျောင်သလိုမနေ နေသလိုမလျောင်မျှသာ။

ဆိုင်၏မြင်ကွင်းကား ထိုခေတ်၏ ခေတ်အပေါ် လွင်ဆုံးသော ပြည်သူတို့၏ လူအုံတိုးနည်းကားအတိုင်း နံနက်လျှင် ဆိုင်ရှေ့တန်းစီနေကြရပြီ။

ကြာသော် နံဘေးရှိ ဆိုင်ရှင်များက နင့်ဟာ အကောင်းမှ

http://www.dhammadownload.com



ဟုတ်ရဲ့လား။ မေးယူရသည်အထိ ဖြစ် နေ၏။ ဆိုလိုသည်မှာ သေးခတ်ဆင် စသည့်နည်းများသုံးသလား ဟူ၏။ ထိုဆိုင်၏တစ်လဝင်ငွေအမြတ် ၁၂၀၀ကျပ် ကျော်၏။

အလုပ်ပါးချိန်မိုးတွင်းမှာပင် ၇၀၀ကျပ်ခန့် အမြတ်ငွေရှိသေး၏။

ထိုစဉ် အိမ်ဖောက်ထွင်းခံလိုက်ရပြီ။

ဟင် ငါ စိတ်ကူးယဉ်တုန်းက ဒင်း မပါခဲ့ပါကလား။ သို့ကြောင့် အပ်ထည်များ လျော်ရ၏။ အမှုမဖွင့်၊ စီးပွားပျက် အလုပ်ပျက်မည်စိုး၏။

သို့သော် တောခြံကား သွေးပျက်သွားပြီ။

အထည်ဆုံး၊ ငွေလျော်ရသည်ကို ကြည့်၍ မစားနိုင် မအိပ်နိုင်ဖြစ်လာပြီ။ သို့နှင့် စိတ်ပြေလက်ပျောက် တောပြန်ပို့လိုက်ရတော့သည်။

တောသူနှင့်မြို့သဘာဝ အံဝင်ခွင်ကျ ဖြစ်မလာကြပြီ။

ထိုသို့ မယားတောပို့ လျော်ဖို့ ကြိုးစားရင်းကပင် ဆိုင်ကားစည်မြဲတိုင်းစည်။ ဝင်ငွေများလည်း ပေါ်မြဲတိုင်း ပေါ်လာနေသည်။

ထိုစဉ် ခြံရှင်အစား အမေ လာရောက်၍ အိမ်စောင့်ပေး၏။ သို့သော် မြို့သဘာဝအလိုက် စီးပွားရေးသမားတို့၏စရိုက်အလိုက်သောက်စားခြင်းများအပေါ် တောအမြင်နှင့် မြို့အဆင် အံမဝင်ရကား သားအမိတကျက်ကျက် ရန်ဖြစ်ကြရပြီ။ လာသော စီးပွားဖက်များကိုလည်း သူ့သား လာမဖျက်ဆီးကြရန် ဆီးကြိုပြောခံရသေး

http://www.dhammadownload.com



သဖြင့် စီးပွားဖက်များလည်း ရှဲသွားကြလေပြီ။ နောက်သော်

ခြံရှင် ပုံမှန်စိတ် ပြန်ဖြစ်လာသဖြင့် ပြန်ရောက်လာသောအခါ နှင်တို့မြို့ ငါမနေချင်ဆိုကာ အမေတောပြန်သွားတော့သည်။

ထိုမှနောက် စီးပွားရေး အလျှင်အမြန်တိုးတက်လာရန်၊ ခြံရှင်လည်း ကိုယ့်ဘဝနှင့်ကိုယ် တစ်သက်လုံး မြို့၌နေတတ်ရန်၊ မောင်ခြံမက် သုံးသဖြင့် ဖြုန်းသဖြင့် မတိုးတက်ဆိုကာကောက် ခြင်းဖြစ်နေရာ ကိုယ်တိုင်ဝင်ကြည့် ကိုယ်တိုင်သိရန်ဆိုသော အချက်များဖြင့် ထိုဆေးဆိုးပန်းရိုက်ဆိုင်ကြီး ခြံရှင်နှင့်ထားပစ်ခဲ့ကာ မောင်ခြံမက် မဲနယ်လုပ်ငန်းအသစ်ထွင် လုပ်လိုက်ပြန်သည်။ တစ်လလေးကြိမ်ကျ ဝင်ငွေရှိသော အသံချဲ့စက်လည်း တည်ထောင်လိုက်ပြန်သည်။

သို့နှင့် လူနှစ်ယောက် အလုပ်သုံးလုပ် ဖြစ်လာတော့သည်။ လုပ်တိုင်း ဖြစ်လာသဖြင့် ပျော်ရပါ၏။ ရွှင်ရပါ၏။

မဲနယ်ကလည်း အဝယ်လိုက်၏။ ဖြန့်သလောက်တွင်၏။

အသံချဲ့စက်ကလည်း အငှားလိုက်လာ၏။ တနင်္ဂနွေပတ် မလွတ်ခဲ့။ ထိုသို့ ဖြစ်ရသည်မှာ မောင်ခြံမက်၌ မိတ်ဆွေဓာတ်တစ်ခု ရှိ၏။ ယင်းမှာ အများအပေါ် အကူအညီပေးတတ်ခြင်းပင်။ အများနှင့်တွေ့ ပြုံးရွှင်စွာ ဆက်ဆံတတ်ခြင်းပင်။

ထိုမိတ်ဆွေဓာတ်အားများနှင့်အတူ တစ်ရပ်ကွက်လုံး (အိမ်ခြေပေါင်း ၆၅၀ ရှိသည်)အတွက် လမ်းပြင်ရာပါသည်။ မြောင်းဖော်ရာပါသည်။ တန်ဆောင်တိုင်မီးထွန်းပွဲ ကျင်းပရာပါသည်။

http://www.dhammadownload.com



အိမ်ပြင်မိုးနေသည်တွေ့ တက်မိုးပေးခဲ့သည်။
အသုဘရှိ လျှပ်စစ်မီးကအစ အခမဲ့ကူညီသည်။
အလှူဆွမ်းကျွေးရှိ ပန်းကန်ဆေးနေရာမှာ ရောက်နေသည်။

သို့ကြောင့် တစ်ရပ်ကွက်လုံး အတူနေများ ချစ်ခင်ခြင်းကို ခံရ၏။ စီးပွားဖြစ် မိတ်ကောင်းများဖြစ်လာ၏။ အကျိုးပြုအရာဝင်၏။

ထိုရပ်ချစ်ရွာချစ်ထဲမှပင် ထိုအချိန်က ခေတ်စားနေသော ပါတီကြီး၏ ရပ်ကွက်ပါတီစိတ် အတွင်းရေးမှူးကပါ မျက်စိကျလာရာ အစသော် ပါတီဝင်ရန် စည်းရုံး၏။

စီးပွားရေးသမားဖြစ်နေခြင်း၊ ကိုယ်ခွဲမရှိခြင်းများကြောင့်ဖြင့် တောင်းပန်လိုက်၏။ နောက်သော် ကိုယ်တိုင်ပါတီဝင် ပုံစံစာရွက်များ ယူလာကာ ကိုယ်တိုင်ပင်ပါတီရုံးခေါ်သွားကာ အပ်နှံခြင်းခံလိုက်ရသည်။ သို့နှင့် ဘုမသိ ဘမသိ ပါတီမိတ်ဆွေ ဖြစ်လာခဲ့ရသည်။

ထိုမှနောက် အရံပါတီဝင်အဖြစ် တိုးမြှင့်ခံခဲ့ရပြီး ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတွင် ပါတီကိုယ်စားလှယ်အဖြစ် ဖြင့်ပင် အမှုဆောင်ငါးဦးထဲ အရွေးခံခဲ့ရ၏။ တစ်ရပ်ကွက်လုံး၏ တရားသူကြီးဥက္ကဋ္ဌလည်းဖြစ်လာခဲ့ရ၏။

လူမှုရေးအားသွန်ရချိန် စီးပွားရေးလစ်ဟင်းတတ်၏။
စီးပွားရေးပြန်ကြည့်ချိန် လူမှုရေးလစ်ဟင်းသွားတတ်၏။
တစ်ဖက်ရေစီးသန် တစ်ဖက်သောင်ထွန်းမြဲပင်မဟုတ်လော။

http://www.dhammadownload.com



အိမ်ထောင်ရေးကား အကြွေးနှင့်အကောက် မျဉ်းပြိုင် လျှောက်လျက်ကသာ သူလုပ်ရာ ငါမဝင် ငါလုပ်ရာ သူမဝင် ဖြစ်လာနေကြပြီ။

လူမှုရေးဘက်တွင်ကား ထိုမျှသာမကသေး။ ရပ်ကွက်သမဝါယမတွင် ထိုင်သူမဲ့ကုလားထိုင်တစ်လုံး အပေါ်သို့ သုံးပွင့်ဆိုင် အစည်းအဝေးကြီးမှနေ တင်မြှောက်ခံခဲ့ရသေးသည်။

ရပ်ကွက်၏ယုံကြည်မှုကား ဤမျှအထိ အောင်မြင်လာခဲ့သည်။

ထိုကာလအတောအတွင်း၏ လူမှုရေးများမှာ တစ်လမ်းမောင်းစနစ် နေ့စဉ် ညဘက် စောင့်ကြပ်လျက်က ပါဝင်ခဲ့ရသည်။ စနစ်အတွက် ဆန္ဒခံယူပွဲ ကန့်ကွက်မဲမရှိအောင် ပေးခဲ့သည်။ ကောင်စီအဆင့်ဆင့် ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့၌ တာဝန်ယူခဲ့ရသည်။ ထိုစဉ်

ကားစီးရေများမလာမီ တစ်လမ်းမောင်းစနစ် ပြောင်းခြင်း၊ လက်ယာကပ်မောင်းစနစ်ပြောင်းလဲခြင်းများ၌ ရုံတစ်ခါ ညတာဝန်ကျ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပြီး ရုံတစ်ခါ နေ့တာဝန်ကျအဖြစ် အောင်မြင်သည်အထိ ထမ်းခဲ့ရသည်။

စနစ်သစ်၏ ဆန္ဒခံယူပွဲတွင်လည်း ရ–လ–ကတာဝန်အပြင် ကြီးကြပ်ရေးတာဝန် မဲရုံ၏အဓိကတာဝန်ခံအဖြစ် ထမ်းခဲ့ရသည်။ ကောင်စီအဆင့်ဆင့်တွင်ကား ရွေးပွဲတွင်ဝင်ရန် ငြင်းဆန်ခဲ့ပြီး ရ–လ–က တာဝန်၊ ကြီးကြပ်တာဝန်၊ အဓိကတာဝန်များလောက်သာ

http://www.dhammadownload.com



ထမ်းပြီး လူမှုရေးတာဝန်များမှ ပခုံးလွှဲနေခဲ့သည်။

တွေ့ရကြုံရသလောက်က တိုင်းပြည်အတွက် လူမျိုးအတွက် ဆိုသော အချက်ကား စည်းရုံးရေးဟောကွက်များ၌သာ (အောက်ခြေတိုင်၌) မျက်မြင်သဘာဝ မြင်တွေ့နေရတတ်ပြီ။ ငါ့ဘို့က အဓိက ဖြစ်နေကြသည်။ ငါ့အတွက် ငါ့ဩဇာ ညောင်းရာကိုသာ အဓိက အားထားနေကြသည်။ အကျင့်ကောင်း မကောင်း ကိုယ်ကျိုးရှာ မရှာများနှင့် အောက်ခြေများ၌ တယ်မဆိုင်ကြလှချေ။

သို့ကြောင့် အာဏာရရေးများအတွက် အာဃာတကြီးမား နေကြသည်။ မောင်ခြိမက်တို့ရပ်ကွက်၌ကား ဌာနေနှင့်ပျံကျ ဟူ၍ ခွဲခြမ်းကာ ငါ့လူရရေး စည်းရုံးနေကြသည်။

ငါ့လူရရေး အသားပေးရသောကြောင့်ပင် သည်ဘက်၌လည်း ကောင်းမကောင်း သောင်းပြောင်းသာ။ တစ်ဘက်၌လည်း ကောင်းနှင့်မကောင်း သောင်းပြောင်းသာ။

ထိုစဉ် တစ်ဖက်၏မကောင်းကို လက်ညှိုးထိုး၍ တစ်ဖက် ကောင်းများကိုပါ သည်ဘက်ကလည်း ပုတ်ခတ်စည်းရုံးသည်။

ထိုတစ်ဖက်ကလည်း သည်ဘက်ရှိ မကောင်းကို ထိုးပြလျက် က သည်ဘက်ကောင်းများကိုပါ ပုတ်ခတ်စည်းရုံးကြသည်။ သို့နှင့် ရွေးပွဲကြီးပြီးစီးသွားရာ သည်ဘက်က ၁၁ နေရာဖြင့်နိုင်၊ တစ်ဖက်က ၁၀ နေရာဖြင့် ရှုံးသည်။

ထိုအချိန် သည်ဘက်က နှစ်ဦးခြံခုန်ကူးသွားရာ တစ်ဖက် ကား ၁၂ နေရာအသာဖြင့် ရပ်ကွက်အာဏာရသွားပြီ။ ထိုသို့ ခြေခြေ

http://www.dhammadownload.com



ချင်း ကန့်ကြောက်နေကြရသည်ကြောင့် ကျန်သော ပေါင်းရင်း ဦးခေါင်းပိုင်းတို့ကား အချောင်တက်သွားကြလေပြီ။

ရွေးပွဲကြီးပြီးသော်မှလည်း မပြီးသောအရာကား ကလဲ့စား ချေရေးများပင်။

တစ်ဖက်က အာဏာရသွားသည်နှင့် သည်ဘက်နေ လူကြီး များအား ခြံကိစ္စဖြင့် တရားစွဲခြင်း၊ အိမ်ကိစ္စဖြင့် တရားစွဲခြင်း စသည် နင်းလည်းနင်း ကန်လည်းချ လုပ်လာကြရာ မောင်ခြိမက်တို့လည်း ခြံမှုပေါ်လာပြီး ခြံရှင်ကုလားနှင့် တရားဆိုင်ကြရသည်။

တော်သေး၏။ တရား စကာစ၊ ခြံရှင်ကွယ်လွန်သွားသဖြင့် ကိစ္စပြတ်သွား၏။ ကျန်လူကြီးများကား ဆက်လက်ဖြစ်ပွားနေ ကြရရာ။ ယခင်ကပင် တော်ကြာ ရဲနှင့်လာဝိုင်းကာ ဖျက်သိမ်းဖို့ ကြိုးစား၊ သည်ဘက်ကလည်း လူစုဖြင့်ခုခံကာ မဖျက်ဘို့တားဆီး ယူသော် ရောင်တော်ပြန်နှင့်အတူ မိမိ မိမိတို့နေရာများမှ ဖယ်ရှား ပေးလိုက်ကြရကာ သည့်ထက်ဝေး သည့်ထက်ဆိုး နေရာမျိုးသို့ ထိုးအသွင်းခံလိုက်ကြရှာသည်။

သို့ကြောင့် လူမှုရေးစိတ်ကုန် ကောင်းလိုတိုင်းလည်း ကောင်းမလာပုံများ အတွေ့အကြုံများမှတစ်ဆင့် အသိပွင့်လာတော့ ကာ လူမှုရေးမှန်သမျှ မောင်ခြိမက် ဝင်မပါဝံ့တော့ပြီ။ အားလုံးနှင့် မျက်နှာချင်း မဆိုင်မိကြစေရန် သာရေးနာရေးကိစ္စပင် မလိုက်ပါပြီ။

အားလုံးသည် အရှုံးတွေချည်းသာ။

ထိုအရှုံးအားလုံးတွင် ဘုရားကြို ဘုရားကြားသွားလျက် ရှုံးရ

http://www.dhammadownload.com



သည်က အပြစ်လည်းကင်း၊ အလင်းလည်းရ အများကိုလည်း လမ်းခင်းပြနိုင်သည်ဆိုကာ ပုတီးတစ်လုံးဖြင့် ဘုရားကြို ဘုရားကြား မောင်ခြိမ်ကြီး ကျက်စားနေတော့သည်။ လူမှုရေးဘက်ကိုကား အခံလည်းခက်၊ စိတ်လည်း နာ၊ အညာလည်း မခိုင်ရကား ... ။

အခံရခက် မောင်ခြိမ်ကက် ကန်ထွက် ထွက်ခဲ့ပြီ။

●

ထိုသို့ လူမှုရေးခြံဘက်က ခုန်ထွက်ခဲ့နိုင်သော်လည်း မောင်ခြိမ်ကက် လက်တွင်း၌ စီးပွားရေး အိမ်ထောင်ရေး ခြံကြီးနှစ်ခုက ဆုပ်မိလျက်သားပင် ရှိနေသေး၏။

စီးပွားအိမ်ထောင်သည် လူမှုလောက် အမြတ်မထွက်။

လူမှုကား ပရဟိတလုပ်ငန်းဖြစ်သဖြင့် မြတ်၏။ အထက် အထက်သော ခေါင်းဆောင်ကြီးများကဲ့သို့ မွန်မြတ်သော ရည်ရွယ် ချက်ရှိ ပို့လို၏။

ထိုအထက်အထက် ခေါင်းဆောင်ကြီးများကဲ့သို့ အနစ်နာခံ ခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်း၊ ပုတ်ခတ်မှုဒဏ် ဂရုမပြု၊ မိမိပန်းတိုင် သို့ မမိုတ်မသုန် သွားဝံ့ခြင်းရှိပါက လူသေသော်မှ နာမည်မသေ၊ သံသရာဆုံးသောအခါ နောက်ပါအခြံအရံများ ဦးဆောင်ကာ နောက်ပါများကိုပါ သံသရာဆုံးရာ နိဗ္ဗာန်ဘုံအထိ ဆွဲခေါ်နိုင်၏။ သို့ကြောင့် မွန်၏ မြတ်၏။

http://www.dhammadownload.com



ထိုသို့ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်ရန်မှာလည်း စရိုက်မျိုးစုံ လူမျိုးစုံ ဓလေ့ဘာသာစုံတို့ ရောရာ၊ ဖြောက်သောက်ကြားမှပင် သွားလာကျက်စားရမည်။ ဦးဆောင်ရမည် ဖြစ်ခြင်းကြောင့်။

အများလေးစားထိုက်သော ဥပဓိရုပ်ကလည်း လိုအပ်သည်။

အများယုံကြည်ထိုက်သော ကိုယ်ကျင့်ကလည်း လိုအပ်သည်။

အများအားကိုးထိုက်သော အရည်ချင်းများကလည်း လိုအပ်သည်။

ဤလိုအပ်သည့်သုံးချက် ပြည့်နှက်နေခြင်းကြောင့်ပင်။

ယနေ့ တစ်ပြည်လုံး၏ခေါင်းဆောင်ကောင်းများ ဖြစ်လာကြရသည်။ ခေတ်အဆက်ဆက် ခေါင်းဆောင်အသစ်များ ပေါ်ထွက်ခဲ့ကြသည်။ အားကျဖို့ အလွန်ကောင်း။

ထိုလူမှုရေးသမားမျိုး အောက်ခြေများ၌ မတွေ့ရသလောက်ရှားပါး၏။ ရှိသော်မှ ကြားညှပ်ဖြင့်ပင် နေရာပျောက်ကြရ၏။

အများစုမှာ ...

ဝါဒသစ်(ပါတီသစ်) တစ်ခု တစ်ခုပေါ်ထွန်းလာတိုင်း ရှေ့ဆုံးမှပြေးကာ နေရာဝင်ယူသူများကသာ အများစု ဖြစ်နေသည်။ သို့ကြောင့်

ယခင် ဆန့်ကျင်ဘက်ဝါဒများတုန်းကလည်း သူတို့မျက်နှာ

ယခု ဤဝါဒအသစ်၌လည်း သူတို့မျက်နှာချည်းပင် ဖြစ်နေကြတော့သည်။

http://www.dhammadownload.com



ရထားများ၌ ခေါင်းတွဲများကသာ ထင်းထိုး၊ ကျောက်မီးသွေးထည့်၊ ဒီဇယ်သုံး စသည် ပြောင်းလဲလာကြသော်လည်း နောက်တွဲများကား

ယခင်ကလည်း ဖဲရ ယောက်စီး။

ယခုလည်း ဖဲရ ယောက်စီး ပမာသာ။

နောင်လည်းပဲ ဖဲရ ယောက်စီးပမာသာ။

သို့ကြောင့် လူမှုရေးနယ်ပယ်သည် အထက်၌မွန်မြတ်၏။ အောက်၌ကား အမြတ်အယုတ် ရှုပ်နေ၏။

စီးပွား၊ အိမ်ထောင်နယ်ပယ်ကား လင်ကိုယ်မယား နှစ်ပါး သမားများ ဖြစ်ရကား၊ မရှုပ်သောအရှုပ်များသာဖြစ်ကြ၏။ ရောင်းသူဝယ်သူ နှစ်ကိုယ်ချင်းတူ ဖြစ်သဖြင့် မရှုပ်သော အရှုပ်များသာ ဖြစ်ကြ၏။

သူသာယာပါစေထက် ငါ့ဆန္ဒပြည့်ဝဖို့က မိုးစီးထား၏။

သူ့ဆန္ဒပြည့်ပါစေထက် ငါ ငွေရဖို့က မိုးစီးထား၏။

ထိုစိတ်မဲကြီး ကဲနေခြင်းကြောင့်သာ မမြတ်စာရင်း အသွင်းခံရ၏။

ထိုမမြတ်စာရင်းသည် မြတ်စာရင်းကဲ့သို့ ရတ်တရက် ဖြတ်တောက်လွှင့်ပစ်ရန်ကား မလွယ်ကူ။

တစ်ခုက မိမိကာမသက် သူ့လက် အပြီးအပ်ပြီးသား ဖြစ်နေ၍။

http://www.dhammadownload.com



တစ်ခုက အသက်ဝမ်းကျောင်းမှု၏ သွေးကြောကြီးဖြစ်နေ၍။

သို့ကြောင့် ခြံမက်ကြီး ဟာန်မပျက်ပင် နံနက်ဆိုင်တက်၊ နေ့ဘုရားသွား ပုတီးစိတ်။ မဲနယ်ပို့စရာရှိ ပို့၊ အသံချဲ့စက် ငှားသူရှိလိုက်၊ အမိဌာန် မပျက်တင်။

ဈေးကြီးထဲ၌လည်း မြူအဖွဲ့က ကွန်ကရစ်လမ်းခင်းမည်၊ ဆိုင်များဖယ်ပေးကြရမည် အမိန့်ထုတ်သဖြင့် ခြံမက်ကြီးတို့ဆိုင်လည်း အများနှင့်အတူ ခေတ္တဖယ်လိုက်ကြရ၏။

ပြီးစီး၍ နေရာပြန်အချတွင်ကား ယခင် ဖဲပေပတ်လည် အစား ယခု ဘေးချင်းကပ်ရာဘက်များမှ တစ်ပေစီလျှော့၍ နေရာချထား၏။ ရှိစေတော့။ အများအားလုံးပဲ။ သည်နှင့်မပြီး ထိုမှပိုထွက်လာသော မြေကွက်လပ်များအပေါ် ဈေးကြီးကြပ်ရေးအဖွဲ့မှ ဆိုင်နှစ်ဆိုင်ဆောက်ပြီး တစ်ဆိုင်လျှင် ၁၄၀၀ကျပ် နှုန်းဖြင့် ရောင်းစားပစ်လိုက်သည်ကိုလည်းတွေ့ရ ပြန်၏။

တစ်ဖန် ခြံမက်ကြီး၏ ဘေး၌ပိုသော မြေကွက်ကိုလည်း အနီးနေ ဈေးကောင်စီဥက္ကဋ္ဌက နေရာဝင်ယူပြန်၏။ ထိုအခါ

မခံချင်သူအား မခံချင်စရာများက ရန်စနေပြန်ချေပြီ။

ဤလုပ်ရပ်များ မတရားကြောင်း ဈေးခေါင်းအား ပြောပြ၏။ ယင်းကြောင့် ဈေးကောင်စီဥက္ကဋ္ဌ တစ်စခန်းထ အစွမ်းပြတော့ရာ မကြာမီ မြို့နယ်မြူအဖွဲ့မှ အရာရှိကြီးရောက်လာကာ

ခြံမက်ကြီးများ ဆောက်လက်စ ဆိုင်ခန်းမှ ရှေ့နောက် ဖဲပေ

http://www.dhammadownload.com



ကို တစ်ပေနောက်ပြန်ဆုတ်ရမည်။ မဆုတ်နိုင်၊ ဆိုင်ပါသိမ်းမည် အမိန့်ထုတ်ခံရပြီ၊ မှတ်ကရောပဟဲ့။ မခံချင်၍ လျှာဝင်ရှည်၊ လျှာခွေ ပါ ပြုတ်ကျ စကားပမာ သူတပိုင်၊ သူ့အခွင့်အရေး အလကားသက် သက် မနာလိုတိုရှည်စိတ် မွေးမိသည်ကြောင့် မိမိအခွင့်အရေးပါ လက်လွှတ်ဆုံးရှုံးခဲ့ရပြီ။

သည် မောင်ခြိမက်ကြီး၏ ယနေ့ ပစ္စက္ခအချိန်တွင် ခြံတွင်း ဝင်ချိန် ခြံရှင်က ကျွေးသော ကာမအစာစားရင်းက မေ့ခဲ့ပါသည်။ ခြံရှင်အတွက် ခြံပြင်ရန် စီးပွားရှာစဉ် အပေါင်းအသင်း တို့နှင့်အတူ ပျော်ပါးမိရာ ယင်းပျော်ပါးခြင်းများကလည်း ပျော်ပါးရင်းကပင် မေ့ခဲ့ပါသည်။ တစ်ဖန် လူမှုရေးတာဝန် ထမ်းရွက်စဉ် အာဏာက ပေးသော အစာများလည်း သွားရင်းကပင်မေ့ခဲ့ပါသည်။

ထိုအမေ့များကြားကပင်

ဤမမေ့စရာများ တသီတသန်းကြီး ပေါ်ထွက်လာခဲ့ရပါ သည်။

ဤမမေ့စရာများကား သေရာပါ အမာရွတ်ကြီးများ ဖြစ်နေ ကြပါပြီ။

ထိုမမေ့စရာများအပေါ် ကျော်တက်နိုင်ရန် အရှုံးတကာ အရှုံးထဲ ဘုရားနှင့်တွဲ ရှုံးရတာ အပြစ်အကင်းဆုံးဆိုသော ဤအတွေး ဖြင့် နံနက်ပိုင်းတွင် ခြံရှင်အလိုကျ ဆိုင်ထွက်ပေးရပြီး နေ့ညပိုင်း များတွင်ကား ဘုရားများမှာပင် အချိန်ကုန်စေတော့သည်။ လက် ဝယ်ရှိ မဲနယ်နှင့် အသံချဲ့စက်များလည်း ရပ်ဆိုင်းပစ်လိုက်သည်။

## နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုစဉ် တစ်နံနက်ခင်းဝယ်(ဥပုသ်တစ်ခု၏တောအဖိတ်နေ့) ခြံမက်ကြီးဆိုင်ခင်းပြီးစ လူရှင်းဆဲမှာပင် ရသေ့ကြီးတစ်ပါးကြွလာ၏။ ရိုရိုသေသေပင် နေရာပေး၏။ ကော်ဖီ လက်ဖက်ရည်များ ဆက်ကပ်၏။

ပြီးသော် ဆိုင်ရှေ့ရပ်လျက်က

ဒကာကြီး သည်အထည်တွေ မထွက်စေချင်ဘူးလား။

ထွက်ချင်ပါသည်ဘုရား။ မြန်မြန်ထွက် ပိုကောင်းပါသည်ဘုရား။ သို့ကလို တုံ့ပြန်လျှောက်လိုက်ရာ သူ လက်တွင်ပါလာသော ကြိမ်တုတ်ကြီးဖြင့် မြေပြင်ကိုလည်း အချက်များစွာ ဆောင့်လိုက်၏။ ပါးစပ်မှလည်း ထွက်ဟဲ့ထွက်ဟဲ့ဖြင့် လူတစ်ယောက် အမိန့်ပေးသလို အမိန့်ပေးနေပါသည်။ လက်မှလည်း တန်း၌ချိတ်ပြထားသော ထိုပန်းရိုက်ထည်များကို လက်ပြန်ဖမိုးဖြင့် ရိုက်၏။ ပြီးသော် ထွက်သွား၏။

နောက်တစ်ရက် အဖိတ်နေ့တွင်ကား ဆိုင်ခင်းဆဲမှာပင် မိန်းမ ယောကျ်ား ၂၀ ခန့် ဝိုင်းအုံလာပြီး ဟိုဟာပြပါ သည်ဟာပြပါတို့ဖြင့် ပါးစပ်ကလည်းတောင်း၊ လက်ကလည်းဆွဲ လုပ်ကြတော့ရာ မျက်စိရှုပ်နေချိန် အထည်များ ခိုးယူသွားကြချေပြီ။

အားလုံးထွက်၍ တွက်ကြည့်လိုက်သောအခါ အထည်များလည်း ၁၀ ထည်ခန့် ထွက်လိုက်သွားကြလေပြီ။

ခြံရှင်ကြီးထမင်းပို့လာသောအခါ ကွက်လပ်များကိုကြည့်၍

http://www.dhammadownload.com



မေး၏။ အဖြစ်မှန် ဖြေလိုက်၏။ မျက်နှာမသာပြီ၊ နောက်ရက် ဥပုသ်နေ့။

ဆွမ်းခံ သံဃာတစ်ပါးပင့်၍ ၉ ပါးသီလခံယူခြင်းကိစ္စ။

ရပ်ကွက်ထဲရှိ ဥပုသ်သည်များ သက်လွတ်ဆွမ်းကျွေးခြင်း ကိစ္စ။

တာဝန်မို့သာ ထမ်းဆောင်ပါ၏။ ခြံရှင်မျက်နှာကား ညိုမြဲမြဲ ပင်။

သို့နှင့် နောက်တစ်နေ့ ဆိုင်ထွက်ခဲ့ရပြန်ပြီ။ ထိုနေ့တွင်ကား အဘွားအိုကြီးတစ်ဦးနှင့် အရွယ်မရောက်သေးသော သမီးငယ်လေး တစ်ဦး ဈေးခင်းအပြီး လူမလာခင်အချိန်လေးအတွင်း ရောက်လာ ကြကာ၊ သား... ငါ ဆိုင်ပေါ်တက်ထိုင်ချင်တယ်။

ထိုင်ပါ အမေရဲ့။

သို့နှင့်ပင် တက်ထိုင်ခွင့်ပြုလိုက်ရာ ထိုအဘွားနှင့်မြေးတို့ ပြန်ဆင်းထွက်သွားကြသောအခါ ၁၀ ထည်ခန့်ပင် ထွက်လိုက်သွား ကြလေပြီ။

ထိုမြင်ကွင်းကိုလည်း ဆိုင်ရှင်ကြီး ထမင်းပို့အလာ မြင်တွေ့ သွားတော့ရာ မေးပြန်၏။ ဖြေရ၏။ ထိုမှာပင် အော်ကြီးဟစ်ကျယ် ဒိုင်ယိုကာ ရန်လုပ်ခြင်း ခံရတော့သည်။ သည်ဥပုသ်ကြောင့် ထမင်း ချက်ပြီး နေရစ်ခဲ့ရသည်။ သည်ထမင်း ချက်နေရခြင်းကြောင့် သည်လိုဖြစ်ရသည်တို့ဖြင့် စွဲချက်တင်ချေပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုစကားများအပေါ် ခြိမက်ကြီးသည်းမခံနိုင်။ သို့ကြောင့် ကဲသည်လိုဆို၊ နင့်ဆိုင်နင့်ဟာနင်သာ ထိုင်တော့။

ငါနှင့်ဆိုင် သည်တစ်သက် ဘယ်တော့မှ မပတ်သက်စေရ။

ထိုသို့ စစ်ကြေညာပြီး ဆိုင်ပေါ်မှ ချက်ချင်းထွက်ခဲ့တော့သည်။

တစ်ဆက်တည်း လူသူများနှင့်မရောယှက်သော တောဘက်သို့ ထွက်ရန် ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်နှင့်အတူ တောရောက်လျှင် သစ်ဥသစ်ဖုများနှင့် အသီးအရွက်များကိုသာ အစိမ်းစားနိုင်ရန် သည်ကပင် ပဲဆံအစိမ်းကျင့်မည် ကြံရွယ်ကာ ကုလားပဲခြမ်းများပါ တစ်ဆိုင်သို့ဝင်ဝယ်ပြီး ဈေးမှအပြီးထွက်ခဲ့တော့သည်။

နောက်နေ့များမှ စ၍ပင် တစ်နေ့ ကုလားပဲဆံ(လက်တွင်းသုံးဆုပ်) ညကတည်းက ရေစိမ်ပေးထားကာ၊ နောက်ရက်များတွင် အရဏ်တက်နှင့် မွန်းမတည့်မီတို့အကြား စားသုံးလျက်က ဘုရားများမှာပင် နေကုန်စေသည်။

နံနက် မိုးမလင်းမီ အရဏ်မတက်မီ ဘုရားဆက်ထွက်။

ညမိုးချုပ် ညဉ့်နက် အိမ်ဘက်ကိုပြန်။

ဤနည်းဖြင့် မေ့နေသော ခြိမက် မမေ့ဘက်ထွက်ခဲ့စေသည်။

ထိုစဉ် ခြိမက်၏စိတ်၌ အတွေးများအဖြစ် ဝင်လာရာများကား

လူ့ဘုံသည် အမှုစုံသောနေရာ၊

လူ့ဘဝသည် အမှုရသောဘဝ၊

http://www.dhammadownload.com



လှူ့ဝတ္ထုသည် အမှုပွဲသောဝတ္ထု၊
လှူ့အာရုံသည် အမှုစသောနေရာ ဟူ၍ဖြစ်သည်။

သို့ကြောင့် ထိုဘုံဘဝနှင့် ဝတ္ထုအာရုံတို့အပေါ် နာသာခံခက် စိတ်ဝယ်အမဲစက်တင်စေသောအရာများ ဟူ၍ သုံးသပ်လျက်က

**နာသာခံခက် စီးပွားဘက် မာန်မဆက်ဘဲ ထွက်ခဲ့ပြီ။**

http://www.dhammadownload.com

# ၂။ မလှပ်သာသော အမှေသား
# ဇာတိ ဇရာ ဗျာဓိ မရဏာများက ကိုက်ရှဲ၀ါး

သတ္တဝါတိုင်းတို့၏ သဏ္ဍာန်၌

ဇာတိသည် အစွဲရှိသလောက် သူလည်းပဲ ရောက်ရောက်လာတတ်၏။

သို့ကြောင့် တစ်နေ့တစ်နေ့တို့၏ အစွဲကျဖြစ်ပေါ်လာတိုင်းလျှင် ထိုဇာတိနှင့် မကင်း။

အစွဲများကလည်း သတိကင်းမဲ့သူများ၏စိတ်တွင်းကြားဝယ် အမြဲသွားလာလှုပ်ရှား ကစားနေကြတော့သည်သာ ဖြစ်၏။

မတွေးမိသောအချိန် မရှိ၊ မစွဲမိသောအချိန်မရှိ။ ထိုဇာတိနှင့် မကင်းတိုင်းလည်း အစွဲပြရာ ဘဝလာအားဖြင့် ရခဲ့ရောက်ခဲ့ကြရသော တစ်ဦးစီ၏ဘဝပေါင်းကား ...

နတ်တံလူစာစဉ်

http://www.dhammadownload.com



ဝေပုလ္လတောင်သည် အတက်လေးရက် အဆင်းလေးရက် သည်မျှခရီးရှည် အမြင့်ရှိသည်ဟုဆို၏။ ထိုအမြင့်နှင့်အတူ အကျယ်အဝန်းလည်း လိုက်ဖက်စွာ ပါမည်သာဖြစ်၏။ သည့်အလားပင်...

သတ္တဝါတစ်ဦးစီ တစ်ဦးစီ တို့၏ဘဝကြွင်း အရိုးပုံကြီးများကလည်း တစ်ဦးတစ်ဦးလျှင် ထိုဝေပုလ္လတောင်ကြီးထက်ပင်မက မြင့်မောက်နေကြပြီဆို၏။

တစ်ဖန် အမေခေါ်စရာ ဘဝပါအားဖြင့် တော်စပ်ခဲ့ကြရသော အမေ အရေအတွက်များကလည်း တစ်ဦးတစ်ဦးလျှင်၊ ဝါးအလုံးတစ်ရာစီရှိ အစည်းတစ်ရာ သို့မဟုတ် ဝါးအလုံးပေါင်း တစ်သောင်းကို လက်သန်းတစ်ဆစ် တစ်ဆစ်မျှသော အဆစ်ငယ်လေးများချည်း ဖြတ်တောက်ကာ

သည်အဆစ်ကတော့ဖြင့် ခွေးဘဝတုန်းက တော်ခဲ့ရသော အမေ။

သည်အဆစ်ကတော့ဖြင့် လူဖြစ်တုန်းက တော်ခဲ့ရသော အမေ။

သည်အဆစ်ကတော့ဖြင့် နတ်ဘဝဆုံစဉ်က တော်ခဲ့ရသော အမေ။

သည်နည်းဖြင့် မိမိအဘိညာဉ်ရချိန် ရှေ့ဘဝနောက်ဘဝမျှသာမက၊ ရှေ့ကမ္ဘာ နောက်ကမ္ဘာမျှသာလည်းမက ကမ္ဘာပေါင်း ၃၀-၄၀မျှအထိ အမြင်ထွင်းဖောက်အားကို အသုံးချကာ

http://www.dhammadownload.com



မိမိ အမေတော်ခဲ့သူများစာရင်း ကောက်နေမိသော် လည်းကောင်း၊

မိမိပစ်ချထားခဲ့ရသော မိမိအရိုးများကို တစ်စုတည်း စုပုံထားကာ ကြည့်နေမိသော်လည်းကောင်း ထိုဝါးတစ်သောင်းစာ၏ လက်သန်းဆစ် အဆစ်ငယ်လေးများသော ကုန်ခမ်းသွားရာ၏။ အမေစာရင်းကား သည်မျှ ကျန်သေးဖြင့် မကုန်သေးဆို၏။

ထိုနှင့်တစ်ဆက်တည်း ခွေးအမေတော်ရာမှ ခွေးလိုပင်နားခွေးလိုပင်အို့ ခွေးလိုပင် နေလျက်က ခွေးသေ သေရသောဘဝကားမနည်းပါပြီ။ ဘဝပေးကံကဆက်ပေးရာ လက်ခံနေရသမျှ သေဘေးတံခါး မသွားမဖြစ်ပြီ။

သည့်အတူ လူအမေတော်ရာမှလည်းကောင်း၊ နတ်အမေတော်ရာမှလည်းကောင်း၊ အခြားအခြားသော တိရစ္ဆာန်များ အမေတော်ရာမှလည်းကောင်း၊ ခံစားခဲ့ရသော ပဋိသန္ဓေဒုက္ခ၊ နာပေးအိုပေးခဲ့ရသော အနေဒုက္ခ၊ ပြောင်းလဲပေးရသော အသေဒုက္ခ ထိုဒုက္ခများလည်း လင်ပေးသောအရသာခံယူပြီးနောက် ကိုယ်ဝန်လွယ်ပေးရခြင်း၊ မွေးဖွားပေးရခြင်း၊ မီးယပ်ကျိုး ကျိုးပေးရခြင်းများကိုလည်း တစ်ဆက်တည်း လက်ခံခဲ့ရသည်သို့ မည်သည်နည်းနှင့်မျှ ပြေးမလွတ်ခဲ့ကြပြီ။

မသိလျှင်ကောင်း၏။ သိလာလျှင်ကား ဆုတောင်းရမှာကိုပင်ကြောက်လာသည်။

အတွေ့လောက်သာသိပြီး အတွေ့နောက်သာ လှည့်ကြည့်

http://www.dhammadownload.com



နေသူများ ပျော်ကြရ၏။

ရှေ့မြင် နောက်မြင် ကိုယ့်ကိုယ်သို့ ကိုယ့်စိတ်ပြန်ဝင်လာသူများ မပျော်နိုင်ကြပြီ။

အတွေ့အမေ့ကောက်သမားကား မသိပျော် ပျော်နေဘိခြင်း။

အတွေ့ သတိထောက်သမားကား သိကြောက် ကြောက်လာခြင်း။

မောင်ခြိမက်သည် လူမှုဆက် စီးပွားဆက် ခြိစုန်ထွက်ခဲ့နိုင်သော်လည်း အိမ်ထောင်ဘက်ဒွကား မထွက်သာသေး အမည်ခံဖြင့် တဲထားရဆဲပင် ရှိသေး၏။

အသက်လေးဆယ် မပြည့်မီ စောင့်ရှောက်ပေးပါ စကား။

အိမ်မှာပင် စိတ်တိုင်းကျ အားထုတ်ပါ စကား။

ထိုစကားများဖြင့် အနှောင်အတဲ ခံထားရရာ အိမ်ရှေ့ခန်းမှပင် ညစောင့်တာဝန်ရခဲ့သည်။ လစာကား ထမင်း နံနက်တစ်ထပ်မျှသာ။

ဤသို့ ညစောင့်တာဝန်ယူရင်းကပင် တစ်ဖက်မှလည်း ဝေဘူဆရာတော်ဘုရားကြီး ပေးလိုက်သော ဩဝါဒအတိုင်း

– ဗျာ

– ဝိဇ္ဇာဆိုတာ အထူးမဟုတ်ပါဘူးတဲ့။

တစ်ထိတည်းထိ တစ်သိတည်းသိသိနေတာ အဲဒါမှ ဝိဇ္ဇာအစစ်တဲ့ဗျာ။

http://www.dhammadownload.com



ထိုစကားများကို လမ်းပြအရာတင်၍ ငါလုပ်တာ ငါသိနေရမည်။ ငါ့စိတ် ငါပိုင်သာဖြစ်ရမည်။ ထိုသို့ ငါ့စိတ်ငါ ပြန်လည်ပိုင်လာသောအခါ ငါ့ဘဝအတွက် ကောင်းစားစေလို ကောင်းရာကြား ငါ့စိတ်ကလေး ပို့လွှတ်ပေးထားရုံသာ။

ဤအတွေးများဝင်ရောက်လာကာ ပုတီးနှင့်လက်ညှိုးတို့ ထိရာ၌ သတိ အသိကပ်ပေးထားလိုက်၏။ တစ်လုံးထိ တစ်လုံးသိ စိမ်ကိန်းကြီး စတင်လိုက်၏။ ရက်သတ္တပတ် တစ်ပတ်မျှအတွင်း အောင်မြင်လာ၏။

ထိုစဉ် အများက ဘိုးဝိဇ္ဇာ ခေါ်နေသော ဆရာတော်ကြီး တစ်ပါး၊ မောင်ခြိမက်ကြီးထံ ကြွရောက်လာကာ ခုနစ်နေ့နံ ဘုရားများ၌ သူ့နေ့ဝင် သူ့နေ့ဆုံးဖြင့် အဓိဋ္ဌာန်ဝင်က အထူးထိရောက်ကြောင်း ပြောပြရာ

၁၃၃၈ ခုနှစ် ကဆုန်လဆန်း ၁ ၊ နှစ်ဆန်း ၁၊ တနင်္ဂနွေနေ့မှာပင် အောင်သိဒ္ဓိကုန်းမှ စတင်ကာ ယင်းတစ်လုံးထိ သိဖြင့်ပင် ဝင်၏။ နောက်လဆန်း(၈)ရက် တနင်္ဂနွေနေ့ အထိ (၈) ရက်။ သို့နှင့် ကျိုက္ကဆံ၊ ဆူးလေ၊ ရွှေတိဂုံ၊ မိုးကောင်း၊ သီရိမင်္ဂလာ ကမ္ဘာအေး နောင်တော်ကြီးအထိ (၈)ရက်ကျစီ ဝင်ခဲ့ရာ ...

မိချောင်းကန်(ဘောက်ထော်) သာသနာ့ဗိမာန်၌ သီတင်းသုံးလျက်ရှိနေသော ဆရာတော်ဦးဝိမလကပင် လူကြုံဖြင့် လှမ်းခေါ်သည်အထိ ခရီးရောက်လာ၏။

ရင်းထံရောက်၍ ၁၅ ရက်ခန့် ကြာသောအခါ

http://www.dhammadownload.com



မင်း ငါ့ဆီ ဘာလို့လာသလဲ။

သံသရာတစ်ဘက် ထွက်ချင်လို့ပါဘုရား။

အဟုတ်ပြောတာလား၊ နှုတ်ထဲတိုးလို့ ပြောတာလား။

သည်စိတ်ထားက ငယ်စဉ်ကတည်းက ပါသည့် ဘုရား။

အေး... ဝိဇ္ဇာဖြစ်ချင်စိတ်နဲ့တော့ ငါ့ဆီမလာနဲ့၊ ငါမပေးနိုင်ဘူး။ သံသရာတစ်ဖက်ကမ်း ထွက်ချင်လို့ကတော့ ငါတတ်နိုင်သလောက် လက်တွဲခေါ်မည်။

သို့ဖြင့် မောင်ခြိမက်ကြီး အဘဝိမလ၏သားကြီး ဖြစ်ခဲ့ရပါပြီ။

ထိုနောက်... စားကျက်မငြိမ်တဲ့နွားသာ ခလောက်ဆွဲရတာကွ။ စားကျက်ငြိမ်လာရင် ခလောက်ဆွဲဖို့ မလိုဘူး။

သည်စကားရပ်ဖြင့် ဂုဏ်တော်မှ အာနာပါနဘက် ပြောင်းလဲထွက်ခဲ့ရပြီ။

ထိုဆရာသမားနှင့် သုံးနှစ်ခန့်ဝတ်ကြီးဝတ်ငယ် ပြုစုရ၏။ နောက်ပါးကလိုက်ပါရင်း မိမိအလုပ်လည်းလုပ်ရင်း အချိန်ကုန်လွန်စေရာ ဆရာပျံတော်မူကာနီး(ထွက်ခါနီး) တစ်နှစ်အလိုတွင် မဟာစည် ဆရာတော်ဘုရားကြီးထံ သွားရောက်နည်းခံရန် ပို့အပ်ခြင်းခံရသည်။

ဆရာ့ရည်ရွယ်ချက်ကား သူမရှိ၊ သူ၏နေရာထားခဲ့ဖို့။

ခြိမက်ကြီး၏ရည်ရွယ်ချက်ကား လူမရောယှက် တောထွက်ဖို့။

http://www.dhammadownload.com



သို့နှင့် ဝါမဝင်မီက ဝါတွင်းတိုင်အောင် ဝိပဿနာဉာဏ် ပညာဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်မြင်သိနည်းများ ကြိုးစားဖွေရှာ ရာ...

ဖောင်းတစ်ချက်၌ပင် ဖြစ်လာသော ဇာတိ၊ အထိနာသွား သော ဗျာဓိ၊ အထိနာသွားသဖြင့် အိုယွင်းသွားသောဇရာ၊ အိုဟောင်း သွားရာမှ ပျက်ကျသွားသော မရဏ။

ထိုအခြင်းအရာများ တစ်ချက်မဟုတ် ချက်တိုင်း၊ တစ်ရက် မဟုတ် ရက်တိုင်း ...။

ဟင် သည်လိုဆို ရှေ့ဆက် အသက်ရှည်နေလည်း ဘေးနှုတ် ခမ်း လမ်းလျှောက်နေရမှာပဲ။

နောက်ကလည်းပဲ နေခွင့်ရခဲ့လေသမျှ ဘေးနှုတ်ခမ်းလမ်း လျှောက်ခဲ့ရတာချည်းပဲ။

ဤရိပ်မိသိများက မေ့တိမေ့လျော့နေလေ့ရှိသော အစွဲသိ လေးအား ဟောပြ၊ ပြောပြနေတော့ရာ

အဘ သား သာသနာ့ဘောင်မှာပဲ နေချင်ပါသည်ဘုရား။

ရိပ်သာမှထွက်သည်နှင့် ထိုစကား ဥပဇ္ဈာယ်အား လျှောက် ထားမိချေရာ။ ဥပဇ္ဈာယ်ကလည်း ယခင်ကပင် ရည်ရွယ်ရင်းထား ရှိသည့် အားလျော်စွာ အလွယ်တကူပင် ဝင်ခွင့်ပြုလိုက်၏။ သို့တိုင် လည်း

ခြံရှင်အား ခြံပြင်ထွက်ခွင့်ပြုရန် ခွင့်မပန်ရက်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ယင်းအခက်အခဲကို အတူနေ မိတ်ကောင်းကြီးလည်းဖြစ်သူ ရဟန်းခံပေးရာ၌လည်း အမာခံအဖြစ်ပါဝင်သူလည်းဖြစ်သူက ကြား ဝင်ပေးလိုက်ရာ

ပါရမီ လူတားလို့ မရပါဘူးရှင်။

သူ့ဝတ်ချင်တာ ဝတ်ပါစေ။

သည်စကား တစ်လုံးတည်းဖြင့်ပင်

သံဝါသ ဘုံ ကံကျန်ကုန် ခြံခုန်ထွက်ခဲ့ပြီ။

ဤသို့လျှင် အရှင်ယသကြီးနည်းမှီလျက်က ခြံမက်ဘဝကနေ ခြံပျက်ဘဝ ရောက်ခဲ့ရပြီးသော်လည်း မိမိခန္ဓာအိမ်မှ ထွက်ရန် ကား အလှမ်းဝေးလှသည်။

မိမိခန္ဓာအိမ်တွင်းရှိ ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏ ဘေးများ ပြေးလွှား လည်ပတ်နေခြင်းများမှလည်းကောင်း၊

တစ်ဖန် တစ်ဘဝမှနေ တစ်ဘဝဖြစ်လာလိုက်၊ ပျက်သွား လိုက်၊ နေခွင့်ရလိုက် သေပေးလိုက်များမှလည်း လွတ်ရန်အလှမ်း ဝေးလှသည်။

ယင်းတို့ကို တရားကြည့်ဖြင့်ကြည့်၊ တရားသိဖြင့် သိ သိနေရ ပြန်တော့လည်း ကိုယ့်အဖြစ်က ထိတ်လန့်ဖို့ တရားကျဖို့ အလွန် ကောင်း။

http://www.dhammadownload.com

# ၃။ ကိလေသကံ ဝိပါက်စိတ် အကြံမျှားကလည်း အဖန်ဖန်ထပ်

**သဗ္ဗေ သင်္ခါရာ အနိစ္စာ ယဒါ ပညာယ ပဿတိ**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ**

ကိလေသာတို့၏ အပ်နှံလာသော အလုပ်ကို လက်ခံလျက်က ကံက တည်ဆောက်ပေးထားသော ကမ္ဘာဝသည် ကိလေသာမှုန်ရည် ဝင်စဉ်တုန်းက ကောင်းသလိုလို ထင်ခဲ့မိသော်လည်း ဝိပဿနာဉာဏ်ပညာ ရှုနည်းများဖြင့် ရှုကြည့်လိုက်သောအခါ

အကောင်းဟဲ့ထင်နေသည်အထဲက ရုတ်တရက်ချည်းပြိုလဲ၊ ရုတ်တရက်ချည်း ပျက်ပွဲကြီးဝင်၊ ထိုနောက်ဖြစ်ပွဲကြီးက ပြန်သဲဖြင့် အမြဲပင် လည်ပတ်ပေးနေသည်ကိုသာ တွေ့နေရပါ၏။

နတ်တလှစာစဉ်

http://www.dhammadownload.com



အဆိုးပါဟဲ့ဆိုလည်းမရပ်မစဲ ပျက်ပွဲကြီးက ဆင်၊ ဖြစ်ပွဲကြီးကသဲ အမြဲလည်ပတ် ပေးသည်ကိုသာ တွေ့ရပါ၏။ ကြာသော်...

အကောင်းပျက် ဆက်၍မကြည့်လိုခြင်းဖြင့် ငြီးငွေ့လာတော့၏။

အဆိုးပျက် ထွက်၍ပင် မကြည့်ချင်တော့ခြင်းဖြင့် ငြီးငွေ့လာတော့၏။

ဤငြီးငွေ့စိတ်ဝင်လာခြင်းသည် ကာမဘဝ အရမမင် မစတော့ချင်ခြင်းကြောင့်။

အစွဲစင်ကြွယ်ရေးစခန်း တက်လှမ်းရာ၏ လမ်းစ လမ်းဝ လမ်းမတည်း။

●

စိတ်သည် ဆိုက်ကဲ့သို့လျှင် အပေါက်မရှိ အပေါက်ရှာထွက်လေ့ရှိသော အမျိုးဖြစ်၏။

သတိမစီး မှေ့မှေ့ကြီးအတိုင်း စိတ်ကိုပေါက်လွှတ်ပဲစား ပစ်ထားလေ့ရှိသူတိုင်း စိတ်သည် အလုပ်အနားမယူတတ်သော စိတ်ဝီဝီ၊ စိတ်သည် အလုပ်ရုံ မရွေးတတ်သော စိတ်ဝီဝီ တစ်ခုမဟုတ်တစ်ခု လိုက်စားနေတော့၏။

ထိုစဉ် ကာမဝိတက်

သူ ကြိုက်သလို ပုံဖော်ကာ စိတ်ကူးယဉ်၍လည်း နေတတ်၏။ ကိုယ်လိုသလို တွေး ကိုယ်လိုသလိုပင် အခွင့်ရေးယူတတ်

http://www.dhammadownload.com



သောကြောင့် ယင်းစိတ်ကူးယဉ်ရာမှ အကြိုက် အတွေ့လိုက်၍ပင် မမီပြီ။

ထိုသို့ စိတ်ကူးကြောင့် တစ်ဖက်ပုံက အကျ။ ထိုပုံက ကိုယ်လို သလို မှုဟန်ပြနေသောအခါ ...

ဗျာပါဒိဝိတက်

ထိုစိတ်ဖြင့် အကူးခံထားရသော ပုံရှင်ခေါ် သက်ရှိသက်မဲ့ အရာဝတ္ထုများအပေါ် တပ်စွန်းသော ကိလေသာထားများက အထိုး အပင့် အလှုံ့အဆွများ ပြုလုပ်နေချေရာ ထိုစိတ်မရိုးမရှုဖြစ်လာကာ

ပြောသလိုမှ အရောခံပါမလား။

လုပ်သလိုမှ ငုတ်တုတ်ခံပါ့မလား။

စသောအကြံ သည်လိုမရ သည်လိုဆိုသောအကြံ ဟင်မရ လျှင် ခက်ရတော့မည်ဟူသော အကြံများက ဝင်ဆောင့်လာကြမည်။

ထို့နောက် ဝိဟိံသဝိတက်

ကိုယ်ပျက်သူပျက် နှစ်ဦးစလုံး ပျက်စေသော အတွေ့ဘက် သို့ဆက်ရန် ထိုအကြံများ ကြားမှပင် အကြံဖြင့် ဆုံးဖြတ်ချက် ချလိုက် သည်။

ထိုစဉ် စိတ်တစ်ချက်တစ်ချက်တို့၏ အတွေးများ၌လည်း ဖြစ်လျက်က ပျက်ကျသွားကြသော ဥပါဒ် ဋ္ဌီ ဘင် ခေါ် ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏဘေးဆိုးကြီးများက နောက်ယောင်ခံ ခြေရာနင်း အတင်းဖျက်ဖြင့် ပါဝင်ပတ်သက်နေကြပြန်ပါသည်။

တစ်ဖန် ကိလေသာတစ်ချက်တစ်ချက် အပွက်များ၌လည်း

http://www.dhammadownload.com



ဖြစ်ယောင်ဆောင် ပျက်ကောင်ကြား ငုတ်ပျောက်သွားကြသော ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏဘေးဆိုးကြီးများကား တစ်စက္ကန့်လျှင်

ရုပ်ဖြစ်စဉ်ပေါင်း ကုဋေပေါင်း ခြောက်ထောင်ခန့်။

နာမ်ဖြစ်စဉ်ပေါင်း ကုဋေပေါင်း တစ်သိန်းတိတိ၊

ထိုကိန်းဂဏန်းများအတိုင်းလျှင် ကိလေသာစိတ်ကူးတွင်း ချဉ်းနင်းဝင်ရောက် ခန္ဓာအား ထိုးဖောက်ဖျက်ဆီးပစ်နေကြပါသည်။

တစ်ဖန်လည်း ထိုစိတ် ထိုကိလေသာတို့၏ နောက်မှနေ စေတနာထားခြင်း ခံစားပေးခြင်း မှတ်တမ်းတင်ပေးခြင်း ပြင်ဆင်ပေးခြင်းများနှင့်အတူ မနောသို့ ကျူး ကိုယ်နှုတ်တွင် သွင်းကျူးကျူးရာတိုင်းတို့၌လည်း

ကံတစ်ချက်တစ်ချက်လျှင်

ဥပ္ပါဒ – အရှိန်လှိုင်းရိပ်ကလေးများ ပြေးဝင်လာခြင်း

ဋ္ဌီဘာဝ – အရှိန်ကားသေ၊ တွေနေခြင်း

ဘင်္ဂဘာဝ – သေသောအရှိန်သက် ပျက်ကျသွားခြင်း

အခိုက်မျှ အတန့်မျှသော ထိုခဏငယ်လေး သုံးချက်စီတို့နှင့်အတူ တစ်စက္ကန့်အတွင်း အထက်ပါ ကိန်းဂဏန်းများအတိုင်းလျှင်

ဇာတိ – အရှိန်ဖြင့် ကူးဝင်လာခြင်း

ဇရာ – အရှိန်ရင့်ကျက်သွားခြင်း

ဗျာဓိ – အရှိန်အထိနာသွားခြင်း

မရဏ – အရှိန်ပျက်ကျသွားခြင်းများ

http://www.dhammadownload.com



လေအဟုန်၏ အရှိန်ပမာသောအရှိန်ဖြင့် ထိုက်များ၏ နောက်သို့လည်း နောက်ယောင်ခံ ခြေရာနင်း အတင်းဖျက် ခန္ဓာအား အသက်ကုန်စေပါသည်။ တစ်ဖန်လည်း ထိုစိတ် ထိုကိလေသာ ထိုကံတို့၏ ဖန်တီးပေးရာအတိုင်း သည်ရုပ်သည်နာမ်များ အကျိုးခံစားစဉ်ကာလတိုင်းတို့၌လည်း

ယခင် ပဋိသန္ဓေနေစဉ်ကတည်းက တွဲပါလာခဲ့ကြသော ဤဇာတိ ဤဇရာ ဤဗျာဓိ ဤမရဏ တရားလေးပါးစလုံးတို့ကလည်း ပျက်တိုင်းကူး ကူးတိုင်းဖြစ် ဖြစ်တိုင်းရင့် ရင့်တိုင်းနာ နာတိုင်းပျက်တို့ဖြင့်

မနောပွက်တိုင်းလည်း ဆက်လိုက်နေကြတော့သည်။

ပြောတိုင်းလည်း ဆက်လိုက်နေကြတော့သည်။

ပြုကျင့်တိုင်းလည်း ဆက်လိုက်နေကြတော့သည်။

တစ်ဖန် ထိုသို့ အကျိုးဝိပါက်ခံပြီးတိုင်း အမှုမဲ့အမှတ်မဲ့တို့၏ အကျိုးခံစားနည်းသည် မိမိကိုလွှတ်၍ တစ်ဘက်သို့ ညွှတ်ထားခြင်း၊ ကြိုက် မသိရာမှ မသိကြိုက် အလိုက်ခံရခြင်းများကြောင့် ...

တစ်ဘက်သို့ အတေးအစွဲများ ချန်ထားခဲ့လေ့ရှိရာ ထိုအစွဲများ အထဲဝင်အရာထင်လေသောအခါ လူသူဝေးလေ အတွေးပေါ်လေ ဖြစ်လာစေတော့သည်။

ထိုအတွေးပေါ်တိုင်းလည်း တသသသော ကိလေသာများ လှုပ်ရှားလာကြဦးတော့မည်။ ထိုကာလသားများ လှုပ်ထလာတိုင်းလည်း

http://www.dhammadownload.com



ဆိုင်ရာကံများကလည်း ဆက်လက်ပြုကျင့်ပေးနေကြရမည်။

ဆိုင်ရာဝေဒနာတဏှာများကလည်း အကျိုးသက် ဆက်ခံစားနေကြမည်။

တစ်ဖန် ထိုအကျိုးသက် ဆက်၍ ဆက်၍ ခံစားခွင့်ရပြီးတိုင်းလည်း

ဤနည်းဖြင့် စိတ်၊ ကိလေသာ၊ ကံ၊ ဝိပါက်တို့ လေးချက်တို့သည် သူ့ဘက် ကိုယ့်ဘက် အလှည့်ချ ဆက်ပေးလျက်ကလည်းကောင်း၊ သူ့လက် ကိုယ့်လက် အကွက်ချ ချက်ပေးလျက်ကလည်းကောင်း၊ သတ္တဝါတို့ကို

အချင်းချင်း ဘဝချင်းဆုံ ဘုံချင်းတိုက်၍ လိုက်စွက်ဖက်နေကြရာ မည်သူမျှ မနားကြရပြီ။

အချင်းချင်း ဝဋ္ဋချင်းဆုံ အာရုံချင်းတိုက်၍ လိုက်စွက်ဖက်နေကြရာ မည်သူမျှ နားရသည် အားရသည် ဟူ၍ မရှိကြတော့ပြီ။

ဆိုခဲ့ပြီ။

မိစ္ဆာဝိတက်(အမှားကြီး) သုံးမျိုးတို့မှဖြစ်သော အစွဲစိတ်၊ စွဲရာပြုသောကံ၊ စွဲရာဘက် ဆင်းသက်သော ကိလေသာ ယင်းတို့၏ လည်ပတ်နှုန်းအတိုင်းသာ ဘုံဘဝ၊ ဝဋ္ဋအာရုံတို့ အကျိုးဆက်ဖြစ်ပေါ်လာကြဦးမည် ဆိုသော် ဇာတိ–ဇရာ–ဗျာဓိ–မရဏတို့ကလည်း အကျိုးဆက် လိုက်လံကာ ဖျက်ဆီးနေကြဦးမည် ဆိုသော် ...

တစ်ဦး တစ်ဦးတို့၏အရိုး ပုံထားစရာများကိုလည်း ဝေပုလ္လ

http://www.dhammadownload.com



တောင်နှင့် အလုံးအရပ် ပမာဏချင်းတူသော မြေနေရာများ နှစ်ကွက် သုံးကွက်ထက် မကပင် အဆင်သင့်ပြုလုပ် ပေးထားကြရ မည်သာ။

တစ်ဖန် တစ်ဦးတစ်ဦး၌ တော်စပ်ရမည့် အမေများအတွက် ကိုလည်း ဝါးအလုံး ၁၀၀ ပါ အစည်း ၁၀၀ စီသော အစည်းပေါင်း နှစ်စီးသုံးစီးထက်မကပင် အဆင်သင့်ဖြတ်တောက်ပေးထားကြရ မည်သာ။

သတ္တဝါတစ်ဦး၏ အမှတ်မဲ့နေသော တစ်နေ့တစ်စိတ်သည် တစ်ခုမဟုတ်တစ်ခု သို့မဟုတ် သူမဟုတ် သူများအပေါ်၌ ချစ်မုန်း နှစ်ပါး အထွင်ရှိတပ်ထားသော မိစ္ဆာအတွေးသုံးချက်တို့ဖြင့် လှည့်နေ တတ်ရာ လူသာနားမည်။ သူကား အနားယူလိမ့်မည် မဟုတ်ချေပြီ။

တစ်ဖန် သူတွေးတိုင်း ကိလေသာသွေးများ အပြေးဝင် ရောက်လာကာ၊ လှိုင်းထနေရခြင်းများကလည်း ရပ်နားရလိမ့်မည် မဟုတ်ချေပြီ။

ထိုကိလေသာသွေးများ ထကြွသောင်းကျန်းလာတိုင်းလည်း ဆိုင်ရာကံများ ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်ဖြင့် ပြုလုပ်ပေးနေခြင်းများ ကလည်း ရပ်နားလိမ့်မည် မဟုတ်ချေပြီ။

ထိုကံများ ကိလေသာက လုပ်ဖက်ချတိုင်းထိုလူသားထလုပ် ပေးနေရလျှင်လည်း ဝေဒနာ၊ တဏှာတို့ စပ်တူအကျိုးပြန်ခံစားပေး နေရခြင်းများမှ ထိုလူသား မည်သည့်ကာလမျှ ရပ်နားရမည် မဟုတ်ချေပြီ။

http://www.dhammadownload.com



သို့ကြောင့် အမှတ်မဲ့တစ်ဦး၏ တစ်နေ့တာဟူသောကာလသည် သူတစ်ပါးစိတ်ဖြင့်သာ အသက်ငှင်နေရခြင်း၊ သူတစ်ပါးပြစ်မှားလျက်ကသာ အကျိုးခံစားနေရခြင်းများကြောင့် အကြွေးမကင်း အကြွေးဖြင့်ပင် စာရင်းသွင်းပေးခံနေရကာ

တစ်ရက် တစ်ရက်လုံး အရှုံးချည်းသာ။

သည်အရေး တွေးမိလေသောအခါ

အဘ သား ဧကစာရီအကျင့်ဖြင့် တောထွက်ချင်ပါသည် ဘုရား။

ဤသို့လျှင် ဦးခြပျက်ကြီးက မိမိဥပဇ္ဈာယ်ဆရာအား တောထွက်ရန် ခွင့်ပန်လိုက်တော့သည်။

ဥပဇ္ဈာယ်ဆရာကား လျှောက်ထားစဉ် ငြိမ်သက်စွာ နားထောင်နေပြီး ဘာတစ်ခွန်းမျှ ဖွင့်ဟလိုက်ခြင်း မရှိချေ။

ထိုအချိန်က ဖြစ်ပွားနေသော စိတ်အဖြစ်အပျက်များသည်

အတွေးမှီသော အတွေး

အတွေ့မှီသော အတွေး ရောထွေးနေသည်။ ထိုစဉ်

အတွေးမှီသော အတွေးများကား သမ္မာဝိတက်။

အတွေ့မှီသော အတွေးများကလည်း သမ္မာဝိတက်သာ။

ထိုစဉ် သိမ်မှ ထွက်ခဲ့၍ ကျောင်းအောက်ရောက်ကတည်းက အတွေးဝင်လာ၏။

မိမိ၏ကြောင်ကျားအဆင်မှ ဝါဝါဝင်းအဆင်ကို ငုံ့ကြည့်ကာ

http://www.dhammadownload.com



ကမ္ဘဝါစာဖြင့် သမုတ်ပေးရုံလေးနှင့် နင် ရဟန်းဖြစ်ရော့လား။

သူများကျောင်းတက်နေရုံလေးနှင့် နင် ရဟန်းဖြစ်ရော့လား။

သူများသင်္ကန်းကောက်ဝတ်ရုံလေးနှင့် နင် ရဟန်းဖြစ်ရော့လား။

သူများလှူသော ဆွမ်း ခံစားရုံလေးနှင့် နင် ရဟန်းဖြစ်ရောလား။

သိမ်ဝင်သိမ်ထွက်လုပ်ရုံလေးနှင့် နင် အမဲက အဖြူဖြစ်ရောလား။

ဤအတွေးများက အပြန်အလှန်ဝိုင်းမေးနေကြသည်။

ထိုအတွေး၏ အတွေးများကြောင့်ပင်။

နေကမ္ဘဝိတက် ဘဝကာမတို့မှ အလွတ်ထွက်ရန်ကြံမိသည်။ သို့မဟုတ် တောထွက်ရန် စိမံဖန်တီးနေတော့ခြင်း။

အဗျာပါဒဝိတက်၊

မိမိ၌ကျေချမ်းခြင်း၊ သူတစ်ပါး၌ ကျေချမ်းခြင်း၊ အများ၌ ကျေချမ်းခြင်း စိတ်နှင့်အတူ အားလုံးသို့ မိမိနှင့်တစ်တန်းတည်းထား လျက်က

ငါသည် ချမ်းသာချင်၏။ အားလုံးတို့သည်လည်း ချမ်းသာချင်ရှာကြမှာပဲ။

ငါသည်ကား မဆင်းရဲလိုတော့ပြီ။ အားလုံးတို့လည်း မဆင်းရဲလိုကြပေဘူး။

http://www.dhammadownload.com



ထိုအကြံများသည်သာ ကြံနေမိတော့၏။ ထိုနှင့်တစ်ဆက်တည်း ...

အဝိဟိံသဝိတက်၊

မိမိချမ်းသာသလို အများလည်းချမ်းသာစေရမည်။ သူတစ်ဖက်သားလည်း ချမ်းသာစေရမည်။ မိမိကပင် ချမ်းသာစစ်ကို အလျှင်ရှာဖွေမည်။ မိမိချမ်းသာစစ်ရခဲ့လျှင် သူတစ်ဖက်သားရော အများရော ဝေမည် ငှမည် ပေးမည် ကမ်းမည်ဟူ၍လည်း ကြံနေမိသေး၏။

ထိုသို့ ကောင်းတွေးများ တွေးနေစဉ်၌လည်း စိတ္တက္ခဏတစ်ချက်တစ်ချက်တို့အတွင်း၌ပင် ဖြစ်တည်ပျက် ဟူသော ခဏာငယ်ကလေးပေါင်း ကုဋေချီများနှင့်အတူ ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏဘေးများက အမေ မွေးပေးရာ ဝမ်းခေါင်းမှနေ ဖြေပေခေါင်းထဲ ပြန်ထည့်ရန် လှေ့ခေါ် ခေါ်နေကြဆဲပင်။

ထိုအတွေးများ လက်ဆက်ပြတ်သွားချိန်

တစ်ဖန် အတွေ့မှဖြစ်သော အတွေးများကလည်း ရဟန်းဖြစ်စ၏ ရက်ပိုင်း လပိုင်းမျှသော ဦးခြိပျက်ကြီးအား ဝိုင်းရန်စနေကြပြန်၏။ ယင်းတို့မှာ ဥပဇ္ဈာယ်ဆရာ၏ ဘုန်းရိပ်ကံရိပ်ကြီးမားခြင်းကို မှီခိုရာမှ ဖြစ်သော လာဘ်ပေါခြင်းဘေး၊ ဆရာတူ တပည့်များ၏ အဝေးမှနေ လှမ်း၍ ဝေဖန်ပုတ်ခတ်ခြင်းဘေး၊ ခြံရှင်ဟောင်းနှင့်နီးသဖြင့် ခြံရှင်ဟောင်း အဝင်အထွက် များသောဘေးများ ... ။

ထိုစဉ် ဦးခြိပျက် အမှီရထားသော ဥပဇ္ဈာယ်ဆရာသည်

http://www.dhammadownload.com



လှူဘာဝတုန်းက 'ဘိုးတော်အောင်မင်းခေါင်ကြီး'နှင့်အတူ အနှစ် ၃၀ တိုင် ဘုရားတည် ကျောင်းဆောက် သာသနာပြုလာခဲ့ ခြင်း။

ရဟန်းဘဝရောက်သောအခါ ဝေဘူဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ် ခံယူလာခဲ့ခြင်း။

လူ့ဘဝ သာသနာပြုစဉ်အခါကပင် ဘိုးတော်အောင်မင်းခေါင်ကြီး အဆုံးအမဖြင့် သကဒါဂါမ်အထိ အတွင်းသာသနာတည်ပြီးခဲ့ခြင်း။

ထိုအခြင်းများကြောင့်

မင်း၊ သူဌေး၊ သူကြွယ်၊ ကုန်သည်များ အထူးအားထားသော ဆရာတော်ကြီးတစ်ပါး ဖြစ်နေချေရာ နံနက်အရုဏ်တက်သည်နှင့် ထွက်ရပြီ ဆွမ်းစား၊ ကွမ်းစား။ နေ့ဆွမ်းခံပြန်ချိန်တွင်လည်းထွက်ရပြီ ဆွမ်းစား ကွမ်းစား။ ထိုသို့ အလှူအတန်း သူတကာ့သဒ္ဓါပန်း လက်တန်းခံယူပေးနေရသည်နှင့် တရားအားထုတ်ချိန်များလင့်၏။ တစ်ချိတည်း နှစ်ကိစ္စပြီးစီး အောင်မြင်သည်အထိလည်း အစွမ်းကမရှိ။

တစ်ဖန် ဝတ္ထုကောင်း အာရုံကောင်းများနှင့် တွေ့မိသောအခါ စိတ်ယိုင်၏၊ မခိုင့်တခိုင်ဖြင့်သာ ပြည်တည်ထားစ ဖြစ်နေသေးသဖြင့် လှုပ်၏။ သို့ကြောင့် ယင်းအလှူအတန်းပင့်ဖိတ်ရာ လိုက်နေရခြင်းများအပေါ် ကြောက်လာ၏။

နောက်တစ်ခုကား ဥပဇ္ဈာယ်ဆရာ၏ အနီး၌ နေခွင့်မရကြသူများ၏ ဝေဖန်ပုတ်ခတ်သံများပင် ဖြစ်ကြ၏။

http://www.dhammadownload.com



ယင်းတို့ကလည်း သည်က ခြံပျက်ကြီးကြောင့်သာ သူတို့ဆရာနှင့် ဝေးရသည်။ သည်က ဦးခြံပျက် ရှိနေသမျှ သူတို့ဆရာထံ ဝင်ရန် ထွက်ရန် မလွယ် စသည်များဖြင့် တိုက်ခိုက်နေကြပြန်၏။

တစ်ဖန် ကံမဆုံချင်တော့သဖြင့် ခြံခုန်ထွက်လာသော်မှလည်း ခြံရှင်သည် ကြိုးခေါက်ကိုင်၍ ခုန်ထွက်သွားရာနောက် တကောက်ကောက် လိုက်နေပါသည်ပမာ။

ညနေ ဆိုင်သိမ်းပြီး စားပြီးချိန်များတွင် ဦးခြံပျက်ကြီး ဝင်ပုန်းခိုရာကျောင်းနှင့် ခြံရှင်၏နေအိမ်သည် ၁၅ မိနစ်ခန့် ခြေလျင်သွားလျှင် ရောက်နိုင်သောတစ်ရပ်ကွက်ကျော်လေးမျှဖြစ်ရာ ညတိုင်းလိုလို လာလေ့ရှိ၏။

ထိုအတွေ့များ တွေ့ရမြင်ရဖန်များလာသောအခါ

အတွေးသည် မအေးဆေးသူများ၌ ဝင်နှောက်လေ့ရှိသော အရာပီပီ၊ အတွေးသည် အေးဆေးပြီး မိမိ၌စိတ်မဝင်စားသူများအား ကျီစားလေ့ရှိသော အရာပီပီ ဦးခြံပျက်ကြီးကိုလည်း ဝိုင်း၍ ထုနှက်ကြလေကုန်၏။

ငါ လိုချင်သည်က ဆိတ်ငြိမ်ရာအကြားက တရား။

ငါ ယခုရနေသည်က လူသူလေးပါးတို့အကြားက အစာ။

ဖြစ်သေးပါဘူးလေ၊ တရားတစ်ဖက် အစားတစ်ရွက်နဲ့ဆိုလျှင် တော့။

ဆရာက သူ့ဘုန်း သူနိုင်၍ ကိုင်ထားနိုင်ပေမယ့် ငါ့မှာက ဆရာဘုန်းပိ၊ ကြာသော် ဘုန်းဆံ ထိရှော့မယ်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဤအတွေးများလည်း ဆွမ်းခံသွားရင်းဆွမ်းစားရင်းကလည်း ဝင်၏။ စကားပြောရင်း တရားဟောရင်းကလည်း ဝင်၏။ နောက်ဆုံး ကုဋီတက်ရင်း ရေချိုးရင်းကပင် ဝင်နေ၏။ တစ်ဖန်

ဘုံ ဘုံချင်း၊ ဘဝ ဘဝချင်းတူ အဖြစ်ဖြင့် ဆရာတူ တပည့်ဖြစ်လာရသူများ၏ ပုတ်ခတ်ဝေဖန်ခြင်းကို အကြောင်းပြု၍လည်း သူတော်ကောင်းကြီးတွေ ငါ့ကြောင့် အကုသိုလ်ရနေကြပြီပဲ။ ငါ နေရာဖယ်ပေးလိုက်လျှင် သူတို့အားလုံး ချမ်းသာသွား ကြပေမှာပဲ။

ဤအတွေးများသည်လည်း ထိုအတွေးများ၏ နေရာကို အတင်းဝင်လုယက်လာကြတော့ကာ နေရာဝင်ယူလာကြပြန်၏။ ထိုဝေဖန်ရေးသမားများတွင် ရဟန်းလည်းပါ၏။ လူလည်းပါ၏။ 'အင်း' သမားလည်း ပါ၏။ 'ဂိုဏ်း'သမားလည်းပါ၏။ ထို့ပြင် ဂုဏ်နှင့် သိက္ခာနှင့်နေသူများ ငါ့ကြောင့် စိတ်ပင်ပန်းခြင်း မဖြစ်စေကြရ၊ ဖြစ်လည်း မဖြစ်စေသင့် ကြံမိ၏။

နောက်ဆုံး အတွေး၏အတွေးကား ယခင်က ဘုံတူဘဝတူ အဖြစ်ဖြင့် ဝတ္တုချင်းဆုံ ကုန်ချင်း အလဲအထပ်လုပ်ခဲ့ဖူးသော ခြံရှင်၏ အတွေ့အာရုံချင်းမျှား၊ ကုန်ချင်းလဲစားခဲ့ဖူးရာ၏ အတွေ့။ အင်း ငါကတော့ ငါရထားသော တရားဖြင့် အစားထိုးပျော်နိုင်ပေမင့် သူ့ခမျာ ငါလို တရားရှာမထား ရသေးရှာတော့ အနေရခက်ပေလိမ့် မယ်။

ဟင် ငါလည်းပဲ ဘုံချင်းကင်း ဘဝချင်းကင်းစဲနေပေမင့်
မျက်စိနီး နားနီးဖြစ်နေသေးရင် အိမ်ရှေ့ပူ အိမ်နောက်

http://www.dhammadownload.com



မချမ်းသာမျိုးလို

သူ ဒုက္ခရောက်နေတာတွေ့၊ ငါလည်းပဲ ဒုက္ခတွေ့တော့မယ်။

သူ အဖြစ်ဆိုးနဲ့ ကြုံ၊ ငါလည်းပဲ အဖြစ်ဆိုးကြုံရတော့မယ်။

သည်တော့ မတွေ့ရာကနေ တွေ့ခြင်းသည်သာ အကောင်းဆုံး။

မမြင်ရာကနေ မြင်ခြင်းသည်သာ အကောင်းဆုံး။

ဤအတွေးများသည်လည်း ထိုအတွေး ထိုအတွေးများ၏ နေရာတွင် အတင်းချဉ်းနင်း ဝင်ရောက်လာကြလေကုန်၏။ သို့ကြောင့် ဉပဇ္ဈာယ်ဆရာ၏ ရင်ငွေ့လှုံအဖြစ် ရက်ပိုင်းလပိုင်းသော ထို အတွင်း ဖြစ်ပျက်မြင် ခန္ဓာရှုကွက်ထက် ဖြစ်ညှစ်ဝင် အကြံပြု ရှုကွက်များကသာ မင်းမူနေကြတော့ပြီ။

လူလူချင်း တစ်ဘုံ တစ်ဘဝ ဆုံခွင့်ရကြရာတွင် တစ်ဦးနှင့် တစ်ဦး လာရာလမ်းချင်း မတူခဲ့ကြခြင်းသည်လည်း ဤဆုံရာ၌ သဘောထားချင်း ဆန္ဒချင်းမတူသည်ကို သွေးထိုးပေး နေချေ၏။ တစ်ဖန် တစ်ဦးနှင့်တစ်ဦး အသိ အကျင့်များနှင့် နောက်ကြောင်းငင် များဖြစ်ကြလေတော့၊ ဉာဉ် စရိုက် ဝါသနာ မတူကြချင်းများ ကလည်း သဘောထားချင်း ဆန္ဒချင်း မတူသည်ကို သွေးထိုးပေးနေ ကြသည့်အပြင် တူနေသောသဘော ညီနေသောဆန္ဒ ထားများကို ပင် သွေးခွဲပေးနေတတ်ကြပြန်သေး၏။

ထိုသဘောတရား ဤအတွေ့၏ အတွေးများက ဦးခြိပျက် ကြီးအား ဟောကြား ပြသနေချေပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဤအတွေးများက စိတ်ကိုဖိအားပေးလိုက်သောအခါ စိတ်သည် တစ်မျိုးမဟုတ်တစ်မျိုး တွေးတွေးပေးနေရပါသည်။

ဤစိတ်များက ကာမဆန္ဒကို ဖိအားပေးလိုက်သောအခါ တောထွက်လိုသော ကာမဆန္ဒများ တဖွားဖွား လှုပ်ရှားလာစေပါသည်။

ထိုကာမဆန္ဒအားများနှင့်အတူ ဖြစ်မှဖြစ်ပါ့မလား ဆရာခွင့်မပြုဘဲ သွား၊ မှားများ မှားနေ လေမလား။ ဤဗျာပါဒ အတွေးများလည်း အရေးပေါ်လာစေပါသည်။

မလုပ်ဘူးသေးသော အလုပ်၊ မရောက်ဘူးသေးသောဒေသ၊ မကျင့်ဘူးသေးသော အကျင့်မျိုးဖြစ်သဖြင့် စိတ်ထင့်နေခြင်းပင်။

ဤဆန္ဒ ဤဗျာပါဒတို့ စိတ်ကိုဖိစီးနေကြခြင်းကြောင့် စိတ်သည် ခုခံအားကျရောဂါဖြင့် ထိုင်းမှိုင်းပျင်းရိ၍လည်း နေပါပြီ။ ပုံ့ခြင်း ပူခြင်းများနှင့်အတူ အဝေးမှအဝေး ပြေး၍လည်း နေပါပြီ။ ချီတုံချတုံ ပင့်သက်လှုံဖြင့်လည်း ဘက်ပေးကစား၍လည်း နေပါပြီ။

ထိုစိတ် ထိုကိလေသာများကြောင့်ပင် ဝစီလှုပ်၍ နှုတ်ဖွင့်ပြောကြားခြင်းဆိုင်ရာ တိုင်ပင်ခြင်းများ ဖြစ်လာကြပြီ။ ကိုယ်ကိုလှုပ်၍ အားထုတ်ခြင်းဆိုင်ရာ အကောင်အထည် ဖော်ခြင်းများ ဖြစ်လာစေပြီ။

ထို့နောက် ထင်သလိုဖြစ်လာ၍ ဘဝင်ကျခြင်း၊ ထင်တိုင်းမပေါက်သဖြင့် စိတ်နင့်ခြင်း။

ဤအကျိုးဝိပါက်များကလည်း ဆက်ပွားလိုက်နေကြပြန်ပါ

http://www.dhammadownload.com



သည်။ သို့ကြောင့် ဥပဇ္ဈာယ်၏ ရင်ငွေ့လှုံအဖြစ် နေခွင့်ရသော လပိုင်းမျှ (၁၃၄၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့အထိမျှ)သော ကာလတိုအတောအတွင်း၌ပင် အတွေး၏ အတွေးကြောင့်ဖြစ်ရပါသော စိတ်–ကိလေသ–ကမ္မ–ဝိပါကတို့၏ ပတ်လည်လှည့်ပေးခြင်းများကိုလည်း ကိုယ်ခန္ဓာ ခါးပန်းကြိုးစည်းလျက်က မပြတ်ခံနေရပါ၏။

အတွေ့၏အတွေးကြောင့် ဖြစ်ရလေသော စိတ်–ကိလေသ–ကမ္မ–ဝိပါကတို့၏ ပတ်လည်လှည့်ပေးခြင်းများကိုလည်း ခေါင်းပူမဆုံးတော့သဖြင့် ခေါင်းတုံးတုံးလျက်ကပင် မပြတ်ခံနေရပါ၏။

မယားလိုချင်တုန်းက မယားနှင့်တိုက်၍ လိုက်ပွဲပြင်ပေးခဲ့ဘိသို့ တရားလိုချင်သောအခါတွင်လည်း တရားနှင့်တိုက် လိုက်ပွဲပြင်နေကြပြီ။ စိတ်ပိုင်ရှင် ကံ–ကိလေသ–ဝိပါကတို့၏ သတ္တဝါကိုင်ကျွမ်းကျင်ပုံကား ရာသီဒေသ ထွက်ရှိရာကုန် စသည့်အစုံ နားလည်သော ပွဲစားကောင်းပမာသာ။

ထိုလေးကွက်တို့အထဲ တွဲပါနေသော ငါသည်ကား ရံတစ်ခါအကျိုးခံစားမှုကို မှီ၍ အစွဲပိုး ရှေ့တိုးအဝင်ခံရလေရာ၊ အတွေးပေါ်ခြင်း၊ ကိလေသာဆယ်ပါး တစ်ပါးပါး ဝင်ရောက် ပေါက်ချလာခြင်း၊ စိတ်–စိတ်မဟုတ်၊ နှုတ်–နှုတ်မဟုတ် ကိုယ်လှုပ်ပေးရခြင်းများအထိ ဒရွတ်တိုက်ပါသွားရ၏။

ရံတစ်ခါ အတွေးအမျိုးမျိုးကြောင့် အစွဲပိုးရှေ့တိုး အဝင်ခံရလေရာ ထိုမှတောက်လျှောက် မီးခိုးတက် ကြွက်လျှောက်နည်းပမာ

http://www.dhammadownload.com



ကိလေသာထခြင်း၊ ကံပြုခြင်း၊ အကျိုးခံစားခြင်း အတွေးပြန်ပေါ်ရခြင်းများအထိ ဒရွတ်တိုက်အပါခံခဲ့ရသည်လည်း ရှိ၏။

ထိုလေးမျိုးတို့သည် တစ်ခုအမှီရမှ တစ်ခုဖြစ်ခွင့်ရကြသော ကွင်းဆက်ဖော် အုပ်စုများသာဖြစ်ကြ၏။ ထိုလေးမျိုးတို့ကိုကား

ဘုံကိုပိုက်၍ ဘုံလိုက်ရာမှလည်း ရလာတတ်၏။

ဘုံချင်းလိုက်၍ ဘုံချင်းတိုက်ရာမှလည်း ရလာတတ်၏။

ထိုဘုံအုပ်စုများကလည်း အချင်းချင်း ပိုက်လိုလိုက်လိုကြပါလျှင်

ဘဝချင်းယှဉ်ပေးရခြင်း၊ ဝဋ္ဋချင်း တင်ပေးရခြင်း၊ အာရုံချင်း ငှင်ပေးကြရခြင်းဟူသော အုပ်စုနှင့် အဆက်အသွယ်လုပ်မှသာ ပိုက်လိုပိုက် တိုက်လိုတိုက် လိုက်လိုလိုက် ပြုခွင့်ရခြင်းကြောင့် ဘုံ-ဘဝ-ဝဋ္ဋ-အာရုံ ထိုလေးပါးတွဲကလည်း အစွဲအားပေးနေချေရာ

ရံတစ်ခါ ဘုံသားချင်းဆုံရာမှ ဘဝချင်းထပ် ဝဋ္ဋအပ်လျက်က သူ့ဘက်ရှိ အာရုံပုံကိုယ်ကယူစား၊ ကိုယ့်ဘက်ရှိ အာရုံစုံ ပုံရိပ်များကိုလည်း သူ ယူစားရန် အဆင်သင့်ပြသထားအထိ အခြေဆိုက်၏။

ရံတစ်ခါ ဘဝချင်း နီးစပ်ကြရာ အခြေပြု၍ သူ့ဝဋ္ဋကိုယ်တို့ သူ့ဝဋ္ဋကိုယ်ငြိတို့ဖြင့် အပြန်အလှန်ထိပါးကြရကား အာရုံစုံအကုန်လိုက်ခွင့်ပေးခြင်း၊ ဘုံချင်းဆုံ တစ်ဘုံတည်းပေါင်းခြင်းအထိ အခြေစိုက်စေပြန်၏။

သည့်အတူ ဝဋ္ဋချင်း တွေ့မိ ထိမိကြရာမှလည်းကောင်း၊

အာရုံချင်း အတိုက်အခံလုပ်၍ ကစားမိကြရာမှလည်းကောင်း၊

http://www.dhammadownload.com



ကျန်သုံးမျိုးစလုံးတို့ပါ ဝိုင်းအုံလာကြတော့ကာ ဘုံကပ်ပေးခြင်း၊ ဘဝထပ်ပေးခြင်း၊ ဝဋ္ဋအာရုံချင်း စပ်ပေးခြင်းများအထိအခြေစိုက်စေ၏။

ထိုသို့ ဘုံ၊ ဘဝ၊ ဝဋ္ဋ၊ အာရုံ ထိုလေးစုံတို့ အကုန်ပတ်ဝေ့ခံနေရစဉ် အတွင်း၌လည်းကောင်း၊ စိတ်–ကိလေသာ–ကံ–အကျိုးပေါ် ထိုလေးဖော်တို့ စိုက်လှော်ခံနေရသည်အတွင်း၌လည်းကောင်း၊ ဇာတိ၏အဖြစ်စာရင်း လှန်ပြနေခြင်းကလည်း အမြဲပါနေပါသည်။

ဇရာ၏အားကုန်အခြေပြကလည်း ခဏမစဲ အမြဲပါနေပါသည်။

ဗျာဓိ၏အားကုန်ရာ အနာပြခြင်းများကလည်း ခဏမစဲ အမြဲပါနေပါသည်။

မရဏ၏ အားတစ်ခုကုန် ပုံတစ်ခုပျက်ကလည်း ခဏမစဲ တွဲပါနေပါသည်။

စိတ်ကူးနေဆဲမို့ ခဏလေးစဲပေးကြစမ်းပါ တောင်းပန်လည်း မရကြပြီ။

တစ်နေ့ ထိုအတွေး ထိုအာရုံများဖြင့် ဆွမ်းခံထွက်ရန် သပိတ်သုတ်ခြင်း၊ ဝတ်ခွက်များ သပိတ်တွင်းထားခြင်းကိစ္စ ပြုလုပ်နေစဉ်

ဦးခြပျက်ကြီးဆီသို့ ဥပဇ္ဈာယ်ဆရာသည် အခန်းမှထွက်ကြွလာကာ လက်ထဲပါ ဝတ်ခွက်ကလေး နှစ်လုံးကိုလည်း ပေးစွန့်ပါသည်။

နတ်တာလူစာစဉ်

http://www.dhammadownload.com



နှုတ်တော်မှလည်း အရှင်ဘုရား တောထွက်ရန် စိတ်မကူး ပါနှင့်။ ဤသာသနာ့ဗိမာန်ကြီးသည် အရှင်ဘုရားအကြောင်းပြု၍ ဝိပဿနာဌာနကြီးတစ်ခု ဖြစ်ချင်ပါသည်။

အရှင်ဘုရား တောထွက်လည်း အရှင်ဘုရား လူဆယ် ယောက်တွေ့လျှင် ထိုလူဆယ်ယောက် ပုထုဇဉ်ဆယ်ယောက်သာ ဖြစ်ပါလိမ့်မည်။ အရှင်ဘုရားတွေ့လိုသော တရားကား တွေ့မည် မဟုတ်ပါ။

အကယ်၍ ဤကျောင်းမှာပဲ ချမ်းသာစွာနေပြီး အားထုတ်ခဲ့ လျှင်လည်း အရှင်ဘုရား တွေ့လိုသောတရားများ ဤမှာရှိနေ ပါသဖြင့် ဤမှာပင် တွေ့သိနိုင်ပါသည်။

အရှင်ဘုရား စိတ်ကူးမလွဲပါစေနှင့်။ ဤသို့မိန့်ဟတော်မူ၏။ လက်တော်များကလည်း လက်အုပ်ချီလျက်က။

ငါတို့ကား သိမ်ထွက်စ…။ ဆရာကား သက်တော်ရှစ်ဆယ် ရတည်း။

ငါတို့ကား ဆရာ စိတ်ညစ်ညူးအောင် ပြန်လှန်ပြောလေ့ မရှိတတ်။ သို့သော် စိတ်တိုင်းကျမှ လက်ခံတတ်သောအမျိုး။

ဤညဉ့်သည် တဏှာအကွက် ဆင်ပေးထားသောညဉ့် တည်း။

ဤညဉ့်သည် မာနအကွက် ဝင်ပေးထားသောညဉ့်တည်း။

ဤညဉ့်သည် ဒိဋ္ဌိအကွက် ထွင်ပေးထားသော ညဉ့်တည်း။

ထိုသို့ သိပင်သိငြားသော်လည်း သဏ္ဌာန နုသယ အဖြစ်ဖြင့်

http://www.dhammadownload.com



ထိုညဉ့်၏ သွေးများ ရိုးတွင်း ချဉ်ဆီအထိ တပ်ဖြန့်ထားပြီး ရှိချေရာ ထိုညဉ့်များကလည်း ဇွတ်တိုးကျက်စား၊ ငါတို့လည်း တဇွတ်ထိုး သမား ဖြစ်ခဲ့ရပြီ။ သို့ကြောင့်

ဆရာ့စကား ဖယ်ရှားခြင်းလည်း မပြုမိ။ နားထောင်ခြင်း လည်း မရှိဆိုသော ပြန်မပြောနားမထောင် တပည့်တစ်ပါး ဖြစ်ခဲ့ရ ချေပြီ။

နောင်သောအခါ ထိုအမူအကျင့်များဖြင့် တောထွက်ခဲ့ရာမှ တစ်တောင်တက်လိုက်၊ ထိုတောင်၏ ဝန်းကျင်နေ ဘုန်းကြီးများ လူများ၏ မစ္ဆရိယစိတ်ဖြင့် ဆန့်ကျင်ခံရခြင်း၊ အထင်ကြီးစိတ်ဖြင့် ဝိုင်းအုံခံရခြင်း၊ သာသနာ့ကိစ္စအတွင်းအပြင် ဆောင်ရွက်ရာ၌ အထစ် အငေါ့ဖြစ်ခြင်းများနှင့်သာ တွေ့ကြုံရင်ဆိုင်ရရာ

ငါပြောစကား နားမထောင်၊

သားတစ်ကောင်နှင့် တိုးလိုတွဲလောင်း။

ငယ်စဉ်က ကလေးချင်း ပြောကြဆိုကြသော ထိုစကားက နားထဲဝယ် ဥပမာ္ဗျာယ်လာရောက်ပြောသည့်အလား ကြားယောင် လာစေပါ၏။

သည့်အတူ နောက်တစ်တောဝင်လိုက် မိမိဂေါစရဂါမ်ပြုရာ ရွာများမှ လူကြီးများ တိုးဝင်လာပြီး မိမိကို မှီ၍ သာသနာကိုမှီ၍ ကိုယ်ကျိုးရှာခြင်းများ မတန်မရာသောဂုဏ်ဖြင့် မိမိအား မြှောက်ပင့် နေကြရာမှ ဘုန်းကြီးများနှင့် ထိပ်တိုက်တိုးရခြင်း စသည့် မဖွယ် မရာများနှင့်သာ တွေ့ကြုံရင်ဆိုင်ရရာ

http://www.dhammadownload.com



ငါ ပြောစကား နားမထောင်၊
သားတစ်ကောင်နှင့် တိုးလိုတွဲလောင်း။

ကလေးချင်း အဖျင်းပြောသော ဤစကားကသာ ဥပဇ္ဈာယ် မပြောသော်လည်း ပြောဘိအလား နား၀ယ် လာရောက် ပေါ်ထင် နေပါ၏။

ထိုသို့ ဥပဇ္ဈာယ်ဆရာ၏ တောင်းပန်ပြော ပြောစကားကို နားဖြင့်သာနာ သဒ္ဓါဖြင့် အပါယူခြင်း မပြုလေဘဲ စိတ်စဉ်မြဲသော တောထွက်ရေးခရီးကိစ္စ အကျိုးဆောင်လူကြီးများနှင့် လုပ်မြဲလုပ်ကြ ရာ ...

ဝါကျွတ်၏ လေးရက်မြောက်ရောက်သည်နှင့် ထိုတောထွက် ဘ၀ ခံယူလိုက်ပြီ၊ ခြံအစုံ ခုန်ဖို့ကြိုးစားခြင်း။

ဥပဇ္ဈာယ်ကိုကား စာဖြင့်သာ ခွင့်ပန်တောင်းပန်ထားခဲ့၏။ ထွက်ခါနီးဆဲဆဲ အာရုံဖြင့် ကန်တော့ခဲ့သေး၏။ ပြီးသော် ဆွမ်းခံရင်း ဖြင့် ထွက်ခွာခဲ့ပြီ။

ထိုအချိန်၏ ထူးခြားသော ဖြစ်စဉ်များမှာ တောထွက်ရန်၏ တစ်ခဏအလို လူကြီးအိမ်၌ ဆွမ်းစားအပြီး ကားအလာစောင့်ဆိုင်း နေဆဲ အချိန်ပိုင်းလေးအတွင်းမှာပင်။

ပထမ – မိုးကြီးသည်းထန်စွာ မြို့လုံးကျွတ်ရွာသွန်း၏။

ထို့နောက် ငါတို့ဦးခေါင်းပေါ်၌ မိုးကြိုးထစ်၏။

ဦးခေါင်းပေါ်၏ ကောင်းကင်ပြင်တစ်ခုလုံး လျှပ်စီးများ လက်နေ၏။

http://www.dhammadownload.com



ထိုသည့်မြင်ကွင်း၏ ထိုတစ်ခဏချင်း အတောအတွင်းမှာ ပင် တစ်မြို့လုံးရှိ ကတ္တရာလမ်းမကြီးများ ရေလွှမ်းသွားတော့၏။ အချို့လမ်းကြီးများကား ကားသွားမရလောက်အောင် ရေများ ဖုံးလွှမ်းနေ၏။

သို့ဖြင့်ပင် တောဘက် အာရုံယူ၍ ထွက်ခဲ့ရာ နံနက် ၁၁း၃၀ နာရီရထားဖြင့် အညာသို့ဆန် တောထွက်ရန် ဟန်ပြင်လိုက်ချေပြီ။ ရထားထွက်ပြီ။ လိုက်ပို့သူများ မျှော်ကျန်နေ ရစ်ကြပြီ။ ထိုစဉ် လက်မှတ်နံပါတ် ခုံနံပါတ်များကလည်း ၁၁၊ အတွဲ ကား ၇ ဖြစ်နေ ပြန်ရာ ...

ဆယ့်တစ်မီးတဲ့ အပြီးခွဲပြီပေါ့။

ဤကြွေးကြော်သံများ စိတ်ထဲမှပင် တိုးတိုးရွတ်လျက်ထွက် ခဲ့ပြီ။

ဤမြို့တော်ကြီးသည် အောက်ဘုံ ခုန်ချခဲ့ရာနေရာ ဖြစ်ခဲ့၏။

ဤမြို့တော်ကြီးသည် အထက်ဘက် ပြန်တက်ခဲ့ရာ၏ နေရာ ဖြစ်ရပြန်၏။

သို့မဟုတ် ဤမြို့ ဤနေရာသည် နေဝင်သွားရာ နေပြန် ထွက်လာရာ၏ အစတည်း။ ယခုသော် ထိုမြို့တော်ကြီးကား ငါ၏သွားခြင်းသည် အဝင်နှင့်အထွက်တို့၏ အလွတ်ဘက်သွားတော့ မည်ဖြစ်ရာ မြောက်သို့မျှော် အော်ခေါ်မလိုဖြင့် ကျန်ခဲ့ပြီ။

ရထားကြီးကား ချွတ်ယွင်းခြင်း တုံ့ခြင်းဆိုင်းခြင်း အလျင်း မရှိဘဲ လိုရာခရီးထောက် အရောက်ပို့ပေးခဲ့ကာ ရှေ့ဆက်ထွက်သွား

http://www.dhammadownload.com



ပြီ။ အချိန်ကား ညဘက်ကြီးဖြစ်နေသဖြင့် ရောက်ရာမြို့လေးမှာပင် ထိုည အချိန်ကုန်လွန်စေရ၏။

နံနက်လင်းတွင်ကား ဆွမ်းခံရင်းပင် တောရဆောက်တည်ရန်ကောင်းသောနေရာကိုလည်း တောင်တောင်မြောက်မြောက် မျက်စိကစားကာ လျှောက်ဖွေရှာမိ၏။

တွေ့ရပြီ၊ ဘွားခနဲကြီး ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

မြို့လေး၏အရှေ့ဘက်တစ်ခွင်လုံး ရှမ်းရိုးမတောင်တန်းကြီးက စိမ်းညိုပြာလွှဲသော အပြင်အဆင်ဖြင့် တောင်နှင့်မြောက် လဲလျောင်းကာ ပြနေ၏။

အထူးခြားဆုံး မျက်စိထဲ အဝင်ဆုံဆုံးမှာ မြို့၏အရှေ့မြောက်ရှိ တောင်ခြေ၏ တည်နေပုံပင်ဖြစ်တော့၏။

ယင်းမှာ ဂ–ငယ်ပုံစံဖြစ်ပြီး တစ်ဖက်တစ်ချက်တို့တွင် ကွေ့ဝိုက်ကာ ရိုးကြီးနှစ်ခုတို့က အောက်ဘက်သို့ ဆင်းလာပြီး အလည်တွင်ကား ချိုင့်ဝှမ်းကြီးဖြစ်ကာ ကျန်နေခဲ့၏။

ထိုချိုင့်ဝှမ်းကြီး၏ထိပ်တွင်ကား ချွန်မောက်သော တောင်ထွတ်တစ်ခုက တည်နေပြန်၏။ စေတီပုထိုးများတည်ရန် အလွန်ကောင်း၏။

သို့နှင့် ထိုနေရာဆီသို့ မျက်နှာမူလျက်ကပင် ဆွမ်းခံရင်းလိုက်လာခဲ့ရာ နေမွန်းတည့်လောက်တွင် ထိုတောင်ခြေ၏ ရွာတစ်ရွာသို့ ဆိုက်၏။

ရောက်သည်နှင့် ရွာကျောင်းဘုန်းကြီးထံ ဤတောင်မှာ

http://www.dhammadownload.com



တောရ ဆောက်တည်ခွင့်ပြုပါရန် လျှောက်ကြားရာ သည်မှာ မကောင်းဘူး။ မြောက်ကိုသွား။ ရွာတစ်ရွာ၏ဘေးမှာ ရှေးဘုရား ဟောင်းများရှိသောနေရာသည် ဆိတ်ငြိမ်၏။ ဆွမ်းခံရွာနှင့်လည်း မနီးမဝေးဖြစ်၏။ ရေလည်း ချောင်းတွင်းဆင်းခပ်ရုံပင်ဖြစ်၏ မိန့်ရာ ထိုဘုန်းကြီးညွှန်သောအတိုင်း ပုဂံကျောက်များသယ်သော ကားများ ၏ဘီးရာအတိုင်း မြောက်စူးစူးသို့ လိုက်သွားရာ ညနေ နေမဝင်မီ ထိုရွာရောက်သွား၏။ ရွာဘုန်းကြီးထံဝင်၍ ဤရွာမှ ဂေါစရဂါမ်အဖြစ် ဆွမ်းခံ၍ထိုဘုရားဟောင်းများ တည်ရှိရာတွင် တောရဆောက်တည် ခွင့်ပြုပါရန် ခွင့်ပန်၏။ ခွင့်ပြု၏။ ပြီးသော် လူတစ်ယောက် လမ်းပြ ထည့်လိုက်၏။ ထိုလူသည် အဝေးမှပင် လက်ညှိုးထိုးကာ ပြန်သွား၏။

တစ်ရက် နှစ်ရက် သုံးရက်မြောက်သွားပြီ။

ဆွမ်းခံပြီးတိုင်း ဝိုလျှံသမျှဆွမ်းများ ရွာကျောင်းတွင် ဝင်လှူ၏။ သံဃာချင်း အလ္လာပ သလ္လာပပြောကြ၏။ ထိုစဉ် ထိုဘုန်းကြီး ကလည်း သည်မှာမနေရန် တားပြန်၏။ သို့ကြောင့် တစ်ပတ်ပြည့် ရန်အထိ ခွင့်ပြုပါရန် လျှောက်ထားပြီးပြန်ခဲ့၏။ နောင်မှသိရသည် မှာ ထိုနေရာသည် အလွန်ကြမ်းဆို၏။ နေ့ခင်းမှာပင် မည်သူမျှပင် မသွားရဲသောနေရာဆို၏။ သို့ဆိုသော်

– တစ်ရွာနေ ဘုန်းကြီးကလည်း ငါတို့ကို သည်နေရာ ဘာ ကြောင့်လွှတ်သနည်း။

– သည်ရွာနေ ဘုန်းကြီးကလည်း အစသော် ဘာကြောင့် လက်ခံသနည်း။

http://www.dhammadownload.com



ငါတို့ကား ဘာအန္တရာယ်မှ မတွေ့ရသည့်အပြင် ငါးရက်မြောက်ခန့်၏ညနေ နေမဝင်မီအချိန် ဘုရားများ၏ တောင်ဘက်ချောင်းဘေးတစ်လျှောက်အတိုင်း လှည်းတန်းကြီးမောင်းနှင်သွားသံများ ကြားနေရပြီ။

ဦးပဥ္စင်း တပည့်တော်တို့သွားပြီ ဘုရား။ အမျိုးသမီးအသံတစ်သံ၊ ဤသို့ထင်ရှားထူးခြားစွာ ကြားလိုက်ရ၏။

ဤအသံနှင့်ဆက်၍ ဖြစ်ရပ်တစ်ခု ရောက်စကပင် ဖြစ်ခဲ့သေး၏။ ငါတို့ဘူတာမှာ နားခဲ့ရသော ညကပင်။ ထိုရွာမှ မိန်းမတစ်ဦးအား ငါတို့ နက်ဖြန်ညနေ နေမဝင်မီ ရွာတွင်းဝယ် တောင်မှမြောက်သို့ တောင်ဝှေးထောက်လျက်က ရဟန်းတစ်ပါး သင်္ကန်းရုံသပိတ်လွယ်လျက် ဖြတ်လျှောက်သွားမည်။ ၎င်းရဟန်းအား ငွေတစ်ကျပ်လှူရန် အိပ်မက်ပေးသည်ဆို၏။ ဤသည်မှာလည်း အကြောင်းရှိတန်ရာ၏။

တစ်ပတ်မပြည့်မီ အတောအတွင်းမှာကား အဝေးရွာများမှလည်း ရွာကျောင်းဘုန်းကြီးက ငါတို့အား နှင်ထုတ်သည်ဆိုသော စကားကြောင့် လာရောက်ပင့်ကြ၏။

အနီးနေ ဥယျာဉ်ကြီးအတွင်းမှ သူကြီးဟောင်းကြီးကလည်း ကြားကြားချင်း အဦးဆုံး လာရောက်ပင့်လျှောက်၏။

သည်မှာနေလိုပါကလည်း တပည့်တော် တာဝန်ယူပါမည်။

ရှေ့ဆက်သွားလိုပါကလည်း တပည့်တော်စရိတ်ခံ ပို့ပါမည်။

http://www.dhammadownload.com



သွားမည်ပြုသောအခါ တပည့်တော်၊ ဥယျာဉ်သို့ ဝင်ခဲ့ပါရန် ဟူ၍ပင် ဖြစ်၏။

သို့နှင့် နောက်လေးရက်သို့ ရောက်လာ၏။

ထိုအခါ ကိုယ်တော် မသွားသေးဘူးလားဟူ၍ ရွာဘုန်းကြီးက ထပ်မံနှင်ထုတ်ပြန်ရာ တပည့်တော် သည်မှာ အမိန့်ခွာနံ ၁၀ ရက် ရှိပါသဖြင့် အရှင်ဘုရားအား နောက်ထပ်တစ်ပတ် လျှောက်ထား ခဲ့ပါသည်ဘုရား။

သိပေါင်ဗျာ။ ကျုပ်က အရင်သုံးရက်ပါပေါင်းပြီး တစ်ပတ် တွက်နေတာ။

နောက်ထပ် တစ်ပတ်ပြည့်သောအခါ ယနေ့သွားပါမည် ဘုရား ဟူ၍ ဆွမ်းခံရင်း ဝင်ရောက်ကာ ဂါရဝလည်းပြု နှုတ်လည်း ဆက်ခဲ့၏။

နေ့ခင်း ဖိုးသူကြီးအား ကတိပေးထားသည့်အတိုင်း မိမိ နေရာမှနေ ဖိုးသူကြီး၏ဥယျာဉ်သို့ ထွက်ခွာလာခဲ့တော့၏။

ထိုဥယျာဉ်၏ သရက်ပင်ကြီးတစ်ပင်အောက်မှာပင် ငါးရက် ခန့်နေရသေး၏။ ထို့နောက် ဖိုးသူကြီး ဩဇာညောင်းသော သူ၏ ရွာမှလူများနှင့် နေ့ချင်းပြီး တဲကျောင်းကလေး အဝေးကမြင်ခဲ့သော ထိုတောင်၏ တောင်ခြေမှာပင် ဆောက်လုပ်လှူဒါန်းကြ၏။ ဆွမ်းကို လည်း ထိုဖိုးသူကြီး၏ ရွာကြီးမှာပင် သွားရောက်ခံယူရ၏။ ထိုစဉ်

တပည့်တော်တို့ရွာက တောကြက် တောင်ငှက်တွေပါဘုရား။

အရှင်ဘုရား သိသင့်တာမှန်သမျှ ဟောပြပါဘုရား။

http://www.dhammadownload.com



ဤသို့ လျှောက်ထားကြသဖြင့် သရဏဂုံ၊ သီလရှင်းတမ်း၊ ဒါနရှင်းတမ်းများ အခြေခံကအစ ရှင်းပြ၏။

ထိုအခြေခံရှင်းလင်းချက်များနှင့် ဩကာသပါမကျန် စေတနာထားပုံ အာရုံယူပုံ ရှိသေစွာဆိုရပုံများ ရှင်းပြရာ မှန်သဟော့ ကောင်းသဟော့ ဖြစ်ကုန်ကြပြီ။

ထိုမှန်ကောင်းသတင်းက တစ်ရွာမှတစ်ရွာ ဆက်လက်ပျံ့နှံ့သွားတော့ရာ၊ ထိုရွာက ဆွမ်းခံပင့် သည်ရွာက ဆွမ်းခံပင့် ပင့်ကြလေရာ၊

ပုံမှန်လာနိုင် သွားနိုင်သော ရွာပေါင်းကား ခုနစ်ရွာအမြဲထား၊
ရံတစ်ခါ လာရသွားရသော ရွာပေါင်းကား ကိုးရွာ။

သည်မျှအထိ လိုက်လံ၍လည်း ဆွမ်းခံပေးရ၏။ ဟောလည်းဟောရ၏။ ကြာသော် မိမိဟောသော ပြောသော တရားများကပင် မိမိနားကပ် ပဲ့တင်သံအဖြစ် ထင်ကျန်စွဲကျန် နေရစ်ကြလေရာ

ဆွမ်းခံပြန်လည်း ကိုယ့်အသံ ကိုယ်ကြား အသံကားမရပ်နား။

ဆွမ်းစားဆဲလည်း ကိုယ့်အသံ ကိုယ်ကြား အသံကား စဲမသွား။

တရားအားထုတ်ရာ၌လည်း ကိုယ့်အသံ ကိုယ်ကြား အသံကား ခွာမသွား။

စိတ်အခံ၊ ကံ၊ ကိလေသာ၊ ဝိပါကများ အားတွန်းလိုက်လာနေချေပြီ။

http://www.dhammadownload.com



စိတ်သည် မပဟောခင်ကပင် သွားရင်း ဟောရန်တရား တွေး ပေးရ၏။

ကိလေသာကား ဒါလေး ဒီလိုဟောပြလိုက်ရလျှင်

ဉာဏ်ကား ဝစီနှုတ်ဖွင့် ဆင့်၍ဆင့်၍ ဟောပေးနေရပြီ။

ဝိပါက်ကား အစွဲကြီး အသည်းလှျံ ကိုယ့်အသံပင် ကိုယ် ပြန် ကြားနေရပြီ။

အရှက်အကြောက် အလွန်ကြီးသော ဦးခြံပျက်ကြီး၊ မည်သည့် ကာလကမျှ လူအုပ်ကြား စကားမပြောဝံ့ခဲ့ဘဲ ရှိရာ၊ ယခုသော် လူပုံအလယ် ဟောပြောနေရပြီ။ မည်မျှစွဲကျန် နေရစ်ခဲ့မည်နည်း။

ဘုံသည်လည်း ကြုံရာနောက် တကောက်ကောက်လိုက်၏။

ဘဝသည်လည်း ဆုံရာအကြား ဝင်နားလေ့ရှိ၏။

ထိုအခါ မြင်မိမြင်ရာ အာရုံများမှတစ်ဆင့် ရဟန်းဖြစ်နေသော် ရဟန်းနှင့် ပတ်သက်သော ဝတ္တုချင်းများ အတိုက်ခံရပြီ။ အာရုံချင်းလည်း ရဟန်းအလိုက် အတိုက်ခံနေရပြီ။ သို့ကြောင့်

ထိုတစ်ကြော တောထွက်ဘဝနှင့် နေစဉ်ကာလအတော အတွင်း မိမိခန္ဓာတွင်း၌ အရှိန်နှင့်လည်း စက်၊ အချိန်နှင့်လည်း စက် လျက်က ဖြစ်လျက်ပျက်ကျနေကြသော ဓာတ်ဘေး ဇရာဘေး ဗျာဓိဘေး မရဏဘေးဆိုးကြီးများကလည်း ခြေရာနင်း အတင်း လိုက်ပါနေကြရာ ...

ဓာတ်သည် လမ်းအခြေခံထုနှင့်တူစွာ

ဇရာသည် လမ်းခင်းကျောက်များနှင့်တူစွာ

http://www.dhammadownload.com



ဗျာဓိသည် လမ်းခင်းကျောက်ကြား ထိုးညှပ်ထားရာ သံများ တူစွာနှင့်၊

မရဏာသည် အပေါ်ယံလမ်းကြောင်း ကတ္တရာလောင်းများ နှင့်တူစွာ၊

ထိုဇာတိ ဇရာ ဗျာဓိ မရဏာ လမ်းမကြီးပေါ်မှာပင်

ဘုံ ဘဝ အာရုံ ဝတ္ထုတို့ကလည်း လေးချောင်းထောက် ဒလိမ့် ဘီးတစ်ခု။

စိတ် ကိလေသာ ကံ ဝိပါက် တို့ကလည်း လေးချောင်း ထောက် လိမ့်ဘီးတစ်ခု။

ထိုလိမ့်ဘီးကြီး နှစ်ခုတို့အပေါ်ဝယ် ခန္ဓာအားယာဉ်ပမာ တပ်ဆင်လျက်၊ ရုပ်နာမ်နှစ်ဖြာအား နွားနှစ်ကောင်အရာ ထား လျက်က တစ်ရက်မှတစ်ရက် ရှေ့သို့ ရှေ့သို့ ဆက်ထွက်လာခဲ့ပြီ။ ထိုထွက်ခြင်းကား ဝန်ပေါ့ဖြင့် ထွက်နေရခြင်းများချည်းသာ။ တစ်ဖန်

ထိုသို့ တစ်ရွာဝင် တစ်ရွာထွက် ဟောပြောခြင်း မပျက် ဆွမ်းခံထွက်နေစဉ်ကာလ အတောအတွင်း ပထမဖိုးသူကြီးရွာမှ ရွာကျောင်းဘုန်းကြီးက ဦးခြိပျက်ကြီးကိုကား နှင်မထုတ်။ ဦးခြိပျက် ကြီးဆီ လာရောက်ကြ။ ဝေယျာဝစ္စ ပြုလုပ်ကြသော သူ့ရွာနေလူ များကို သာရေးနာရေး အပင့်အဖိတ် မလိုက်ဟူသော အမိန့်နှင့် အတူ သဝိတ်မှောက်တော့၏။

သည့်မျှမကသေး ထိုရွာရောက်စဉ် မိမိဆွမ်းခံရာမှရသော

http://www.dhammadownload.com



ဆွမ်း ခဲဘွယ်များ သွားပို့စေရာတွင်လည်း လက်မခံဘဲ ပို့သူများကိုသာ စားစေခဲ့၏။

ထို့နောက် တစ်ရွာမှလည်း ဆွမ်းခံပင့်ဖိတ်ရန် သွားရောက်လျှောက်ထားသော သူများအား ရိုက်မည်ပုတ်မည် လုပ်ပြန်လေ၏။

ဦးဆုံး တောထွက်ရာ၏။ ဦးဆုံးသော အတွေ့အကြုံကား ခက်ခဲကြမ်းတမ်းလွန်းလှစွာ၏။ အရိပ်မှထွက်ခွာလာခဲ့သူ၏ နေပူအတိုးခံရခြင်းများပင် ဖြစ်ကြ၏။ နောက်သော် အားလုံးကြည်ဖြူသွားကြ၏။ သူတို့မကျင့်နိုင်သော အကျင့်မျိုး ကျင့်သူအဖြစ် အသိအမှတ်ပြုကြပြီး သူတို့ကပင် ဦးဆောင်ကာ တောင်၏ကိစ္စအဝဝ၊ ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်တော်မူလာကြ၏။

သို့သော် ပင့်သူများ၏အလိုချည်း လိုက်နေရတော့ရာ

ရံတစ်ခါ လမ်းမှာပင် ဆွမ်းစားခဲ့ရပြီး နေ့ခင်းမှပင် ကျောင်းသို့ ပြန်ရောက်ရ၏။

ရံတစ်ခါ ညနေ နေဝင်မှပင် ကျောင်းသို့ ပြန်ရောက်ခဲ့ရ၏။

နံနက်ဆွမ်းခံအတွက်လည်း အလွန်ဝေးသောရွာများအလှည့်ဆိုပါက နံနက်အရုဏ်တက်ကပင် စတင်ထွက်ရ၏။ ထိုသို့ချည်း ပြုရဖန်များလာသောအခါ

စိတ်သည် တရားခွင်၏ အဝန်းအဝိုင်းထဲသို့ မဝင်ချင်တော့ပြီ။

ယင်းတရားခွင်ကြားအစား

နံနက်က တစ်ရွာဝယ် ရယ်ရယ်မောမော စကားပြောနေရာသို့ သွားရောက်၏။

http://www.dhammadownload.com



နံနက်က ရွာမှကပ်သော ဆွမ်းခဲဘွယ်များ ပလုပ်ပလောင်း စားရာသို့လည်း သွားရောက်၏။

စိတ်သည် အပေါက်မရှိအပေါက်ရှာထွက်သောအမျိုးမဟုတ်လော။

ထိုစိတ် သည့်မျှ မငြိမ်ဆိတ်တော့လျှင်

ရဟန်းဖြစ် ရဟန်းညစ် ညစ်စေသော ကိလေသာများလည်း ဝင်လာပြီ။

ရဟန်းဖြစ် ရဟန်းလို လုပ်ရသောကံများကလည်း ပတ်သက်လာနေပြီ။

ရဟန်းဖြစ် ရဟန်းခံစားခွင့် အကျိုးများကလည်း ဆက်လိုက်လာနေပြီ။

ထိုအကျိုးနောက်တွင်ကား စိတ်ဆော့ခြင်း ကိလေသာထခြင်း ကံကျူးခြင်း အကျိုးဆက်များ တိုးတက်ခံယူလိုက်ရရာ

တောင်ပေါ်မှ အရှိန်ဖြင့် ဆင်းလာသော လှည်း၏ဘီးများသည် တစ်ပတ်ပြီးတစ်ပတ် မရပ်နားတမ်း လိမ့်ဆင်းဆင်းလာနေပါသည်ပမာ။

ရပ်တန့်ခြင်းငှာ မတတ်နိုင်ပြီ။ စိတ်တွေးမပေါ်ရန် ပို၍ သတိထားလေ၊ အတွေးပေါ် အမျှော်ဝင်လေ ဖြစ်လာနေချေပြီ။ ထို စိတ်–ကိလေသ–ကံ–ဝိပါက်များ လက်ယှက်ထိုး၍ တစ်ခုပြီးတစ်ခု တိုးဝင်လာစဉ် ဇာတိ–ဇရာ–ဗျာဓိ–မရဏ ခင်းထားလမ်းမကြီးကလည်း တန်းစီလျက်ကပင် အဆင်သင့်ခင်းထားပြီး ဖြစ်၍နေချေပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



စိတ်တစ်ချက် အသိဉ်လည်း ထိုလေးချက် မပျက်မကွက်။
ကိလေသာတစ်ချက်ပွက်ဉ်လည်း ထိုလေးချက် မပျက်မကွက်။
ကံတစ်ချက် ထွက်ရာဉ်လည်း ထိုလေးချက် မပျက်မကွက်။
ဝိပါက်တစ်ချက် ဆက်ဉ်လည်း ထိုလေးချက် မပျက်မကွက်။

ဤသို့လျှင် ဇာတိ စသည် ထိုဘေးဆိုးကြီးလေးမျိုး၊ လမ်းရိုးကြီးတို့သည်လည်း မိမိ၏စိတ် ဖောက်ပြန်ရာမှဖြစ်သော ကိလေသာ–ကံ–ဝိပါက်လေးဘီးလိမ့်ရာဉ်လည်းကောင်း၊

မိမိ၏ရောက်ရာဘုံ ရရာဘဝ တွေ့ရာဝတ္ထု အာရုံပြမျာနှင့် တိုက်မိကြရာ၏ လေးဘီးလိမ့်ရာဉ်လည်းကောင်း၊

ဘဝပြောင်း၍ ပြောင်း၍ ထိုဘေးဆိုးကြီးများ ကျရောက်နေချေရာ မသိခင်ကသာ ပျော်၏။ ယခုသော် ပျော်၍လည်း မရတော့ပြီ။

ပျော်၍မရတော့သဖြင့် တော်တော့ပြောရန်မှာလည်း ဘုံနှင့် ဘဝ လက်ခံပြီးသား ဖြစ်နေနှင့်ရာ ဘွာခတ်၍မရတော့ပြီ။

ထိုဘုံဘဝနှင့်အတူ ချိတ်ပေးထားသော စိတ် ဝိတ်ပစ်၍မရတော့ရာ တော်တော့ပြောလည်း မောရုံသာ။

လူနှင့်စက် တွဲဖက်လည်ပတ်ရသော စက်ရုံကြီးများကား
လူသည်လည်း တစ်ရက်တာအလုပ်ဆင်း တစ်ညခင်း အနားပေးခွင့်ရသေး၏။

စက်သည်လည်း တစ်ရက်တာလည်ပတ် တစ်ညတာရပ် အားလပ်ခွင့်ရသေး၏။

http://www.dhammadownload.com



ဤ ငါ့ခန္ဓာတွင်းရှိ
စိတ် ကိလေသ ကမ္မ ဝိပါက လေးမျိုးတို့သည်လည်းကောင်း
ဘုံ ဘဝ ဝဋ္ဋ အာရုံ အမိုးလေးမျိုးတို့သည်လည်းကောင်း
ဇာတိ ဇရာ ဗျာဓိ မရဏ ဘေးဆိုးလေးမျိုးတို့သည်လည်းကောင်း၊

ပဋိသန္ဓေတည်ပြီးနောက်ကတည်းက ငါ၏နောက်တောက်လျှောက် ခြေရာနင်းကာ လိုက်ပါနေချေရာ မသေမချင်း ငါကား အလုပ်ဆင်းလျက်ကသာ။

လူအနားယူသော်မှ စိတ်နှင့်သူ အနားမယူ။
လူအိပ်သော်မှ သူနှင့်စိတ် မအိပ်။

ထိုသုံးကွင်းပတ်လည်ကြီး၏အတွင်း ဝင်ရောက်ကွင်းဆင်းနေရသော ငါ၏ဘဝကား ...

ပတ်ကွင်းမှ ထွက်ရာ၏။ တရားဘာဝနာဘက် စိတ်နားသက်ရန် အားယူလေတိုင်း ကံ ကိလေသ ဝိပါကတို့၏ တားဆီးနေသည်ကိုချည်း ခံရရာ ရန်သူ၏လက်ကြား သုံ့ပန်းအရာ ထားခံရသူထက် ထိချက်နာစေပြီ။

ထိုသို့ အနာကို အနာဟူ၍ သုံးသပ်ဆဲမှာပင် ဖိုးသူကြီးက တစ်စခန်းထလာပြန်ချေပြီ။

သည်တောင်ထိပ်မှာ ၆ တောင်လောက် စေတီငယ်တစ်ဆူ တည်ပေးပါရန် လျှောက်ထားလာပြန်၏။ ရောက်၍မှ တစ်လကျော်ကျော်ရှိသေး။

http://www.dhammadownload.com



ငါတို့ကရဟန်း ဘုရားမတည်ကောင်း။ ဒကာကြီး တည်လိုက အကြံဉာဏ်မျှသာ ပေးကောင်း၏။

သည်လိုဆို အကြံလေးသာပေးပါ သူတည်ပါမည်၊ ရှေ့ဆက်တက်ပါ၏။ မလှုပ်သာသဖြင့် ငြိမ်နေလိုက်၏။

သူကိုယ်တိုင် တည်မည်သာဆို အသက်ကား ၇၅ နှစ်ထဲ ရောက်နေပြီ။ ဟိုဟိုသည်သည် သွားရန်ပင် မျက်စိအား လူအား မရှိတော့။

ငါတို့အား မရမကပင့်ခြင်း၏ ရည်ရွယ်ချက်လည်း ဖူးပေါ် သလို ပေါ်လွင်လာပြီ။

ဤတောင်၌ သူ၏မယား ဥစ္စာစောင့်အဖြစ် ရှိနေကြောင်း အတပ်သိသည်ဆို၏။ တောင်ပေါ်မှ ဥယျာဉ်သို့ ဆင်းလာတိုင်း အမွှေးနံ့များ အထင်အရှား မွှေးသည်။ တစ်ခါမက အခါခါကြုံရသည် ဆို၏။

သို့ကြောင့် မယားအလွမ်းပြေ လွမ်းစေတီတည်လိုခြင်းပင်။

ငါတို့ကား အိုးပိုး ဒါကြောင့်ကိုး ဟူ၍ တိုးတိုးမှတ်ချက်ချမိခဲ့၏။

သို့နှင့် တပေါင်းလပြည့် ထီးတင်အမီ တန်ဆောင်မုန်းမှ စတင်ကာ အုတ်များ သဲများ တောင်ခြေဝယ် စုကြရ၏။ ငါတို့သည် လည်း ဆိုင်ရာသို့ အာရုံယူ မေတ္တာပွားလျက်က ဤစေတီဟောင်း၏ ရာဇဝင်ကိုလည်း သူ့ဆိုင်ရာ မေးကြည့်ပေးရ၏။

http://www.dhammadownload.com



စေတီ၏နောက်ခံသမိုင်းကြောင်း သိမှီပြီးသောအခါ ယခု အသစ်တစ်ဖန် စေတီတည်ရာ၌ ပုံစံ သူ့ဆိုင်ရာ မေးကြည့်ပေးရ၏။ မိမိ၏အမေးအတိုင်းပင်

စေတီ၏သမိုင်း သုံးဆင့်တို့ကိုလည်း သိခွင့်ရခဲ့ပြီ။

စေတီပုံစံမှူးမက ဘွဲ့တော်ပါလည်း သိခွင့်ရခဲ့ပြီ။

စေတီ၏တည်ရမည့် ဉာဏ်တော်အမြင့်ကိုလည်း သိခွင့်ရခဲ့ပြီ။

ထိုအခါ တရားဈာန်အစား ဘုရားဈာန်များက နေရာဝင်ယူလိုက်ချေပြီ။ သို့ကြောင့် စိတ်မပါရာကနေ စိတ်ပါရာသို့ ပြောင်းရွှေ့လာခဲ့တော့သည်။

ထိုသို့ ဘုရားဈာန်ဝင်စားရာမှပင် ဘုရားဇောများကျရောက်လာသောအခါ စိတ်သည် ဘုရားတည်ရန်ကိစ္စ၌သာ ဇောကပ်နေတော့သည်။

ကိလေသာသည် ဘုရားတည်ကိစ္စ၌သာ သာယာနှစ်သက်နေတော့သည်။

ကံသည်လည်း နံနက် ညများတွင် တောင်အောက်သို့ ဆင်း၍ အုတ်သယ်ခြင်း၊ ရေထမ်းခြင်း၊ သဲသယ်ခြင်းများ၌သာ နစ်မြုပ်သွားတော့သည်။

ဝိပါက်သည်လည်း လုပ်သမျှအကြော သဘောကျလျက်ကသာရှိတော့သည်။

http://www.dhammadownload.com



ထိုစက်လေးချက်တို့သည် လေးလပတ်လုံး မပြတ်လည်ပတ်နေခဲ့ရ၏။

တပေါင်းလပြည့်နေ့တိုင်အောင် လည်ပတ်ရဆဲ ဖြစ်ခဲ့၏။

တပေါင်းလပြည့်သို့ တိုင်ခဲ့ပြီ။ ဝေနေယျအားလုံး ၁၁ မိုးငြိမ်းစေရန် ၁၁ တောင် ၁၁လက်မ ဉာဏ်တော်အမြင့်လည်း တည်ထားပြီးစီးခဲ့ပြီ။ ထိုအခါ မထင်မရှားမှုသော သည်ဦးခြံပျက်ကြီးသည် လောကမုနိဆရာတော်ဟူ၍ ထင်ပေါ်ကျော်ကြားခဲ့ရချေပြီ။ ထိုနှင့်အတူ လှူအုံခြင်း၊ လာဘ်များခြင်း၊ မေးပြော ပြသရခြင်းများလည်း ကွင်းဆက်လိုက်လာချေတော့ရာ၊ တောထွက်ခြင်း၏အရေးကား မှေး၍မှေး၍ လာချေပြီ။ တစ်ပါးတည်း အားထုတ်ချိန်ကား မှိန်၍မှိန်၍ လာချေပြီ။ ထိုအခြေအနေများ ဖြစ်ပွားပြီး မကြာမီမှာပင်

ဘုန်းကြီး ဘုန်းကြီးချင်း အုပ်ချုပ်ရန်၏ ဘုန်းကြီးထိန်းသိမ်းရေးကော်မတီများ ရပ်ကျေးမှ ဗဟိုအထိ အဆင့်ဆင့် ဖွဲ့စည်းခြင်းများ ပေါ်ပေါက်လာချေပြီ။ ၄၂ ခုနှစ်က ထိုစဉ် အားလုံးဖွဲ့စည်းပြီးသည်နှင့် ရပ်ကျေးနှင့်မြို့နယ်မှ သံဃာ့အဖွဲ့အစည်းများက သည်ကခြံပျက်ကြီးများ ဦးစွာခေါ်ယူစစ်မေးကြမည်။ ဤသတင်း ထိုတောင်၏ အတွင်းနေများက အိပ်မက်ပေးကြရာ

ဟုတ်သည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ခေါ်ယူအစစ်အမေးခံရပြီဆိုကတည်း ကံမကောင်းတော့ပြီ။ ဤသို့ ဆင်ခြင်မိကာ ထိုတောင်၌ လပေါင်း ၂၀မျှအကြာတွင် ယင်းတို့အိပ်မက်ပေး၍ ညွှန်လိုက်

http://www.dhammadownload.com



သော ခြသေ့ညီနောင်ဆေးပေါ့လိပ်ရုံ(ဇင်းကျိုက်တောင် ရသေ့ညီနောင်တွင် ညီငယ်သီဟရသေ့၏ ဘယ်ညာဖဝါးနှစ်ဖက်၌ ခြသေ့ရုပ် တစ်ဖက်စီပါသောဟူ၏) သို့ လထွက် ၁၁ နာရီအချိန်ရောက်သို့မဟုတ် ၄၃ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်နေ့အရောက်တစ်တောင်မကောင်း တစ်တောင် ပြောင်းရွှေ့ခဲ့ရပြီ။

ထိုသို့ပင် ပြောင်းရွှေ့လာရသော်လည်း သည်နေရာ ဘုံဆောက် သည်ဘုံအောက်ကများနှင့် ရင်ဆိုင်ရတော့မည်။

ဖြစ်ရာဘဝချင်း ဝတ္ထုအာရုံချင်း ကောင်းတိုက် ဆိုးတိုက်များလည်း တစ်နွယ်ငင် တစ်စင်ပါဖြင့် မပါမဖြစ်ပါလာတော့သည်သာ။ သည့်အတူ

စိတ်အကြံ ကိလေသာဇော၏ သဘောကျ မကျကြရာများကံ၏အကောင်းထင် တမင်လုပ် မကောင်းထင် အပြင်ပုတ်များ၊ဝိပါက်၏ စိတ်တိုင်းကျလျှင် ပြုံး၊ စိတ်တိုင်းမကျ နုံးခြင်းများကလည်းသခင်သွားရာ ခွေးလိုက်ပါနည်းဖြင့် လိုက်ပါခဲ့ကြတော့သည်။

ထိုအားလုံးတို့၏လမ်းခင်း ဇာတိဘေး ဇရာဘေး ဗျာဓိဘေးမရဏဘေး ဤဘေးဆိုးကြီးလေးမျိုးတို့ကလည်း

စိတ်တစ်လှုပ် လေးမျိုးစုံ အကုန်အုပ်လျက်က၊

ကံ တစ်လှုပ် လေးမျိုးစုံ အကုန်ချုပ်လျက်က၊

ဤသို့လျှင် တွေးတိုင်း ဇောကျတိုင်း အကောင်အထည်ပေါ်တိုင်း ခံစားတိုင်းချည်း လိုက်လံနှိပ်စက်နေကြတော့ရာ သိသလောက်

http://www.dhammadownload.com



နေ၍မကောင်းပြီ။ နောင်အရေး မအေးသလောက်လည်း သေ၍လည်း မကောင်းပြီ။

ငါတို့၏တောစွဲကြီး၏ဖြစ်စဉ်ကား ထိတ်လန့်ဖို့ အလွန်ကောင်း၊ တရားကျဖို့လည်း အလွန်ကောင်း။

http://www.dhammadownload.com

# ၄။ သစ္စာလေးပါးတို့ကလည်း တစ်ချက်ကလေးမှ မျက်ခြေပြတ်မခံ

အနိစ္စဝတ သင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနော
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမော သုခေါ

သင်္ခါရာ – ကံစိတ်တို့ဦးဆောင်ရာ ပြုပြင်ရေးသမားတို့၏ လက်ရာမှန်သမျှတို့သည်၊ အနိစ္စာ – မြဲသည်ဟူ၍ မည်သူမျှ အာမ မခံဝံ့ကြကုန်။

ဥပ္ပါဒ ဝယ ဓမ္မိနော – ဖြစ်လာသလောက် ပျောက်သော အားဖြင့် ရှေ့ဖြစ်နောက်ပျောက် နောက်ပျောက် နောက်ဝင်လျှင် အစဉ်ရှိကြလေကုန်၏။

http://www.dhammadownload.com



ဥပ္ပန္နိတွာ – ဖြစ်ဖြစ်လာလေတိုင်း၊ **နိရုဇ္ဈန္တိ** – ဂုတ်တုတ် ပင်ချုပ် မြုပ်မြုပ်သွားကြလေကုန်၏။

တေသံ – ပြန်တင်လိုက် ပျက်ကျလိုက် ပျက်ကြလိုက် ပြန် တင်ပေးလိုက် ဟူသော ထိုဖြစ်ပျက်ဘေးဆိုးကြီးတို့၏၊ ဝူပသမော – အစွဲချုပ် အတွဲချုပ်သဖြင့် အငြိမ်းစားရခြင်းသည်သာ၊ သုခေါ– မပြင်ဘဲကောင်း မပေါင်းဘဲဝ အတိသုခပေတကား။

●

သည်ဦးခြံပျက်ကြီးကား ခြံကိုဖျက်၍ အထက်တက်အံ့ အကြံ ဖြင့် တောထွက်ခဲ့ရာ တောဘက်၌ တောသက်များရလာသလောက် အတွင်းခရီးကား မပေါက်တတ်သေးချေ။ သို့ကြောင့်

တောရဆောင် အမည်ခံသဖြင့် တောလောက်သာ ရနေခဲ့ သည်ချည်းဖြစ်ခဲ့၏။

ကေစာရီကျင့်သဖြင့် တစ်ပါးတည်း လာသမျှဒုက္ခ ငုတ်တုတ် ခံချည်း ဖြစ်ခဲ့ရ၏။

ဝနဝါသီ အမည်ခံသဖြင့် တောပျော်ကြီးအဖြစ် အချိန်ကုန် သည်ချည်း ဖြစ်ခဲ့ရ၏။

ယနေ့သော် အသက်အားဖြင့် ၆၀ တိုင်ခဲ့ပြီ။

ယနေ့သော် ဝါအားဖြင့်လည်း ၂၂ ဝါ တိုင်ခဲ့ပြီ။

ထိုအသက် ထိုဝါများအတွင်း အချို့လပိုင်း အချို့နှစ်ပိုင်း အများဆုံး နေခွင့်ရမှ သုံးနှစ် အလွန်ဆုံးဖြစ်ခဲ့ခြင်းကြောင့်

http://www.dhammadownload.com



ရွှေ့ခဲ့ရသောနေရာပေါင်းကလည်း ၁၉ နေရာတိုင်ခဲ့ပြီ။

ထိုသို့ ရွှေ့ရခြင်း၏အတွင်းခံ အကြောင်းများမှာကား

ဘယ်နေရာရောက်ရောက် ဌာနေသံဃာများ စိတ်ငြိုငြင်ကြောင်း ကြားသိရကာ ထိုနေရာ ငါမနေ။

ဘယ်နေရာရောက်ရောက် လူရှုပ်လာဘ်ပေါ ကျော်ဇောခြွေရံ ဤလေးတန် အခံရှိနေက ထိုနေရာ ငါမနေ။

ဘယ်နေရာရောက်ရောက် သာသနာမှီ၍ မိမိကိုယ်ကျိုးရှာလိုသော လူရှင်ရဟန်းများတွေ့လာရကာ ထိုနေရာ ငါမနေ။

ဤ ငါမနေသုံးချက် တစ်ချက်ချက်တို့ကြောင့်ပင် ဤငါသည် နေရာတကာ တောလုံးပတ်လည် ပြောင်းနေရပါ၏။ ခန္ဓာအတွင်းနေ လေးမျိုး၊ လေးမျိုးသောစက်များ၏ ချာလည် ပတ်လည်နှင့် နှင်လား ငါလား အပြိုင်ပတ်လျက်ကပင် ရွှေ့ပြောင်းခဲ့ရပါ၏။

ဤသို့ ရွှေ့ပြောင်းဝေ့ပတ်ရာတိုင်း၌လည်း တောစွဲကြီးကြီး တောမှီးရာမှဖြစ်သော တောခင်သမုဒယထား အားကြီးလာရာ ယင်း၏အကျိုးဆက်အဖြစ် တောတောင်တွင်း၌ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေး ဒုက္ခများကလည်း မရှိမဆံ့ချည်း ခံခဲ့ရပါ၏။ ခံနေဆဲလည်း ဖြစ်ပါ၏။ ထိုခံရတိုင်း ပေါ်လာတိုင်းသော ပြဿနာများကို အေးငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းသွားရန် ကြိုးစားလေသောအခါ ရှေ့ရှေ့ပြဿနာများကား အချို့အလိုလိုပင် ချုပ်ပျောက်သွားကြ၏။ အချို့ဆိုင်ရာ အကူအညီရလေမှ ချုပ်ပျောက်သွားကြ၏။ ထိုသစ္စာတရားများကား တောတိုင်းဝင် အဆင်သင့်ပင် ကြုံတွေ့ရမြဲ

http://www.dhammadownload.com



ဖြစ်ခဲ့၏။ ကြွတိုင်းလည်း ငါတို့၌ ...

အင်္ဂါနံ့ နေ့သားဖြစ်သဖြင့် စိတ်ကြီးခြင်း၊

မျိုးရိုးစုံခြား ကပြားဖြစ်သဖြင့် စိတ်ထန်ခြင်း၊

ဝါဆိုဟူသော မိုးလေပြင်းချိန် မွေးသဖြင့် စိတ်မြန်ခြင်း၊

ဤသုံးမျိုးတို့က လိုက်လံကာ သွေးထိုးလှုံ့ဆော်ခြင်းများကို ချည်း ခံရရာ စိတ်အခန့်မသင့် ချက်ချင်းပင် ပြောင်းရန် စီစဉ်ခဲ့သည် ချည်းဖြစ်ခဲ့၏။

လောကစံအတိုက် သေးငယ်ငယ်လေးကိုလျှင် ကြွံကြွံခိုင် မနေတတ်။ သို့ကြောင့် ထိုသစ္စာများလည်း ထင်ရှားလာသော မှုန်ဝါးဝါးများချည်းသာ ဖြစ်ကြရ၏။

ထိုအကြမ်းစား မျက်မြင်တွေ့ သစ္စာတရားများ၏ အမှုတော ကား ငါတို့လက်တွင်း လက်ရင်းအဖြစ် အမြဲထားသော

တောစဉ် တောင်စဉ်များ၌သာ အမြင်ရှိတော့ခြင်း၊

တောဝင်ခြင်း ကိစ္စတစ်ခုတည်းကိုသာ အသိကပ်တော့ခြင်း၊

ဤအသိ ဤအမြင်များနှင့်အတူ

တောကိစ္စ တောင်ကိစ္စကိုချည်းသာ ရွေးဆယ်ပြုကျင့်ခြင်း၊

တောကိစ္စ တောင်ကိစ္စများကိုသာ စိတ်ဝင်စားတော့ခြင်း၊

ဤ အားဝင်ပိုင်းဆိုင်ရာများကလည်း အပြည့်အသိပ် ထပ် ပိုးပေးထားကြ၏။ ထိုမျှပင်မကသေး။

တောကိစ္စ တောင်ကိစ္စ၌သာ အောင့်မေ့ခြင်း။

တောကိစ္စ တောင်ကိစ္စများ၌သာ ကြိုးစားခြင်း။

http://www.dhammadownload.com



တောကိစ္စ တောင်ကိစ္စများ၌သာ စိတ်ချထားခြင်း။

ဤအားနှင်ပိုင်း သုံးမျိုးတို့ကလည်း နောက်ပိုး ပိုးပေးကြသေး၏။

ဤသုံးပိုင်း ရှစ်စိပ်တို့ကပင် သမုဒယကို မွေးထုတ်ပေးကြသည်။

ဤသုံးပိုင်း ရှစ်စိပ်တို့ကပင် ဒုက္ခကို မွေးထုတ်ပေးကြသည်။

ဤသုံးပိုင်း ရှစ်စိပ်တို့ကပင် နိရောဓကို မွေးထုတ်ပေးကြသည်။

စင်စစ် ထိုသုံးပိုင်း ရှစ်စိပ်များသည် တောခရီးသွားရာ၏ အခြေခံအစိတ်အပိုင်းများဆိုက မမှားတန်ရာပြီ။

တောသည် အခက်ကြီးလေးခက်တို့တွင် တစ်ခက် အပါအဝင်ဖြစ်ခဲ့၏။ ထိုတွင်

ရွာနေမခက် တောနေခက်၏။

တောနေမခက် အကျင့်ခက်၏။

အကျင့်မခက် အသိခက်၏။

အသိမခက် အပယ်ခက်၏။

ဤအခက်ကြီးလေးခက်တို့တွင် တော၏ခက်ခဲခြင်းကား အတွင်းကိစ္စ အပြင်ကိစ္စ နှစ်ပါးရောထွေးနေ၏။ ထိုစဉ်

အတွင်းကိစ္စကား သာသနာ့ကျင့်စဉ်များ ဖြစ်ကြလေသဖြင့် ဆိုင်ရာသာသနာထိန်း နတ်ကြီးများ၏ စီစဉ်ကာ နေရာချထားပေးသော တောမှန်သမျှ အနှောက်အတားများ မတွေ့ရတတ်။

နတ်တလှူစာစဉ်

http://www.dhammadownload.com



အပြင်ကိစ္စကား ရဟန်းအတွက် မရှိမဖြစ်သော သပ္ပါယ ခုနစ် ပါး(အဆင်ပြေရေးကိစ္စရပ် ခုနစ်ချက်)တို့ အံဝင်မလာပါက နေရာစွဲ ကြီးသလောက် ခေါင်းမီးတောက်ရတတ်၏။

ဤအပြင်ကိစ္စကား မည်သည့်နေရာမဆို တစ်မျိုးနှစ်မျိုး စလောက်သာ အဆင်ပြေလာတတ်ပြီး ကျန်များကား မသိကျိုးကျွံ စနစ်ဖြင့်ပင် ကျော်လွှားခဲ့ရသည်ချည်းသာ။

ထို တောစွဲ သမုဒယ က

ဤ တောထဲ ဒုက္ခကို ပေးနေရာ၏ လက်သည်ကား

လောကကို စိတ်က ဖန်တီးပေးနေသည်။

လောကကို စိတ်ကပင် ဆွဲငင်ယူလိုက်သည်။

ဤ ရှင်စောဘုရား ဟောစကားအတိုင်းလျှင် ကြားဘူး နားဝမျှသော သူပြောလူပြောစကား အရင်းတည်ထားကာ ထိုတော ထိုတောင်ကြား သွားလာရေး စိတ်ကစားမိခြင်းပင်။ ထိုစဉ်

ငါသည် ယခုနေမြဲ၌ စိတ်ချမ်းသာမှုကို မရပြီ။ သို့ကြောင့် ငါသည် ထိုတော ထိုတောင်သို့ ဝင်၍ တရားကျင့်ရလျှင် ဦးစွာ ထိုတော ထိုတောင်ပိုင်များဆီ မေတ္တာပို့လွှတ်၏။

မိမိဖြည့်ကျင့်ပြီးသော ပါရမီတော် ဒါနများကို အမျှပေးဝေ ၏။

မိမိပြုကျင့်ဆဲ ပါရမီစဉ်၏ ရည်ရွယ်ချက်များကိုလည်း သစ္စာ ပြု အဓိဋ္ဌာန်၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုသို့ မိမိမရောက်ဘူး၊ မတွေ့ဘူးသော နေရာဒေသကို မိမိ နေဆဲ နေရာဒေသမှနေ စိတ်ဖြင့် ဆွဲငှင်ကြည့်သော် ...

အကယ်တိတိ ထိုတော ထိုတောင်ရှိ ဆိုင်ရာပိုင်ရာများက ကမ္မဇိဒ္ဓိခေါ် တန်ခိုးသိဒ္ဓိကြီးမားသူများ ဖြစ်နေခဲ့သော် ...

ချက်ချင်း မကြာလည်း တုံ့ပြန်ခြင်းကို ခံယူရတတ်၏။

ထိုနေရာ၌ဖြစ်ပေါ်မည့် အမှုကိစ္စများလည်း တိကျသေချာစွာ သိခွင့်ရ၏။

ထိုပြဿနာများ ကျော်လွှားရန် နည်းပါရလာတတ်၏။

(ဖင်းကျိုက်–လက်လှုပ်တောင်–သုဝဏ္ဏသျှံ စသည်များ)

တစ်ဖန် ထိုတောထိုတောင်ရှိ ဆိုင်ရာပိုင်ရာများက ကမ္မဇိဒ္ဓိခေါ် တန်ခိုးသိဒ္ဓိများ အားနည်းသူများ ဖြစ်နေချေသော် ...

တုံ့ပြန်မှုမရတတ်၊ ရသော်မှ နှေးကွေးနေတတ်၏။

ထိုနေရာရောက်သောကာလ ကြုံရမည့်ကိစ္စရပ်များ မတိကျတတ်။ (ဝေဒလ္လ–ကျောက်ထီး–ဝါးသုံးရုံ စသည်များ)

ဤသို့လျှင် မရောက်မီကပင် ရောက်မည့်နေရာကို စိတ်ဖြင့် ဖန်တီးကြည့်ခြင်း၊ စိတ်ဖြင့်ပင် ဆွဲငှင်ကြည့်ခြင်းများ ပြုကျင့်ပြီးသော်

စိတ်သည် ထိုဒေသ လူကိုယ်တိုင်မရောက်မီကပင် ရောက်နှင့်နေပြီ။

လူကသာ သည်နေရာနေပြီး စိတ်က ထိုနေရာ ရွှေနေပြီ။

ထိုအမြင် ထိုအသိများ ငင်အားကြီးမားလာသောအခါ ထိုနေရာ ထိုဒေသဆီသို့ လူကိုယ်တိုင် အရောက်သွားရန်အတွက်...

http://www.dhammadownload.com



ဝစီနှုတ်ဖွင့် တိုင်ပင်သင့်ရာများနှင့်လည်း တိုင်ပင်ရပြန်သည်။

ကိုယ်တိုင်လှုပ်ရှား သွားသင့်သည့်နေရာများလည်း သွားပေးရပြန်သည်။

အလို အကြံ ဗျာပါဟန်ထား စိတ်ကစားခြင်းများလည်း ပြုပေးရပြန်သည်။

ထိုအားပြင်သုံးမျိုး ရှေ့သို့ တစ်ဟုန်ထိုး တိုးတက်လာရန်ကိုကား မိမိပြောင်းရွှေ့မည့် ထိုနေရာ ထိုဒေသဆီသို့ မကြာခဏ အောင့်မေ့သတိရ စိတ်များ ကူးချပေးနေရပါသည်။

ထိုစိတ်ကူးများ ထိုဒေသသို့ အတည့်ပြေး အတင်းပြေး ပြေးရန်အတွက်လည်း နောက်ခံကြောင့်ကြစိုက် တွန်းအားထားပေး နေရပါသည်။

ထိုသတိ ထိုဝီရိယတို့၏ အကူဖြင့်ပင် စိတ်ကို ထိုနေရာ၊ ထိုဒေသပေါ်သို့ တည့်မတ်တည်ငြိမ်စွာ အထိုင်ချနေစေရပါသည်။ ထိုအခါ ဘယ်သူတွေ ဘယ်လိုဖျက်ဖျက် သွားလမ်းပျက်သည် မရှိတော့ပြီ။

ဘယ်သူတွေ ဘယ်လိုတားတား သွားလမ်းနားပြီ မရှိပြီ။

ဤသည်တို့မှာ တောသမုဒယ တောဒုက္ခကို ရစေသည့် အခြေခံအစိတ်အပိုင်းများချည်းပင် ဖြစ်ကြသည်။

ထိုမှတစ်ဆင့် သွားလာမှုပြီးစီးနောက် ထိုတော ထိုတောင်ထဲ တစ်ယောက်ထီးထီး ရောက်သွားလေသောအခါ

http://www.dhammadownload.com



လူတွေ့မခံသဖြင့် လူတွေ့မှသာ အဆင်ပြေမည့် ကျောင်း၊ ဆေးဝါး၊ စာတ်စာများ မပြည့်စုံရာမှ ဖြစ်ရလေသော ဒုက္ခများ၊

လူအလာမခံသဖြင့် လူလာမှသာ အဆင်ပြေမည့် ဥတု ကာကွယ်ရေးပိုင်းဆိုင်ရာများ ကင်းမဲ့ရာမှ ဖြစ်ရလေသောဒုက္ခများ၊

မိမိ၏ခန္ဓာတွင်းရှိ ဓာတ်ခံများနှင့် ထိုဒေသရှိ ဥတု အာဟာရ များ သဘောခြင်း မတိုက်ဆိုင်ကြရာမှ ဖြစ်ရလေသောဒုက္ခများ

စသည် စသည် ဒုက္ခတရားများကား

တောစွဲကြီးသလောက်လျှင် ခေါင်းမီးတောက်ထစေကြ သည်။

တောခင်အား ကောင်းသလောက်လျှင် ဘဝင်ချောက်ချား စေသည်။

တစ်ဖန် ထိုဒုက္ခသုက္ခများကို သတိပညာဦးစီးသော အစိတ် ပိုင်းကြီးများဖြင့်

စိတ်နှင့်ဒုက္ခတို့အကြား အစားဝင်ပေးလိုက်သောအခါ၊

ခန္ဓာနှင့် ဒုက္ခတို့အကြား ကြားဝင်ပေးလိုက်သောအခါ၊

ဖြစ်ပေါ်လာတိုင်းသော ထိုဒုက္ခတရားများ ပျောက်ကွယ် သွားကြသည်သာ ဖြစ်၏။

အခြေခံအစိတ်ပိုင်းကြီးများကပင် အစားဝင်အဖြစ် ဝိုင်း၍ မြှုပ်သတ်ပေးနေကြခြင်းကြောင့်။ တစ်ဖန် ထိုအခြေခံအစိတ်အပိုင်း ကြီးများကပင် ဒုက္ခဖြစ်စရာ ပြဿနာတစ်ခု အသစ်တင်ပေးလာ ကြပြန်ကုန်၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုအခါ အဆန်းဖြစ် အသစ်ခင်လေ့ရှိသော စိတ်သည်လည်း တဏှာအရောဝင်ခံ သမုဒယပိုး တိုးပွားစေပြန်၏။

ထိုသမုဒယပိုး ထိုးကျင့်လာသလောက်လည်း ဒုက္ခတို့သည် တစ်ခုမဟုတ် တစ်ခု၊ တစ်မျိုးမဟုတ်တစ်မျိုး တိုးဝင်၍ချည်း လာနေကြပြန်တော့ရာ ဝဋ်ဘာလမ်းအမည်ရ ထိုအခြေခံ အစိတ်ပိုင်းကြီးများကား ကိုယ်ကပင် မီးမွေး ကိုယ်ကပင် မီးအေး စနစ်ဖြင့်ပင် မိမိလုပ်သမျှဒုက္ခ မိမိပင် ပြန်လည်ကာ ချုပ်သုဉ်းစေခဲ့ကြရသည် ချည်းသာ။ သို့ကြောင့်

ထိုအမြင် ထိုအသိများနှင့်တကွသော လမ်းခရီးသွားရာ၏ အခြေခံအစိတ်အပိုင်းကြီးများသည်

သမုဒယကိုလည်း သူတို့ကပင် မွေးဖွားပေးခဲ့ကြသည်။

ဒုက္ခကိုလည်း သူတို့ကပင် မွေးဖွားပေးခဲ့ကြသည်။

နိရောဓကိုလည်း သူတို့ကပင် မွေးဖွားပေးခဲ့ကြသည်။

သူတို့ သူတို့ကား သစ္စာကိုင် အုပ်စုများတည်း။

မဂ္ဂသည် ရောက်လိုရာ၏လမ်းထား။

မဂ္ဂင်သည်ကား လမ်းထားပေါ်လျှောက်ရာ၏ ကိရိယာများ။

ထိုစဉ် မဂ္ဂင်သည် အဖြောင့်လမ်းဖြစ်နေခဲ့သော် မဂ္ဂင်များသည်လည်း အဖြောင့်အတိုင်းလျှင် ပြင်ဆင်ပြီးဖြစ်နေရာ၏။ တစ်ဖန် ခရီးသွားများသည်လည်း အဖြောင့်အတိုင်းလျှင် သွားခွင့်ရရာ၏။

ထိုမှအပြန် မဂ္ဂသည် မဖြောင့်မတန်း ဖြစ်နေခဲ့ပါသော်ကား

မဂ္ဂင်သည်လည်း ထိုလမ်းပေါ်တွင် ပြင်ဆင်သွားရမည့်

http://www.dhammadownload.com



အစိတ်အပိုင်းတပ် ယာဉ်တစ်မျိုးပင်ဖြစ်ရာ၊ ယင်းတို့အားလုံးလည်း မဖြောင့်ကြပြီ။

အောက်ခြေဝင် ဝန်ထမ်းဖြစ်နေကြသော မဂ္ဂင်များကပင် မဖြောင့်လမ်း ရမ်းသွားနေကြပါမူ ထိုယာဉ်ထက် တက်စီးလိုက်ပါနေသော စိတ် ကံနှင့်တကွ ခရီးသည်များလည်း မည်သို့မျှ ဖြောင့်တန်းစရာ မရှိကြပြီ။

အဖြောင့်လမ်းထားကား သမ္မာလမ်းဆိုရသည်။

မဖြောင့်လမ်းထားကား ဝင်္ကဘာလမ်း ဆိုရမည်။

သမ္မာနှင့် ထိပ်တိုက်ဆန့်ကျင်သော မိစ္ဆာအယူ မိစ္ဆာအကျင့် မိစ္ဆာအား ပွားများမဟုတ်လေရကား မိစ္ဆာမဂ္ဂင် ဟူ၍ မသုံးသင့်ပြီ။

ဤတောအမြင် တောအသိဖြင့် တောလှည့်ရာခရီးစဉ်ကြီး၌ ပါဝင်ပတ်သက်နေကြသော ဤမဂ္ဂင်များကား သမ္မာအမည်ကိုခံယူပြီး အကောင်အထည် ဖော်ဆောင်ရာ၌ကား အဖြောင့်ဝင်သို့ မဝင်ခြင်းမှသာ ဖြစ်ကြ၏။

သို့မဟုတ် အတွင်းခရီးသွားနှင့် ခရီးထားများကား တွင်ကျယ်မလာဘဲ ပြင်ပခရီးသွားနှင့် ခရီးထားများကချည်းသာ တွင်ကျယ်လာသော အရာများဖြစ်ကြ၏။ ထိုအဖြစ်မျိုး တောတိုးသမားမှမဟုတ် ရပ်တိုးရွာတိုးများ၌လည်း ဖြစ်လေ့ရှိကြသည်။ တောတိုးသမားချည်းမဟုတ် မြို့တိုးသမားများလည်း ဖြစ်လေ့ရှိကြသည်။

ထိုစဉ် ရှေးရှေးကအခံ အတွင်းအရံများ မပါလာခြင်း(ပုဗ္ဗေစကတ ပုညတာစက်)

နတ်တလှုစာစဉ်

http://www.dhammadownload.com



မိမိရှေးက ပြုကျင့်ခဲ့ဘူးသော နေရာဌာနမဟုတ်ခြင်း (ပဋိရူပဒေသစက်)

ကိုယ့်အလုပ်နှင့်ကိုယ့်ကိုယ်ကို အားရမှုမရှိခြင်း (အတ္တသမာပဏိဓိစက်)

ကလျာဏမိတ်ခေါ် ဆရာသမားအမှီမထားခြင်း(ကလျာဏမိတ္တစက်)

ထိုစက်လေးပါး မပါဘဲ တိုးသောအတိုးမှန်သမျှကား စက်တပ်ယာဉ်စီးနင်းရပုံမျိုး မဟုတ်ကြပြီ။ သို့ကြောင့် ခရီးရောက်လည်း မမြန်ဆန်တတ်ကြချေပြီ။ စက်တပ်ယာဉ်အတွက် ဖောက်လုပ်ထားသော လမ်းကဲ့သို့လည်း ဖြောင့်တန်းခြင်း ချောမွေ့ခြင်းလည်း ရှိမည်မဟုတ်တော့ချေပြီ။

ထိုမဂ္ဂင်များ မဖြောင့်တရားဖြင့်သာ အားထားသွားနေကြပါသော် မြို့ဘုံရောက်သူ မြို့ဘဝနှင့် မကင်းရကား ဘဝပေးကြမှာခံရရာ၏။ မြို့ဘဝချဉ်း မြို့ဝဋ္ဋ မြို့အာရုံများနှင့်လည်း မကင်းကြရကား

ဝဋ္ဋချင်းဆက်ဆံ အာရုံညှဉ်း စင်း၍ခံကြရမည်။

အာရုံမက်၊ ဝဋ္ဋအဖျက်လည်း ပက်လက်ခံရကြရမည်။

ထိုထိုဘုံဘဝ ထိုထိုဝဋ္ဋအာရုံများနှင့် အတိုက်အခံလုပ်နေရသမျှလည်း

စိတ်ဓာတ်၏ တက်ကြွခြင်း၊ ကျဆင်းခြင်းများလည်း ဖြစ်လာကြမည်။

နတ်တလှစာစဉ်

http://www.dhammadownload.com



ကိလေသာ၏နိုင်တစ်ဖုံ ရှုံးတစ်မျိုး အထိုးကိုလည်း ခံကြရဦးမည်။

ကံ၏ ရှုံးရှုံးနိုင်နိုင် အပြိုင်ဝင်ခြင်းများလည်း ရှိနေကြမည်။

ဝိပါက်၏ နိုင်ပြုံးပြုံး ရှုံးမဲ့မဲ့ကလည်း နောက်က အလိုက်ခံနေကြရမည်။

ထိုမြို့ဘုံများပမာ တောဘုံများ၌လည်း ဘဝပေးကြမ္မာနှင့် တကွ အားလုံးလက်တွင်း လည်စင်းခံကြရမည်။ ထိုသို့

သစ္စာနောက် ဘုံပေါက် ဘုံအောက်ကြမ္မာဝင်၊ ထိုကြမ္မာ၏ အငင်ခံနေရသူများ

စိတ်တစ်ချက်ထွက်တိုင်းလည်း ဇာတိမီး ဇရာမီး ဗျာဓိမီး မရဏမီးကြီးများ၏ အရှို့ကိုလည်း ခံကြရဦးမည်။

ကိလေသာတစ်ချက် စွက်တိုင်းလည်း ဇာတိမီး ဇရာမီး ဗျာဓိမီး မရဏမီးကြီးများ၏ အရှို့ကိုလည်း ခံယူကြရဦးမည်။

ကိုယ်တစ်လှုပ် နှုတ်တစ်ချက် ဖက်တိုင်းလည်း ဇာတိမီး ဇရာမီး ဗျာဓိမီး မရဏမီးကြီးများ၏ အရှို့ခံယူကြရသည်။

ပြုံးတစ်ချက် မုန်းတစ်ချက် ဆက်မိတိုင်းလည်း ဇာတိမီး ဇရာမီး ဗျာဓိမီး မရဏမီးကြီးများ၏ အရှို့ခံယူကြရသည်။

စင်စစ် ထိုမီးအိုးကြီး လေးမျိုးတို့သည် ပြင်ပမျက်မြင်တို့၌ ရှို့မြိုက်သော တောမီး ရှို့မီး မတော်တဆမီးတို့ထက် ကြောက်စရာကောင်းသော မီးအမျိုးအစားများချည်း ဖြစ်ကြ၏။

ထိုမျက်မြင်မီးများကား သည်နေရာ မီးနှင့်တွေ့က ဟိုနေရာ

http://www.dhammadownload.com



မြွေနေ လွတ်သေး၏။ တောတွင်းလောင်ပါက တောခေါင်ရာ ဂူတွင်း ဝင်နေ လွတ်သေး၏။

ဤဇာတိ စသည့်မီးများကား ဘုံထားရာ ဘဝထားရာ နေရာတကာ မိမိသွားရာ မိမိနှင့်အတူ ပါလာနေခြင်းများကြောင့် လွတ်သည်ဟူ၍မရှိခဲ့၊ လွတ်ပေါက်လည်း ရှာခွင့်မရခဲ့။ တစ်ဖန် ထိုမျက်မြင်မီးများကား သည်ဘုံ သည်ဘဝကမီး တစ်ဘက်ဘုံ တစ်ဘက်ဘဝအထိ မကူးစက်။

ဤဇာတိ စသည့်မီးများကား တစ်ဘက်ဘုံဘဝက ပြောင်း လာသည့်တိုင် သည်ဘဝ ကူးစက်အလောင်ခံကြရ၏။ သည်ဘုံ သည်ဘဝမှ ပြောင်းသွားသော်လည်း နောက်တစ်ဘက် ကူးစက် လောင်ဦးအံ့။

သတ္တဝါအမည်ခံယူထားသမျှ ဘုံနှင့်မကင်း။

ဘုံလက်ခံထားသမျှ ဘုံနှင့်တန်ရာ ဘဝနှင့်လည်းမကင်း။

ဘဝလက်ခံထားသမျှလည်း မည်သည့်ဘဝမဆို တစ်ယောက် တည်း ဘာမျှအလုပ်မဖြစ်၊ တစ်ယောက်တည်း ဘာမှ အရာမထင်။ သို့ကြောင့် မီးလိုချင်သူ ခတ်ဘီးနှင့်ကျောက် ထိပ်ချင်းတိုက် လမ်း ဖောက် ပေးထားကြရပါမည်ပမာ၊

မိမိဘဝ ရှင်သန်ကြီးထွားရေးအတွက် တစ်ဘက်ဝတ္ထုအာရုံ များ ရှိရာဘက် မိမိဝတ္ထုအာရုံများ လှည့်ပေးထားရမြဲချည်းသာ။ မိမိဘဝ ပျော်ရွှင်ချမ်းမြေ့ရေးအတွက်လည်း တစ်ဘက်၏ဝတ္ထုအာရုံ ထားများကိုလည်း မိမိ၏ဝတ္ထု အာရုံသွားရာ ထားရာဘက်သို့

http://www.dhammadownload.com



မျက်နှာလှည့်၍ တိုက်ကွက်လာလုပ်ရန် ကမ်းလှမ်းရစမြဲချည်းသာ။

ထိုသို့ တစ်ဘက်နှင့်တစ်ဘက် အတိုက်အခံလုပ်ကြရာ အကြားမှာ စိတ်၊ ကိလေသာမီးဖျက်သဖြင့် စိတ်ပျက်။ တစ်ဖန် စိတ်ပျက်သဖြင့် ဘဝင်လေပျက်။ တစ်ဖန် ဘဝင်လေပျက်သဖြင့် နှလုံးသွေးပျက်။ တစ်ဖန် နှလုံးသွေးပျက်သဖြင့် သွေးသားများနှင့်တကွ ကိုယ်ရောစိတ်ပါပျက်။

ထိုအပျက်များကြောင့် ဖြစ်ပွားလာသော အပျက်ဒုက္ခများကိုပင် နှစ်သက်လက်ခံခြင်းများက ကောင်းဝေဒနာအဖြစ် ယုံကြည်ကာ ရယူခံစားနေကြတော့ရာ

ဇာတိတစ်ခုသည် အပျက်သဘောနှင့်အတူ ဖြစ်ပေါ်လာခဲ့ရသည်။

ဇရာသည် အပျက်ဖြစ်နေသဖြင့် အာနိသင်မဲ့သွားကာ ငြိမ်သွားရပြီ။

ဗျာဓိသည် အငြိမ်ကြာ အနာဖြစ်ဖြင့် သိုးပုပ်ခြင်းသို့ ရောက်စေပြီ။

မရဏာသည် ရှေ့အပျက် မလှုပ်တော့သဖြင့် ထုတ်ပစ်လိုက်ရသည်။

ထိုဘေးဆိုးကြီးများက မည်သို့မျှ လွတ်ခွင့်မရှိပြီ။

အဟောင်းချုပ်ပြတ်မှုက လွှတ်ပေးသည့်တိုင် အပျက်မင်အခင်သည်း အစွဲမိက လက်မလွှတ်လိုသေးရကား စိတ်အရှိန်သစ်များကလည်း အပျက်အုပ်တစ်သုတ်ပြီးတစ်သုတ် လှုပ်၍လှုပ်၍

http://www.dhammadownload.com



လွှတ်ပေးနေတော့ရာ သုံးလျက်က မဆုံးတော့ပြီ။

ကံအရှိန်သစ်များကလည်း အပျက်အုပ် တစ်သုတ်ပြီး တစ်သုတ် ကံသတ္တိဖြင့် လှုပ်၍လှုပ်၍ ထုတ်လွှတ်ပေးနေကြတော့ရာ သုံးလျက်ကမဆုံးကြရပြီ။

ဥတုရှိန်သစ်များကလည်း ခန္ဓာရှိ အပျက်အုပ် တစ်သုတ်ပြီး တစ်သုတ် ဥတုသတ္တိဖြင့် လှုပ်၍လှုပ်၍ ထုတ်လွှတ်ပေးနေကြတော့ ရာ သုံးလျက်က မဆုံးကြပြီ။

အစာရှိန်သစ်များကလည်း ခန္ဓာရှိ အသိုးအပုပ်တစ်သုတ်ပြီး တစ်သုတ် အစာသတ္တိဖြင့် ထိုးလှုပ်၍ ပုတ်ထုတ်ပေးနေတော့ရာ သုံးလျက်က မဆုံးကြတော့ပြီ။

သတ္တဝါတစ်ဦး၏ ပဋိသန္ဓေသည် တစ်ဘဝနှင့် တစ်ဘဝ၊ အကူးအဆက် လုပ်ပေးပြီးလျှင် သူ့တာဝန်သူ့ခရီး ပြီးစီးသွား၏။ ရှေ့မလိုက်။

ဤဘဝနောက်ပါ ဇာတိသည်ကား ဘုံနှင့်ဘဝ ဖြစ်စဉ်ကြီး ထင်ရှားနေသေးသမျှ စက္ကန့်မလပ် စပ်နေထပ်နေသည်အထိ တာဝန် ပြည့်ယူထားကာ လိုက်ပါနေမည်။

တစ်ဖန် သတ္တဝါတစ်ဦး၏ စုတိသည်လည်း ဤဘဝ ဤဖြစ် စဉ်ကြီးကို အဆုံးသတ်ပေးရုံမျှ သူ့တာဝန်ရှိ၏။ ရှေ့မဆက်။

ဤဘဝပါ မရဏသည်ကား ဘဝခွင်ဖြစ်စဉ် ဟူ၍ အထင် အရှား ရှိနေသေးသမျှ စက္ကန့်မလပ်ပင် စပ်လျက် ထပ်လျက်ဖြင့် တာဝန်ယူကာ အမြဲလိုက်ပါနေကြမည်။ သို့ကြောင့် ငါသည်လည်း

http://www.dhammadownload.com



ခဏပိုင်·နေလေးများဖြင့်သာ ခရီးသွားလာခွင့်ရပြီး ထိုခဏပိုင်းလေးအတွင်းမှာပင် သေပေးနေရသည်ချည်းသာ။

သင်သည်လည်း ဤခဏပိုင်း နေခွင့်ရလေးများဖြင့်သာ နေထိုင်သွားလာနေရပြီး ထိုခဏပိုင်းလေးအတွင်းမှာပင် သေပေးနေရသည်ချည်းသာ။

အများတကာတို့သည်လည်း ဤခဏပိုင်း နေခွင့်ရလေးများဖြင့်သာ အသက်ရှင်ခွင့်ရနေကြရပြီး ထိုခဏပိုင်းလေးအတွင်းမှာပင် အသက်သေ သေသွားရသည်ချည်းသာ။

သချိုင်းထားကား အသေဆုံးသဖြင့် သွားရောက်ပို့ကြရခြင်းသာ။

သို့ကြောင့် ငါသည်လည်း သည်မှာဖြစ်သော နာမ်ရုပ် သည်မှာတွင် ခဏချင်းချင်း ချုပ်လျက်ကရှိပြီး၊ သည်မှာ အသစ်မွေး သည်မှာပင် အသစ်သေပေးခဲ့ရသည်။

သို့ဖြင့်ပင် ငါဆိုသော ထိုငါသည် ဝယ ခေါ် အပျက်၏ သင်္ကေတပြဖြစ်သော အရွယ်များကလည်း မွေးကင်းစအရွယ်၊ ကလေးအရွယ်၊ လူလတ်အရွယ်၊ လူကြီးပိုင်းအရွယ် အိုကြီးချက်မအရွယ် စသည်များဖြင့် အဆင့်ဆင့် ပြောင်းလဲပေးခဲ့ရပြီ။ ယခုလည်း ပြောင်းပေးနေရဆဲ။

သင်နှင့်အများသည်လည်း ထိုနည်းမခြား တစ်သားတည်းပင်။ သည်မှာဖြစ်သော နာမ်ရုပ် သည်မှာတွင် အပျောက်သုတ်ခံခဲ့ကြရပြီး၊ သည်နေရာမွေး သည်နေရာမှာပင် သေခဲ့ကြေခဲ့ကြရပြီ။

http://www.dhammadownload.com



သို့ကြောင့် သင်တို့၏ ဖြစ်စဉ်များသည်လည်း နံနက်ပိုင်းက အရွယ်သည် နေ့လယ်အထိ သယ်လာခွင့်မရှိ။ တစ်ဖန် နေ့လယ်က အရွယ်သည်လည်း ညနေအထိ ညအထိ သယ်သွားခွင့်မရှိပြီ။

သည့်ထက် တင်းကျပ်သောဥပဒေသမှာ

သင်တို့၏ဘယ်ဖဝါး မြောက်စဉ်က နာမ်ရုပ်များ ထိုဘယ်ဖဝါးချနင်းသည်အထိ သယ်ထုတ်ယူသွားခွင့်မရလိုက်ခြင်းပင်။

ထိုမီးအားလုံးတို့သည် သတ္တဝါတိုင်းတို့၌

ဘုံခင်ရာမှ အစွဲဆောင် အလောင်ခံ အပြောင်နှံ ခံနေရခြင်းတည်း။

ဘဝ မင်ရာမှ အစွဲနှောင် အလောင်ခံ အပြောင်နှံ ခံနေရခြင်းများတည်း။

ဝတ္ထု ဝတ္ထုချင်း အလဲထားကြရာမှလည်း အဖျက်ခံ အသက်နှံနေရခြင်းများတည်း။

အာရုံ အာရုံချင်း လဲစားကြရာမှလည်း အဖျက်ခံ အသက်နှံနေရခြင်းများတည်း။

တစ်ယောက်တည်းနေလည်း အဖျက်မလွတ် အပျက်မလွတ်

အများနှင့်တွဲနေက ပို၍ဆိုး ပို၍ပင် အကျိုးနည်း။

သို့ကြောင့် အတွင်းလောင် ထိုမီးဆိုးများသည်ကား ပြင်ပမီးထက် ကြောက်စရာအကောင်းဆုံး။

ထိုမီးများထက် ကြောက်စရာကောင်းသည်မှာကား လမ်းထားမဖြောင့်ရာထက် လမ်းသွားယာဉ် မဂ္ဂင်များ အဝင်အထွက်

http://www.dhammadownload.com



ကပါ မဖြောင့်ပါတော့ခြင်းပင်။ ထိုစဉ် လမ်းထားသည် တောဓါ် တိတ်ဆိတ်ခြင်း အာရုံများ၏ တိတ်ဆိတ်ခြင်းများမှ ရသော စိတ်ချမ်းသာမှု တစ်ခုလောက်သာ အမှုထားနေပါက အထား ဖြောင့်ပေး ထားရုံလေးမျှသာ။

ထိုမှတစ်ဆင့် မမြင်မိရာကိလေသာ သူ့ဟာသူသာ ကင်း ဆိတ်သုဉ်း။

မကြားမိရာ ကိလေသာ သူ့ဟာသူသာ ကင်းဆိတ်သုဉ်း။

စသည် ရှေးသူမြတ်တို့ အာရုံယူ အခြေခံထားများကို အခြေ ခံလျက်က

တောတောင်ဆိတ်ငြိမ်ရာမှ ရလာသော အာရုံဆိတ်ငြိမ်မှု၊

အာရုံဆိတ်ငြိမ်ရာမှ ရလာသော စိတ်ဆိတ်ငြိမ်မှု၊

စိတ်ဆိတ်ငြိမ်ရာမှ ရလာသော ကိုယ်နှုတ်ဆိတ်ငြိမ်မှု၊

ယင်းတို့ကိုပါ အရင်းအနှီးပြုလျက်က မိမိ၏အတွင်းခန္ဓာစုဌ် အမြစ်တွယ်မိနေကြသော အချို့ရူပတဏှာမှဖြစ်သောအစွဲ၊

အချို့သဒ္ဒါ တဏှာမှဖြစ်သောအစွဲ၊ အချို့ဂန္ဓ၊ အချို့အရသာ၊ အချို့အထိအတွေ့၊ အချို့အတွေးများမှ ဖြစ်နေကြသော အစွဲများကို

မတွေးမိစေရန် သမာဓိအုပ်စုက ချုပ်ကိုင်ကိုင်။

မပြေးမိကြစေရန် သမာဓိအုပ်စုကပင် ချုပ်ကိုင်ကိုင်။

ထိုသို့ စိတ်နှင့်အစွဲ တွဲနေရာတိုင်းသို့ စိတ်နှင့်အစွဲတို့၏ အကြား သမာဓိအုပ်စုသုံးပါးတို့က ကြားဝင်ပေးထားပြီ။

အရှိတည့် အမိအရမြင်သော အသိများက မှတ်သလောက်

http://www.dhammadownload.com



နောက်အသိထောက်ဖြင့် ထောက်ခံခြင်း နိုးစပ်ပေးခြင်းများ ဖြစ်ပွားစေခြင်းဖြင့်

အစွဲ၏အထိုးများကြောင့် ဆိုးပြောပြောခြင်း ဝစီကံ သောင်းကျန်းမှုများကိုလည်း ရပ်ဆိုင်းပစ်စေရပါမည်။

အစွဲ၏ အထိုးများကြောင့် ဆိုးလုပ်လုပ်ခြင်း ကာယကံ သောင်းကျန်းမှုများကိုလည်း ရပ်ဆိုင်းပစ်စေရပါမည်။

တောတောင်ဆိတ်ငြိမ်မှုက လမ်းထား။

တောတောင်ဝင်ရောက်၍ တောကျင့် ကျင့်ခြင်းက လမ်းသွား။ ထိုသို့ အထားမှန် အသွားမှန်ချေပါမှသာ အထားလည်းဖြောင့် အသွားလည်းဖြောင့် ဖြစ်စေမည်။

ထိုယာဉ်အထက် တက်လျှက်ထိုင်လျှက်က လိုက်ပါနေသော တောရှင် မြို့ရှင် အားလုံးတို့လည်း ထိုအခါရောက်လေမှသာ လိုရာအပေါက် မရောက်မရှိ အနေးနှင့်အမြန် ရောက်ကြရပါ၏။ ယခုမပေါက် မရောက်သေးသော်မှ ရောက်ရန်ကားသေချာနေပါ၏။

သည့်အတူ လောကီစီးပွား ရှာကြံစားသောက်နေကြသော ကာမဘုံသွား ကာမဘဝထားများသည်လည်း မိမိစိတ်၌ အမြစ်တွယ်နေသော

ဝိသမလောဘ လိုချင်လွန်းအားကြီး ဘာမှမမြင်ရတတ်။

ဝိသမဒေါသ မခံချင်လွန်းအားကြီးကလည်း ဘာမျှ မမြင်ရတတ်။

http://www.dhammadownload.com



ထိုမမြင်ရတတ်နှစ်မျိုးတို့ကို အတွေးဖြင့် အတွင်းငုပ်လှုပ်ခြင်း၊ အပြေးဖြင့် အပြင်လှုပ် အုပ်ခြင်းများ မဖြစ်ပွားစေရန်

သမာဓိအုပ်စုက သတိကိုရှေ့ပြေး တမန်ထား၍၊

ပညာအုပ်စုက ဉာဏ်ကို ကတုတ်ကျင်းအဖြစ်ထား၍

မိမိကျွမ်းကျင်ပြီး စီးပွားရှာပညာဖြင့် စိတ်ကို အုပ်ချုပ်ကာ လိုရာရာအပေါက်(ကိုယ်ကျင့်ကောင်းဖြင့်)လမ်းဖောက်သွားနိုင်ခဲ့ကြပါမူ

သူ့စီးပွား အရချူ မကြည်ဖြူနိုင်စရာ အကြောင်းမရှိ။

သူ့သမီး အပါမြူ မကြည်ဖြူနိုင်စရာ အကြောင်းမရှိ။

ထိုအခါ မိမိလမ်း မဖြောင့်စရာ မတန်းစရာ ဟူ၍လည်း မရှိကြတော့ပြီ။

မဂ္ဂကို တောလမ်းအဖြစ် စိတ်က ဖန်ဆင်းလျက်က၊

မဂ္ဂင်ကို တောဝင်ယာဉ်အဖြစ် သတ်မှတ်လျက်က၊

တစ်တောပျက်လျှင် တစ်တောင်ဝင်ဖြင့်လည်းကောင်း၊ တစ်တောင်ချော်လျှင် တစ်တောင်ကျော်ဖြင့်လည်းကောင်း ၂၂ နှစ်တို့ ကာလပတ်လုံး သုံးလာခဲ့ရာ ...

မိမိ၏ထန်လွန်း သန်လွန်းသော စိတ်ကြောင့်လည်း ကောင်းသလောက် မကောင်း၊ မိမိ၏တင်းလွန်းသော အမိဋ္ဌာန်ကြောင့်လည်း ဖြောင့်သလောက် မဖြောင့်။

တစ်ဖန် ဌာနေခံ အိမ်ရှင်အရာဝင် တောတောင်တို့၏ ဥတုခံများနှင့် မိမိ၏ဥတုခံများ အဖက်မတန်ခြင်းများကြောင့်လည်း

http://www.dhammadownload.com



ကြံသလောက်မဟုတ်။

ထို မဖြောင့် မကောင်း မဟုတ် လမ်းကြောင်းကြီးများအထဲ ပစ္စည်းပါးရှား၊ လူပါးရှားရာ၌ ဖြစ်လေ့ဖြစ်ထရှိသော အသပ္ပါယများ (အဆင်မပြေမှုများ)၊

ပစ္စည်းပြည့်တိုး လူအုံတိုးရာမှ ဖြစ်လေ့ဖြစ်ထရှိသော အသပ္ပါယ (အဆင်မပြေမှုများ)ကြောင့်လည်း ...

ရံတစ်ခါ မပြည့်စုံသောအရာကို စိတ်ဝင်စားပေးနေရခြင်းဖြင့် အချိန်များ ကုန်လွန်သွားခဲ့ရပြန်သည်။

ရံတစ်ခါ လိုသည်ထက်ပိုနေသော အရာများကို စိတ်သွင်း ပေးထားရခြင်းဖြင့်လည်း အချိန်များကုန်လွန်သွားခဲ့ရပြန်သည်။

ထိုသို့သော တလွဲအချိန်ကုန်များဖြင့်သာ အချိန်ပွန်းလာသောအခါ ယခင်မြင်နေကျ ရှုကွက်တွင်းရှိ ခရီးသွား လမ်းပြဖြစ်သော ဖြစ်ပျက်မြင် သမာဓိနိမိတ်အမည်ရ မှတ်ဉာဏ်များ အမှန်မြင် အဖြစ် မပြလှာကြတော့ပြီ။

လျှောက်နေကျ လမ်းစ ဖဝါးအောက်က ပျောက်စပြုလာခြင်း။

ထိုမှတ်ဉာဏ်ခေါ် အမှန်မြင်များ တိမ်းပါးနေတော့သဖြင့် ရှုကွက်တွင်း လှည့်လည်ကျက်စားနေကျ အသိကပ်အား(မလွတ်တမ်း ကြံသိပေးအား)လည်း ကျက်စားစရာ စားကျက်မရှိ ဖြစ်သွားပြီ။

ထိုအခါ အားမထုတ်မိ စစ်သားစုဆောင်းရေးတပ်မှ တပ်မှူး၊

http://www.dhammadownload.com



အားထုတ်ဆဲကာလ ထောက်ပို့တပ်မှ တပ်မမှူး။

ထိုနေရာများကို တာဝန်ယူထားရသော သဒ္ဓါ(ယုံကြည်ချက်) သည် မိမိကိုယ်မိမိ တယ် မယုံချင်တော့။ မိမိ၏သတ္တိအပေါ်ကိုလည်း တယ်စိတ်ချလက်ချမရှိချင် တော့။

ထိုသို့ သဒ္ဓါက မိမိအပေါ် မိမိထောက်ခံရန် အင်တင်တင်ဖြစ်လာနေသောအခါ ဆန္ဒသည် မိမိအလုပ်ခွင် ကျင့်လိုခြင်းဆန္ဒအစား ပြင်ပ၏ မပြည့်စုံခြင်းများ ပြည့်စုံလာရေးသို့သာ ဦးစီးနေတော့သည်။

ရှေ့သွားဦးစီး ဆန္ဒကပင် တာဝန်ပြောင်းလွှဲယူသွားလေသောအခါ ဝီရိယကလည်း စိတ်ရဲတင်းလာစေမှုကို တရားရှုကွက်ကြားအစား တခြားနေရာများ၌သာ ရဲဆေးတင်ပေးနေတော့သည်။

၎င်းတို့နောက်လိုက်ဖြစ်သော ကြောင့်ကြပေး ရဲတင်းစိတ်ကလည်း တရားရှုကွက် စိတ်ဝင်စားရမည့်အစား တခြားပြင်ပ ကိုယ့်ကိစ္စ မဟုတ်ရာ ကိုယ့်အကျိုး မဖြစ်ထွန်းရာ ကိစ္စများ၌သာ... နတ်က,ရာ ကျီးမောပမာ သွားရောက်လျက်က ဈာန်လည်းဝင်စား၊ စိတ်လည်း ကစားနေတော့သည်။

တစ်ဖန် စိတ်သွားရာ လိုက်ပါကျက်စားရသော ဉာဏ်များကလည်း တရားရှုကွက်တွင်း စူးစမ်းဆင်ခြင်ခြင်း ကင်းစဲသွားတော့ကာ စိတ်ယောင်ရာ ယောင်၍လိုက် စိတ်ခိုက်ရာ နှိုက်ကြည့်နေတော့သည်။ မိမိခန့်ထားသော အဓိပတိများက မိမိအား သပိတ်မှောက်၍ တစ်ဘက်သို့ ပစ်ထောက်ခံနေကြခြင်း။

နတ်တလှူစာစဉ်

http://www.dhammadownload.com



ဤသို့ မိဓိဒ္ဓိ တကယ်ရှိရမည့် အမှန်မြင်များ မှိန်ပျောက်ပျောက်ကွယ်သွားကြရာမှ သဒ္ဓါ–ဆန္ဒ–ဝီရိယများကပါ လမ်းလွဲသွားသောအခါ ...

သီလအုပ်စုသည် ဝိဝိရိရိမရှိ၊ လျော့တိတိ။

သမာဓိအပ်စုသည် တွင်တွင်ကျယ်ကျယ်မရှိ၊ ပြတ်တစ်လှည့် ဝေတ်တစ်လှည့်။

သို့ကြောင့် အထိုင်ဖြင့် ရှုကွက်ကို ပြင်ဆင်သည်။ သတိကား ထိထိမိမိ ဝင်ရောက်ကာ အလုပ်လုပ်မပေးလှာ။ သတိက အလုပ်လုပ်ပေးနေသော်မှ နောက်ပင့်တွန်း တာဝန်ယူ ဝီရိယက တွင်တွင်တိုးမပို့လှာ။ သတိ ဝီရိယတို့က ပြိုင်တူ ထိုးဖောက်ပေးနေသော်မှ တာဝန်ခံ သမာဓိက ထားရာမထိုင် ကာမဘာက်ယိုင်ချေတော့ပြီ။

သို့ကြောင့်ဦးခြိပျက်ကိုင် ဤမဂ္ဂင်များ လမ်းသွားမဖြောင့်မှန်တော့ခြင်းကြောင့် သမ္မာအဖြစ်မှ ဖယ်ရှားခံရတော့မည်။

အာရုံကင်းဆိတ်ခြင်း ဟူသော တောလမ်း ဖွင့်ပေးပါလျက်နှင့် တောကျင့်မကျင့်သောကြောင့်လည်း သမ္မာအဖြစ်မှ ရပ်ခံရတော့မည်။

တောသည် အလောင်းတော် မွေးဖွားခဲ့ရာဒေသ ဖြစ်နေသဖြင့် ငါတို့ အမွေရထိုက်သောပစ္စည်း။

တောသည် အလောင်းတော် ထွက်ကျင့်ခဲ့ရာဒေသ ဖြစ်နေပြန်သဖြင့်လည်း ငါတို့အမွေဆိုင်ပစ္စည်း။

သို့စဉ်လျက်က တောဝင်နှင့်တောရှင်၊

နတ်တလူစာစဉ်

http://www.dhammadownload.com



သူငါခင်လျက်က ငါ့သူမခင်ခြင်း၊

သူငါ အလိုက်ပေးနေလျက်က ငါ့အလိုက် သူမခံခြင်းများသည် သံကားမှန်၏။ လက်သမားလက်တွင်းထား သံမဟုတ်ဘဲ ဆိုင်တင်သံ ပုံးအိပ်သံများပမာ လှုပ်ရာလိမ့် နိမ့်ရာတိုးဖြစ်နေခြင်းကြောင့် ထင်၏။ သို့မဟုတ် မည်သည့်လောကဓံက လှုပ်လှုပ်၊ မလှုပ်မယှက် မကလက်သောစိတ်စိုက်အား သတိလိုက်အား ဝီရိယတိုက်အားများ လိုနေဆဲကြောင့်ပင်။

တောအဝင် တောအရှင်ခံရမြဲသော လောကဓံများမှာ

အားကိုးလွန်ရာမှဖြစ်သော မိတ်လွန်စိတ်ဖြင့် တောဝင်ရာနောက် တကောက်ကောက် လိုက်နေခြင်းများတည်း။

ကျောထောက်နောက်ခံတို့၏ အဝင်အထွက်များကို ကြည့်၍ ဌာနေတို့ကပါ အထင်ကြီးလာကာ အတင်းဝင်ကပ်ခြင်းများတည်း။

သို့မဟုတ် ကောင်းလောကဓံ အထောင်းအထု ခံနေရခြင်း။

ယင်းလောကဓံ စက် ပယ်ဖျက်ကြရာ၌

အချို့သော တောရှင်များကား နောက်ကြောင်းကိုလည်း ဖြတ်၊ လာကပ်သူမှန်သမျှကိုလည်း တစ်ခွန်းစ နှစ်ခွန်းစဖြင့် အပြတ်ပြော။ ဤနည်းဖြင့် အရောမခံ၊ နေရာမရွေ့ဘဲ အလွတ်ရုန်းတော်မူသွားကြလေပြီ။

အချို့သော တောရှင်များကား နောက်ကြောင်းကိုလည်း အပြတ်ဖြတ်၊ လာအကပ်သော်မှမခံ လာကပ်ရန်ကြံသော် တစ်နေရာ

http://www.dhammadownload.com



တစ်တောပြောင်း အောင်းလျက်က အလွတ်ရုန်းထွက်တော်မူသွားကြလေပြီ။

သည်က ဦးခြံပျက်ကြီးမှာမူကား ထိုသို့ မဟုတ်လာသည့်အပြင် ထိုနှင့်ပင် ပြောင်းပြန် ဆန့်ကျင်လျက်က ရှိနေချေပြီ။

ဉာဉ်ကို နှင်မထုတ်ဝံ့ခြင်းသည် ယင်းတို့နှင့် ဆန့်ကျင်ကြောင်းတရား။

နေရာတကာ ငဲ့ညှာသနားမိခြင်းသည် ယင်းတို့နှင့်ဆန့်ကျင်ကြောင်းတရား။

သို့မဟုတ် ငါ့ထံရှိ အားနာခြင်း၊ သနားခြင်း တရားနှစ်ပါးကထိုရှေ့သွား အရှင်များ၏ ကျင့်စဉ်များအား ဆန့်ကျင်ဘက်လုပ်နေခြင်းတည်း။

ငါသည် သူ တစ်ဖက်သား အားနာတတ်၏။

ထိုအားနာခြင်းများကြောင့်ပင် ခရီးသွားလာရာတိုင်း သူများရှေ့ မျက်နှာပြောင်တိုက်ကာ စားရမည်ကို အားနာလွန်းသဖြင့်အငတ်ခံခဲ့ရသည်ချည်း ဖြစ်ခဲ့ရ၏။

ငါသည် သူတစ်ဖက်သား သနားတတ်၏။

သနားခြင်းကြောင့်ပင် ဘယ်နေရာမဆို ဒုက္ခဖြစ်နေသူတွေ့ဝင်ရောက်ကူညီခဲ့ရသည်များချည်း ဖြစ်ခဲ့၏။

ယခု ခြံကိုဖျက်၍ တောထွက်လာရာ၌လည်း ...

ထိုနောက်လိုက်များ ဝေးလံလှသောခရီးမှ လာရတိုင်းလည်းကောင်း၊

http://www.dhammadownload.com



ထိုနောက်လိုက်များ အန္တရာယ်ကြားမှ သွားလာခဲ့ရတိုင်းလည်းကောင်း၊

အားနာခြင်း၊ သနားခြင်းတရားနှစ်ပါးက ငါ့စိတ်အား လွှမ်းမိုးချုပ်ကိုင်ပေးထားကြရာ ထိုပရိသတ်များ တစ်နေကုန် ငါ့ရှေ့လာထိုင်နေလည်း သွားတော့လည်း မပြော၊ တော်တော့လည်း မဆိုမိခဲ့။ နေ့ပျက်၍ ညဘက်ဆက်ခါ တစ်ညလုံးလုံး မျက်နှာချင်းဆိုင်ထိုင်နိုင်ရာ စကားအပြန်အလှန် ပြောကြားနေလည်း သွားတော့လည်းမပြော၊ တော်တော့လည်း မဆိုမိခဲ့။ ဤမျှအထိ အရေးပေးအလိုလိုက်မိသောအခါ ငါ့ထံရှိ မဂ္ဂင်အားလုံး သူတို့ဆီလမ်းဖောက်သူတို့ထံလျှောက် သွားနေကြပြီ။

အချင်းချင်း ဘုံချင်းဆုံ အာရုံယူလျက်က။

အချင်းချင်း ဘဝချင်းတု ဝတ္ထုချင်း စုလျက်က။

ထိုအချိန်အခိုက်အတွင်း ...

စိတ်သည်လည်း ပရိသတ်ကြား ကစားနေချေပြီ။

ကိလေသာများသည်လည်း ပရိသတ်ဘက် အကွက်ထွင်နေပြီ။

ကံများကလည်း ကိုယ်လှုပ် နှုတ်ပြေးဖြင့် ထိုဘက်ရောပါနေပြီ။

ဝိပါက်များလည်း ကြိုက်လျှင်ပြုံး၊ မုန်းလျှင်မဲ့ နှံ့ပြနေချေပြီ။

မိမိသွားလက်စ လမ်းထားကား ကားရားခွလျက်ကပင် မေ့နေချေပြီ။ ထို စိတ်–ကံ–ကိလေသာ–ဝိပါက် လေးဒေါက်ပါ လိမ့်

http://www.dhammadownload.com



ဘီးကြီးများကို ပရိသတ်များ မပြန့်မချင်း ချာလည်ပတ်လည်ဖြင့် အောက်ကိုချည်း လိမ့်ဆင်းဆင်းနေချေရာ၊ မွေးသည်မှ သေအတွင်း ခဏလေးမျှ ရပ်နားခွင့် မရကြလေသော ဖြစ်စဉ်အမျှင်တန်းကြီးခေါ် ဘဝ၏ ခယ ဝယ များကလည်း ...

ဖြစ်လာနေပြီ။

ရင့်သွားပြီ။

အနာပေါ်ပြီ။

ထို့နောက် ပျက်ကျသွားပြီ။

လေးဒေါက်ပါ ဤဖြစ်စဉ်အတိုင်းလျှင် တစ်စက္ကန့်အတွင်း ကုဋေတစ်သိန်း ကုဋေခြောက်ထောင် အလိုက်အပြေးများဖြင့် လည်းကောင်း၊

ရုတ်တရက် ပေါ်ထွက်လာခြင်း၊

ရုတ်တရက် ပျောက်ဆုံးသွားခြင်းများဖြင့် လည်းကောင်း၊

ချာလည် ပတ်လည် လည်လျက်က ထို စိတ်-ကိလေသာ-ကံ-ဝိပါက် တို့နောက် လိုက်ပါနေကြသည်။

ထိုအချိန် ငါ့ထံရှိ မဂ္ဂင်အုပ်စုကြီးကလည်း ထိုပရိသတ်အကြား တိုးဝင်သွားတော့ပြီ။ ထိုစဉ်ရှိ

အမြင်အသိအားလုံးလည်း ထိုပရိသတ်၌သာ ကွက်ထင် ထင် နေချေပြီ။

အကြံအသိအားလုံးလည်း ပရိသတ်၏ထင်ကွက်၌သာ ကပ် ဝင်နေချေပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုအကြံအသိများနောက် အမှတ်အသားအားလုံးလည်း တောက်လျှောက် လိုက်ပါသွားကြလေပြီ။ မြင်ရာ ကြားရာ စသည် များ၌သာ အမှတ်မိနေတော့ခြင်းပင်။

မြင်ပြီး ကြားပြီး စသည်များအပေါ် ခေါ်တွေးတွေးရာ၌ အောက်မေ့ခြင်းဖြင့် ထိုသတိ ခြေဦးလှည့်ရာနောက် ဝီရိယထား အားလုံးတို့လည်း တောက်လျှောက်လိုက်ပါသွားကြလေပြီ။

စိတ်လိုရာ လိုက် အတွင်းမှနေ ကြောင့်ကြစိုက်ပေးခြင်းဖြင့်

စိတ်လိုရာရာလိုက် အပြင်ကနေ အားစိုက်ပေးခြင်းဖြင့်

ထိုသတိ ထိုဝီရိယတို့၏နောက် ရှိရှိသမျှ သမာဓိများလည်း အိတ်သွန်ဖာမှောက် ရောက်သွားကြလေပြီ။

ကာမကြော၊ ဧကဂ္ဂတာဇော တွယ်ကပ်နေခြင်းများဖြင့်

ဝတ္ထု အာရုံတော ဧကဂ္ဂတာဇော ရောနှောနေခြင်းများဖြင့်၊

ထိုအားရှင် သုံးချက်တိုကပါ ထိုသို့တစ်ဖက် ကူးပြောင်းသွား သောအခါ ...

အသိ အမြင် နှင်ရာနောက် ကောက်ကောက်ပါလိုက်လေ့ရှိ သော၊

အမှတ် အတည့် ငှင်ရာနောက် ကောက်ကောက်ပါလေ့ရှိ သော၊

အတွင်းသရုပ် အလုပ်ဖြင့် ထုတ်ဖော်ပြသလေ့ရှိသော၊

လိုလားခြင်း သဘောထားများက ဦးစွာရှေ့ထွက် ထွက်လာ စေခဲ့ပြီ။ လိုသမျှတွင် ဘဝင်မကျခြင်းများက နောက်မှ ထိုးဆွပေး

http://www.dhammadownload.com



နေပြီ။ ဘယ်သူဘာညာ အထာပေါက်ခြင်းများက နောက်မှ ခလောက်နေကြပြီ။

ထိုစဉ် ပရိသတ်ဘက်လှည့် ကိုယ်ဖြင့်လည်း သူတွက် ကိုယ်တွက်ဖြည့်ပေးရပါသည်။ ပရိသတ်သို့လား ဟိုဟိုသည်သည်စကားများလည်း ပွားပေးရပါသည်။

သို့မဟုတ် မနောကံ အလုပ်ဖွင့်လျက်က ကာယ ဝစီဘက် အသက်သွင်းပေးကာ မဂ္ဂင်များလည်ပတ်စေခြင်းများ။

ဤသို့ မဂ္ဂင်စက်ကြီးကပါ ပရိသတ်ဘက် လည်ပတ်သွားသောအခါ ဘုံဘဝ ဝဋ္ဋအာရုံတို့ကလည်း တွေ့တွေ့ဆိုင်ဆိုင်အဖြစ်ဖြင့် တစ်ပတ်ပြီးရာ တစ်ပတ်လာဖြင့် ချာလည်ပတ်လည် လည်ပတ်လာချေပြီ။

စိတ်–ကိလေသ–ကံ–ဝိပါက် တို့ကလည်း သွေးတိုးသွေးနိုးအဖြစ်ဖြင့် ဆီထိုးရေဖြည့် အလုပ်သမားများပမာ ဝင်ရောက်လာကြကာ ချာလည်ပတ်လည် လည်ပတ်ပေးလှာကြပြီ။

ဇာတိ–ဇရာ–ဗျာဓိ–မရဏ ထိုလေးဝတို့ကလည်း စက်ပတ်ရေအချက်ပြ၏ ဒိုင်ခွက်အရာဝင် အဖြစ်ဖြင့် အမှတ်ပေးဒိုင်လူကြီးပမာ ဝင်ရောက်လာကြကာ ချာလည်ပတ်လည် လည်ပတ်ပေးလှာနေကြပြီ။

ထိုလည်ပတ်ကွင်းကြီးများအတွင်း အသွင်းခံထားကြရသော ငါတို့ သူတို့ခမျာ များစွာမူကား

နတ်တလုစာစဉ်

http://www.dhammadownload.com



ပြုံးခြင်း မဲ့ခြင်း ဟူသော ဆန့်ကျင်ဘက်နှစ်ခုတို့အကြား ညှပ်လျက်က ပါသွားသည်လည်းရှိ၏။

ခေါင်းညိတ်ခြင်း၊ ခေါင်းခါခြင်း ဟူသော ဆန့်ကျင်ဘက်နှစ်ခု တို့အကြား ညှပ်လျက်က ပါသွားသည်များလည်း ရှိ၏။

စိတ်ချခြင်း မချခြင်း ဟူသော ဆန့်ကျင်ဘက်နှစ်ခုတို့အကြား ညှပ်လျက်က ပါသွားသည်များလည်း ရှိ၏။

ထို ရှိ၏ တရားများကြောင့် ထားနေကျလမ်း လှမ်းနေကျ ဖဝါးထားများကား မရှိ၏ဘက်သို့ ခုန်ထွက်သွားကြလေပြီ။

ပရိသတ်တို့အပြန် ကျန်နေရစ်ခဲ့သည်မှာကား ရင်ခွဲဟာနေ ခြင်းနှင့် စိတ်ခွဲတစ်ခုခုဆာနေခြင်းများပင်တည်း။

ထိုရောဂါများ စွဲကပ်လာသောအခါ မလာသော် ငါမြော်ဘဝ ရောက်ရပြီ။ ပြန်မည်လုပ်အဟုတ်တားရပြီ။ ဤမျှအထိ ပရိသတ် အပေါ် စိတ်ထားအရှိ အငြိပေါ်လာသောအခါ မယားခင် တရားခင် မှသည် တစ်ပါးခင်သို့ အခင်ပြောင်းလာပြီး ခင်မင်မှု အစုစု သမုဒယ ကား ဆူတက်လာချေပြီ။

ထိုသမုဒယစု ထုတက်လာခဲ့ခြင်းများနှင့်အတူ ဒုက္ခအစုစု ထုတက်လာခြင်းများကလည်း တစ်ထပ်တစ်ပိုးကြီးပင်။

ထိုပရိသတ် မပြန်မချင်း နားချိန်အိပ်ချိန်မရှိ၊ နေ့ညအလုံး တပြုံးပြုံးနှင့် ငုတ်တုတ်ထိုင်ကာ ပေမိုတ်ညှော်ခံရာမှ ရလှာသော ကာယိကဒုက္ခများ၊ စကားပြောဆိုရမှု များရာမှ ဘဝင်လေပူ အထ မရပ်ခြင်း၊ နှလုံးသွေးဆူ အဆူမရပ်ခြင်းများနှင့်အတူ နားလေထွက်

http://www.dhammadownload.com



ခြင်း၊ စိတ်များ ပြန့်ကျဲနေရစ်ခြင်း၊ သွေးလေ ချောက်ချားခြင်း၊ ကြောင်တောင်ကြက်တက် စိတ်မှင်သက်နေခြင်း စသည့် စေတသိက် ဒုက္ခများ။

ထိုဒုက္ခများ ပရိသတ် ၂ ရက် ၃ ရက်ခန့်နေလျှင် ခံနေရစ်ခဲ့ရသည်ကား တစ်ပတ်ကျော်ကျော်အထိပင်။

ရုံတစ်ခါ ရှေ့ပွဲဒဏ်မှ နလံမထူသေး၊ နောက်တစ်ပွဲသစ်ဆက်ရသည်ကလည်း ရှိခဲ့သေး၏။ ယင်းတို့ကို

ဆွမ်းခံသွားလျက်က အမှတ်ချင်းဆက် ပယ်ဖျက်၏။

ဆွမ်းစားလျက်ကလည်း အမှတ်ချင်းဆက် ပယ်ဖျက်၏။

အထိုင်နှင့်စင်္ကြံ ဝတ်ထား၍လည်း အမှတ်ချင်းဆက် ပယ်ဖျက်၏။

ထိုစဉ် အမှတ်ကို စဉ်တိုက်တင်၍ ဝီရိယအားဖြင့် တွန်းတင်လိုက်စဉ်

– မျက်စိထဲ စွဲကျန်နေရစ်ခဲ့ကြသော မြင်ယောင်များ.လည်း ချုပ်ပျောက်သွားကြလေကုန်၏။

– နားထဲ စွဲကျန်နေရစ်ခဲ့ကြသော ကြားယောင်များလည်း ချုပ်ပျောက်သွားကြလေကုန်၏။

– အတွေးဖြင့် ရစ်ဝဲနေရစ်ခဲ့ကြသော အရိပ်အယောင်များလည်း ချုပ်ပျောက်သွားကြလေကုန်၏။

သို့တစေလည်း အော်တိုကျည်ကပ်ထဲမှ အစီအရီကျည်တောင့်များသည် ပိုင်ရှင်က ခလုတ်တစ်ချက်နှိပ်စဉ်၊ ပြောင်းဝရှိ ကျည်

http://www.dhammadownload.com



တောင့် အဖူးကျွတ် အခွံလန် ဘေးသို့ အန်ကျထွက်လာသော်လည်း နောက်တစ်တောင့်ကား ခလုတ်မနှိပ်မိမှာပင် အဆင်သင့် စောင့်နေပါသည်ပမာ။

သတိ–ဝီရိယတို့၏ စပ်တွန်းနှစ်ချက်ကြောင့် စိတ်များ ပျံ့မထွက်ဘဲရှိနေစဉ် ကိလေသာစုများ တစ်ချက်ဘေးကို လွဲသွားသော်လည်း နောက်နောက်အစွဲများက အထဲမှာ အဆင်သင့်ချည်း ရှိနေသေးရကား ...

ရှေ့က သတိ ဝီရိယ အုပ်စုက စိတ်ကိုပြုစုပေးကြသဖြင့် စိတ်သက်သာမှု တစ်ခုကျ တစ်ခုကျ ရသွားသော်မှလည်း၊ နောက်နေ ကိလေသာအသုတ်များက တစ်သုတ်ပြီး တစ်သုတ် အုပ်လိုက်ပင် စိတ်ကို ဆွဲထုတ်၍ချည်း ညှဉ်းညှဉ်းနေကြပြန်ရာ မှတ်ချုပ်၊ ပက်ထုတ်ဖြင့်သာ အချိန်ကုန်ခဲ့ရပြီ။

ဧကစာရီ အဖြစ်ဖြင့် တစ်ပါးတည်း ဆိတ်ငြိမ်ရာဝယ် ဝင်ကပ်လျက်က ကိုယ်သည် ဝတ္ထုတော အာရုံတောမှ ရဂုံတောသို့ ထွက်အံ့။ စိတ်သည်လည်း အပါယတော၊ ကာမတော၊ ဘဝတောမှ နိဗ္ဗာန်ဘက် ထွက်စေအံ့။ ဤရည်ရွယ်ချက်များသည် ထွက်စတွင် လုပ်ရပ်နှင့် ဗျူပွတ် ဟပ်နေသေးသော်လည်း ကြာမြင့်လာသော အခါ ဦးတည်ထားသော နဖူးနှင့် အားစိုက်သွားနေသော ဖဝါး တစ်သားတည်း မကျတော့ပြီ။

သို့တိုင်လည်း ပြင်ပဘက်ထွက်လည်နေသော မဂ္ဂင်စက်ကြီး

http://www.dhammadownload.com



ကား အရှိန်မရပ်သေး၊ မရပ်သည့်အပြင် ရှေ့သို့သာ တိုးထွက်လာချေပြီ။

စာနာခြင်းနှင့် ညာတာခြင်း ဟူသော စိတ်လှည့်စားခြင်းများက ဒေသခံဆင်းရဲသော လူမျိုးစုငယ်လေးများအား သနားလာ၏။ ယင်းတို့၏ အေးဆေးခြင်း ရိုးသားခြင်းများအပေါ် စိတ်ဝင်စားလာ၏။ သို့နှင့်

တစ်ရွာဝင် တစ်ရွာထွက် ဆွမ်းခံလျက်က ဟောပြော၏။

တစ်ရွာဝင် တစ်ရွာထွက် လက်၌ရှိသော ပစ္စည်းများလည်း ဝေငှ၏။

နောက်သော် ထိုနှင့်အားမရတော့ဘဲ နောက်ရှိ နောက်လိုက်ပရိသတ်များကိုပါ စုရုံးစေကာ ဘာသာရေးပွဲတော်ကြီးများပါ တစ်နှစ်တစ်ကြိမ် ကျင်းပပေးတော့၏။

– တောင်ပေါ် မြေပြန့်အချင်းချင်း ရင်းနှီးကြရန်၊

– ဆင်းရဲသော လူမျိုးငယ်လေးများအား သူတို့ဒုက္ခ မျှတခံစားကြရန်၊

ဤရည်ရွယ်ချက်ကြီးများ မူဆိုပြီး လက်ကိုင်ထားကာ ကျင်းပပေး၏။

ထိုစဉ် မြေပြန့်ရှိ ဌာနချင်း အငြင်းမပွားကြရန် စည်းလုံးပေးရ၏။ မြေပြန့်နှင့်တောင်ပေါ်ချင်း စိတ်ဝမ်းမကွဲကြရန် ဟောပြောပေးရ၏။

မိမိကိုယ်တိုင်မှာမူကား မဏ္ဍာပ်ဆောက်ရာမှာလည်း ပါ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



ရေကိစ္စလည်းပါ၏။ ဆေးခန်းဆိုင်ခန်းထိုးရာ၌လည်း ဝင်ပြရသေး၏။ ကျွေးရုံ ချက်ရုံ ဆောက်ရာများ၌လည်း မပါမဖြစ် တည်းခိုဆောင် ထားရာ၌လည်း ရှေ့မှထွက်ခဲ့ရ၏။

ဆောက်လုပ်ပေးနေကြသော ဝေယျာဝစ္စ ကလေးများနှင့် အတူ မောရမှန်းမသိ၊ ပမ်းရမှန်းမသိ၊ စားချိန်ပင် သတိမရသည် အထိ ဖြစ်ခဲ့ရ၏။

ပွဲကြီးကား တစ်ရက်တည်းရယ်သာ၊ ပွဲကြိုကားတစ်လ ကြိုတင်စွာ။

ပွဲပြီး ပွဲကြိုနောက် မပြီးမစီး ကျန်ရစ်ခဲ့ကြသည်များမှာ စိတ် လွှတ်ကိုယ်လွှတ် လုပ်ခဲ့ရာမှ ကိုယ်၌ဒဏ်ပေါ်ခြင်း စိတ်၌ဒဏ်ပေါ် ခြင်းများပင်။

တဏှာသည် ကြိုက်တာလုပ်သူကို အဟုတ် အကြိုက်ပေး တတ်၏။ အဟုတ်ကြိုက်၍ အဟုတ်လိုက်လုပ်သူကိုလည်း လက်ခုပ် တီးပေးတတ်သေး၏။

ဦးခြံပျက်ကြီးသည်လည်း တဏှာအကြိုက်လိုက်လုပ် တဏှာ လက်ခုပ်တီးတိုင်း ထထချည်း ကပြခဲ့ရရာ ...

အသက် ၆၀ ကျော် ၇၀ အရွယ်ရောက်ခါမှ အပြုံးဆိုသော မိန်းမငယ်လေး ကောက်ယူထားပြီး ဆက်လက်ကပေးနေရသော မင်္ဂလာဦးအောင်မောင်းကြီး၊ သီချင်းဆိုရင်း ခြေတစ်ခါထိုးတိုင်း ထိုးတိုင်း၊ အမောအားကြီးလာသဖြင့် လိမ္မော်ရည် တစ်ကျိုက်

http://www.dhammadownload.com



တစ်ကျိုက် သောက်ပေးရကာ သူ့ခမျာ ပရိသတ်အား ခြေထိုးကပြ ရရှာ၏။

ကြာသော် ထိုမောမောနှင့်ပင် ဆိုင်းက ဗုံကအမြောက် ခြေကို ထိုး၍ထိုး၍ တစ်ဘက်စင်ထောင့် အရောက်အထိ အလွတ် ထိုးပြလိုက်ရာ ဇာတ်စင်ထောင့် မရောက်မီမှာပင် ပက်လက်ဖြင့် ချော်လဲသွားတော့သည့်ပမာ။

သည်က ဦးခြိပျက်ကြီးသည်လည်း ခြေထိုးကောင်းသဖြင့် ကျောင်းပေါ်မှာပင် လဲကျန်ရစ်ခဲ့ရပြီ။ ဒါနခန်းလာချကြသော မြေ ပြန့်ပရိသတ်ကြီးလည်း ပြန်ကြပြီ။ ဒါနခန်း လာရောက်စားသောက် ကြသော တောင်ပေါ်သားများလည်း ပြန်ကြလေပြီ။

မပြန်ဘဲ ကျန်နေရစ်ခဲ့ကြသည်များမှာကား စိတ်နှင့်တွဲ၍ ပွဲကျင်းပရာ၌ အတူပါလာကြသော အလိုကျခြင်း၊ မကျခြင်း နှစ်ပါး နှင့် စိတ်ချခြင်း မချခြင်း အတွဲများတည်း။

ထိုသို့ ဖြစ်ရသည်မှာ မိမိအလုပ် တရားလက်ငုတ်မှ မဂ္ဂင် ယာဉ်ကြီး ဖြုတ်လွှတ်လိုက်ခြင်း။ ထိုမဂ္ဂင်စက်ကြီး အရှိန်သွက်လက် စွာဖြင့် ဘေးထွက်လည်ပတ်နေစေခြင်းများကြောင့်ပင် ဖြစ်ရသည်။ ထိုစဉ်ရှိ

စိတ်–ကိလေသာ–ကံ–ဝိပါက် အတွဲများသည် မဂ္ဂင်ယာဉ် ပေါ်တက်စီး တက်ထိုင် တက်ကိုင်လျက်က အလုပ်လုပ်ကြရာ ထိုအားလုံး ပွဲကြီးတစ်ခု ထီးထီးဖြစ်ပေါ်လာမည့်သာ အမြင်ရှိနေ ကြ၏။

## နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုပွဲကြီး အပြီးအစီးအောင်မြင်ရေးများ၌သာ အသိစိုက်ကျနေတော့၏။

ထိုအမြင် ထိုအသိ ပွဲခင်း၌သာ အစဉ်မိနေစေရန်အတွက်

ကြောင့်ကြစိုက်အားများကလည်း တအားပြီးတအားထုတ်လွှတ်ပေးနေရသည်။

အမှတ်ထား အမှတ်ဝင်များကလည်း ထိုအာရုံတွင်း ခုန်ဆင်းနေကြရသည်။

အသိစိတ်အားလုံးများကလည်း ထိုအာရုံထက် နားသက်နေရတော့သည်။

ထိုအခါ တစ်ခဏမျှ ဆုံရာဘုံများလည်း သူ့ဘုံကိုယ့်ဘုံ နေရာချင်းဆုံလိုက်ကြရပြီ။

တစ်ခဏမျှ တွေ့ခွင့်ရဘဝဖြစ်စဉ်များကလည်း သူမှကိုယ်ကိုယ်မှသူ ကူးစက်နေကြပြီ။

ဝတ္ထုချင်းတိုက် အာရုံလိုက်ကား ဆိုစရာပင် မလိုတော့ပြီ။ သို့ကြောင့် မဂ္ဂင်၏ အစိတ်အပိုင်းစု တစ်ခုဖြစ်သော ကိုယ်အလှုပ်နှုတ်အထွေ စိတ်အငွေ့များကလည်း

မျက်စိအစုံ နားအစုံတို့သည် အများဘက်ချည်း လှည့်၍တပ်ဆင်ထားပြီးရှိရာ ယင်းမှပင် စိတ်အပြင်ထွက် စားကျက်ကူးတော့သည်။

အင်္ဂါအစုံ ခြေလက်စုံတို့သည်လည်း အများစုရှိရာအကြားထသွားလည်းသွား ထင်သလို လှုပ်ရှားနေကြတော့သည်။

http://www.dhammadownload.com



စိတ်ကမှ အကြောင်းတစ်ခု မဖော်ရသေး။ ထိုအကြောင်း ကောင်းကောင်းကြီး ပြောပြီးနေပြီ။

ထိုခြေသွက်လက်သွက် နှုတ်သွက်နေခြင်းများသည် မဂ္ဂင်စက်ကြီး၏အရှိန်ဆင်း ပြင်းထန်နေခြင်းကြောင့်ဖြစ်ရာ၊ ထိုမဂ္ဂင်ယာဉ်၌ ထည့်သော ထိုးဆီများကလည်း

ဒါ ဒီလို လိုချင်သည် (အဘိဇ္ဈာ၏ စိမ်ခေါ်သံများ)

ဒါ ဒီလို မဖြစ်ရဘူး (ဗျာပါဒ၏ တောက်ခေါက်သံများ)

ထိုထည့်ဆီ ထိုးဆီ လောင်စာဆီ အရည်ပြည့်ဝလာစေခြင်းများပင်။

ယင်းဆီများသည် ဘဝင်လေကိုလည်း ပုတ်နိုး နှိုးပေးကြ၏။ ဘဝင်လေကလည်း သူ နိုးထလာသည်နှင့် နှလုံးသွေးကို လှုပ်ထိုး ထိုးကာ ...

သခင် ဘာခိုင်းနေသလဲ ဆင်ခြင်ပေးစမ်းပါ၊

သခင် ဘာဖြစ်စေချင်သလဲ ဉာဏ်ဝင်ပေးစမ်းပါ၊

မပြောသော်လည်း ပြောနေဘိသို့ ထိုဘဝင်လေက ထိုနှလုံးအိမ်တွင်းနေ နှလုံးသွေးများကို အောက်မှနေ လှုပ်ထိုး ထိုးပေးတော့၏။ ထိုအခါ

နှလုံးသွေး လှုပ်ရှားလာသည်နှင့်အမျှ နှလုံးသွေး၌တည်သော မနောသည် တစ်ဘက် ဝတ္ထုအာရုံများ၏ အသစ်အသစ်ထိုးဝင်လာသော သူ့သဘော သူ့သတ္တိထားများကိုလည်း သခင့်အလိုကျ ဆိုင်ရာတံခါးဝမှနေ စုံစမ်းပေးနေရပါသည်။

http://www.dhammadownload.com



မသေချာသေးသမျှလည်း စောင့်ဆိုင်းပေးရပါသည်။

သေချာပါပြီဆိုကလည်း ဆုံးဖြတ်ပေးရပါသည်။

ဆုံးဖြတ်ပေးပြီးပါပြီဆိုက တဏှာနှင့်ရော ဇောကျပေးရပါသည်။

ဇောကျပေးပြီးပါက နောက်တစ်ခါ တဏှာတောင်းက အဆင်သင့်လမ်းကြောင်းပေးနိုင်ရန် အာရုံယူ မှတ်တမ်းတင်ပေးထားလိုက်ရပါသည်။

အကယ်တိတိ

ဝတ္ထုအာရုံများက အသစ်မဟုတ် အဟောင်းဖြစ်နေခဲ့လျှင်လည်း တစ်ချိန်က မိမိအာရုံယူ မှတ်သားထားခဲ့ရာ နေရာဒေသနှင့် ဝတ္ထုများ၏ သက်ရှိသက်မဲ့များနှင့် တွေ့ဖူးဆုံဖူးခဲ့ရာသို့ စိတ်ပို့လွှတ်ကာ ထိုအတိုင်းသော ပုံရိပ်အဟောင်းများ စုပေါင်းစပ်ဟပ်ပေးလျက်က မနောကြားမှာပင် ဖော်ထုတ်ပြသပေးရပါသည်။ တစ်ခုမကောင်း တစ်ခုပြောင်းလည်း လုပ်ပေးရပါသည်။

ထိုသို့ မနောက အဘိဇ္ဈာ စသည် ဆီသုံးမျိုးတို့ဖြင့် ခန္ဓစက် မဂ္ဂင်စက် နှစ်ထပ်ရောပျက်၍ လည်ပတ်ပေးလိုက်သောအခါ

စိတ်ပြင်း ကိုယ်တင်း အရှိန်ကား အလျှင်းရပ်မရပြီ။

မှားခင်း သွားခင်း အရှိန်ကား အလျှင်းရပ်မရပြီ။

မဂ္ဂင်ယာဉ်ကြီးကား လိမ့်အားကောင်းကောင်းဖြင့် တစောင်းလည်ပတ်နေချေပြီ။

အရှိန်ကောင်း တစောင်းလည်ဖြင့် ရှေ့ဆက်ထွက်လာနေ

http://www.dhammadownload.com



သော ထိုမဂ္ဂင်ယာဥ်ကြီး လမ်းကြောင်းပြောင်းလျက်ကပင် ထိုတစောင်းအတိုင်းပင် ချော်တက်သွားပြန်ပြီ။

ယင်းကား မိမိအလုပ်အသာထား စာပေရေးသားခြင်းပင်

ထိုစာပေရေးသားမှု ကျမ်းပြုကိစ္စရပ်ကာ တက်ကျွမ်းခြင်းလည်းမရှိ။

စိတ်ဝင်စားခြင်းလည်း ယခင်က အလျှင်းမရှိခဲ့ပါ။

ထိုစဉ် သည်က ဦးခြံပျက်ကြီး (၁၃)ဝါအရတွင် ဌာနတစ်ခုပြောင်းခဲ့၏။

ထိုပြောင်းဆဲအချိန် ဤနေမြမှ ဆင်းသက်ခဲ့၍ မြို့ငယ်လေး (နိဂုံးလေး)၌ ခေတ္တ တည်းခိုစဉ် ထိုမှာနေသော ကျောင်းထိုင်ဆရာတော်အား သွားရောက်၍ ဂါရဝပြုချေရာ ထိုဆရာတော်ကလည်း မဇ္ဈိမဒေသမှရောက်ခါစ ရက်ပိုင်းမျှရှိသေးရာ သံဝေဇနိယလေးဌာနတို့မှ အောင်မြေများကို ပေါင်းစု၍ လက်ဆောင်ပေးရန် ဇီးစေ့ခန့်အလုံးငယ်(၃၀) ချီးမြှင့်တော်မူ၏။

အောင်မြင်ရန်အတွက် ခေတ်ပန္နက်ယူ၍ စိတ်ကသတ်မှတ်လိုက်၏။

တစ်ဖန် မဇ္ဈိမဒေသက ပါလာသော ဒေါက်တာစာတမ်းပါ (အင်္ဂလိပ်လို) ဘောပင်တစ်ချောင်းလည်း ချီးမြှင့်တော်မူပြန်၏။

ဟင် ဒါက ဘာလုပ်ရမှာတဲ့တုန်း။ မတင်မကျ။

သို့ဖြင့်ပင် မိမိပြောင်းလိုသောနေရာ ဒေသသို့ အခြေကျစေခဲ့ပြီ။

http://www.dhammadownload.com



ထိုစဉ် ပေးသောအိပ်မက်ကား သည်နေရာမှာနေ သေမည်ဟူ၍

ထိုစဉ် တွေးသောအတွေးကား ငါသေလျှင် ဝေနေယျအတွက် ဘာအမွေထားခဲ့ရပါမတုန်း။ ထိုနှင့်အတူ

ငါသည် ဇေတာရီ အကျင့်သမားဖြစ်သဖြင့် ပြင်ပသာသနာ ပြုစုစောင့်ရှောက်ရန် နောက်အား မရှိ။

ငါသည် စိတ်မြန်စိတ်ထန်နှင့်အတူ မြှုံထားရာမှနေ မခံနိုင် တစ်ချက်လွှတ်သုံးကျင့် ရှိနေပြန်သဖြင့် တပည့်မွေးလည်း သက်ဆိုး မရှည်။ ငါသည် ဆိတ်ငြိမ်အေးဆေးခြင်းကိုသာ အလေးပေးသူဖြစ် သဖြင့် မွေးတပည့်အား စနစ်တကျ အမွေမပေးတတ်။

သို့ကြောင့် ထိုငါသည် ရိပ်သာမထောင်။ လူလည်ခေါင် လိုက်လံတရားမဟော မပြော။ သည်လိုဆို ကိုယ့်ဝေနေယျတွေ အတွက် မခက်ပေဘူးလား။

ထိုအတွေးက နောက်မှနေ ဝင်အုပ်လိုက်ချေရာ

ကိုင်း... ငါ့အစား စာပေများက သွားဟောကြစေ ပြောကြ စေ။

ကိုင်း... ငါ့ဖူးမည့်အစား ငါ့ဉာဏ်ထား ဖူးကြစေ၊ မျှော်ကြစေ။

သို့ဖြင့်ပင် စာပေအရေးအသားဘက် မဂ္ဂင်စက်ကြီး လှည့် ထွက်သွားရချေပြီ။

ထိုစဉ် စာရေးခြင်းက အတွေးရမှု။ တရားအားထုတ်ခြင်းက

http://www.dhammadownload.com



အတွေးလုံး၀ မဝင်မှ။ ခက်ကြပြီ။ တစ်ဖန် စာပေမှတ်တမ်းက ပညတ်ဖြင့် အရာထင်စေ။

တရားအားထုတ်မှု မှတ်တမ်းက ပရမတ်ဖြင့် အရာထင်။ ခက်ကုန်ကြပြီ။

တစ်ဖန်လည်း စာပေအရေးအသားက အပြောဘက် အာရုံယူ။ တရားအားထုတ်မှုက သဘောဘက်အာရုံယူ။ ခက်ကုန်ကြပြီ။

တစ်ဖန်လည်း စာပေက အများဘက် အပြင်ကိုချည်းလှည့်။ တရားက မိမိဘက်အတွင်းချည်းကြည့်။ ခက်ကုန်ကြပြီ။

ထိုသို့ လိုင်းမတူ မူကွဲနှစ်ခုကို အတူတွဲအားထုတ်စေချေရာ နယ်မကူးရန် စည်းကမ်းဖြင့် ရှေ့ပြေးသတ်မှတ်ပေးထားရ၏။ ယင်းကား နံနက်ဆွမ်းခံပြန်မှ မွန်းမတည့်မီကာလ စာရေးချိန်။ နေ့မွန်းတည့်မှ တစ်နေ့နှင့်တစ်ညလုံးလုံး တရားအားထုတ်ချိန်။ ထိုစည်းကမ်း အစသော် စာပေအစွဲထား ဆွဲအားမကောင်းသေးခင် လိုက်နာသေး၏။ ဇာတ်တစ်ဇာတ်၌ ဇာတ်ဝင်ခန်းပမာသော တရားသဘောစု တစ်အုပ်၏နောက်ဆုံးအချုပ်ရောက်ချိန်တွင်ကား ဆက်မရေးရ၊ နောက်စိတ်က အမိန့်ထုတ်နေသော်မှလည်း ရှေ့ရှိစိတ်အလုပ် လက်အလှုပ်တို့က ငုတ်တုတ်ပေရေးခြေ မပျက်ကြတော့ပြီ။ ထိုအချိန်

တုတ်လာမိုး – တုတ်ပင် အချိုးခံရမည်။

ဓားလာမိုးလည်း – ဓားကိုလျှင် အခိုးခံရတော့မည်။

ထိုမျှအထိ စာပေနယ်တစ်ခွင် စိတ်စားကျက် အကွက်ဝင်နေစဉ် အမြင်အသိ ဒိဋ္ဌိပါ ပညာများကလည်း ထန်းလျက်၏အရသာ

http://www.dhammadownload.com



လျှာပေါ် ကိုယ်တိုင်တင်စားဖို့ထက် ထန်းလျက်က ချိုသည်ဆိုသော အတွေးဖြစ်၊ အပြောဖော် စကားလုံးတို့၏ အပေါ်သို့သာ တက်စီးစီးလိုက်နေကြတော့မည်မှာ မလွဲပြီ။

ထို့မျှအထိ စာပေနှင့်အမြင်အသိ ငြိနေကြစဉ် မနောမြူးအဘိဓမ္မာသည်လည်း လိုရာရာပြေး အကွက်မဝင် ဝင်အောင် တွေးပေးလျက်ကသာ ဘဝဖြစ်စဉ် ခန္ဓာဖြစ်စဉ်ကြော ရောနှောလိုက်ပါနေချေရာ၊

ဆွမ်းခံသွားလာရာ၌လည်း သူပါမှ အမောသက်သာသည်ထင်၏။

ဆွမ်းစားရာတွင်လည်း သူပါမှ အရသာရှိသည်ထင်၏။

ခြုံ၍ပြောရသော် အိပ်မောမကျမချင်း သူနှင့်သာ ရင်းနှီးနေတော့သည်။

ထိုအခါ တရားထိုင်လျက်က ထ၍ရေးပေးလိုက်ရသည်။

အိပ်ရာထဲရောက်ခါမှပင် ထ၍ရေးပေးလိုက်ရသေးသည်။

ထို့မျှ စာပေအလုပ်ဝင်တို့ လက်ရှင်စိတ်ရှင် ဟန်ရေးပြင်နေကြစဉ် အလုပ်နှင့်အမှတ်သတိများသည်လည်း စာတစ်ပုဒ်မှ တစ်ပုဒ်သို့လည်း မှတ်ချက်ထုတ်၍ လုပ်ပေးနေရမည်မှာ သေချာပြီ။ စာတစ်အုပ်မှတစ်အုပ်သို့လည်း မှတ်ချက်ထုတ်၍ လုပ်ပေးနေရမည်မှာ သေချာသွားပြီ။

ထိုမှတ်ချက်သတိကပင် ဒါ ဒီလို အသိပေး သူတို့လေးတွေ သဘောပိုပေါက်ကြမည် သတိပေး၏။ ဒါပြီး ဒီလိုလည်းလိုသေး၊

http://www.dhammadownload.com



ဒါမရေး သူတို့လေးတွေ သိခွင့်မရ ရှိချေမည် သတိပေး၏။ ထိုမှတ်ချက်ပြု သတိပေးကြောင့်ပင် ဒါလိုသေး ဒါကျန်သေး အတေးအစွဲများစွာဖြင့် ယနေ့အထိ ကိုးနှစ်ကျော် ဆယ်နှစ်တိုင်ခဲ့ပြီ။ ကျန်သေးကား ဆိုင်းဘုတ်မဖြုတ်ရသေး။

ထိုမျှအထိ အလုပ်ငှင် မှတ်ချက်ဝင် သတိကရှေ့မှနေကုန်းကြီး အလုပ်လုပ်နေသော် သူ့နောက်လိုက် ဝီရိယကလည်းကိုယ်အား လက်အား စိုက်ရန်ကိုလည်း လိုက်ပေးနေရတော့သည်။ စိတ်ကြောင့်ကြစိုက်ရာသို့လည်း လိုက်ပေးနေရတော့သည်။

ထိုမျှအထိ ရှေ့သွားနောက်လိုက် သတိဝီရိယတို့က အတင်းဖိနေချေသော် အတွေး၏ထက် အသိတက်ကိုင်ခြင်းဟူသော တစ်ချီတည်း စိတ်ကား မည်သို့မျှ တရားဘက် လက်ဆက်ရန် မကြံရွယ်တော့ပြီ။

ခန္ဓာတွင်းလှည့်၍ သုံးသပ်ပေးရသော တရားအလုပ်သည် စိတ်ကိုချုပ်၍ အလုပ်လုပ်နိုင်းသော မူဝါဒမျိုးဖြစ်နေသဖြင့် စိတ်ကားမပျော်။

ရောက်တတ်ရာရေး ရတတ်ရာရေးရသော စာပေအလုပ်သည် စိတ်လွတ်ကိုယ်လွတ် ရှိလှသဖြင့် စိတ်ပျော်၏။

သည့်အတူ ခန္ဓာတွင်းရှိ အတွင်းလှည့်ကြည့်ပေးရသော တရားအလုပ်သည် တစ်ခါလာ မဲပြာပုဆိုးချည်း ဖြစ်နေသဖြင့် တဏှာမမြူး။ အမြဲကြည့်လျှင် အရှိမြင်ဖြင့် တဏှာလှည့်စား ထားရာများ ပေါ်လွင်လာမည်ဖြစ်ရကား ...

http://www.dhammadownload.com



ထို တဏှာက တရားအလုပ် ထိုစိတ်ကို မလုပ်စေလို။

ထိုသည့်နယ်ခြား ဦးခြံပျက်ကြီး ရောက်ရှိသွားသောအခါ မိမိ လက်ဝယ်ရောက် မဂ္ဂင်ယာဉ်ကြီးသည် ယခင်က သဒ္ဓါပညာတို့ တက်ထိုင်မောင်းနှင်နေခဲ့ရာမှ ယခုသော် သဒ္ဓါနေရာတွင် တဏှာ အစားထိုး ပညာနေရာ မာနအစားထိုးဖြင့် ထိုတဏှာ မာနများ၏ လက်ကိုင်မောင်းအဖြစ် ဦးခြံပျက်ကြီးကပင် ပြောင်းပစ်ပေးလိုက် ရချေပြီ။

ယင်းစာပေ သမုဒယက ပေးသောဒုက္ခကား ဇက်ကြော တက်၊ မျက်ကြောမှေး၊ အိပ်ရေးပျက်၊ မျက်စိမှုန်ဝါး လာခြင်းများ ပင်။

ထို့မှုမကသေး ဆီးချုပ် ဝမ်းချုပ်ခြင်းများနှင့်အတူ သွေးလေ များကပါ ချောက်ချားလာနေခြင်းများပင်။ သို့တိုင်လည်း အရှိန်ကား ကောင်းဆဲ မောင်းဆဲသာ။

ယင်းတို့ကို တရားထိုင်သောအခါ မဂ္ဂင်ဖြင့် ချေဖျက်၏။ တစ်ခါချေ တစ်ခါပြေပျက်၍ ချုပ်ပျောက်၏။ သို့တစေလည်း သတိ ကားမစပ် အစွဲများကား ထပ်လျှက်ချည်း ခွစီး စီးထားကြရာ ...

ရှေ့ကချုပ်ပျောက် နောက်ကရောက်။

နောက်ကချုပ်ပျောက် နောက်ကရောက်။

သည်နည်းဖြင့်ပင် အလုပ်ခွင်ထား သတိများက စပ်ကြား၊ အစွဲဝင် အသိတရားကား ထပ်မနားဖြင့် ခရီးနှင်ခဲ့ရာ။

ယခုသော် တောပျော်ကာလဖြင့် ၂၁ နှစ် တိုင်ခဲ့ပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



အသက်အရွယ်အားဖြင့်လည်း ၆၀ တွင်း နင်းဝင်လာချေပြီ။

ဦးခြံပျက်ကြီးလည်း လျှောက်လက်စ လမ်းစ ဖဝါးအောက်မှ ပျောက်ဆဲပင်။

သည်မျှအထိ မဂ္ဂင်ယာဉ်ကြီး တစ်ဖက်စောင်းနင်းဖြစ်ကာ ပြင်ပဘက် တစ်ကြောင်းချင်း အရှိန်ပြင်းစွာ ဝင်နေသဖြင့် မိမိဘက် အကျိုးပြုမှုများ မသက်လှာတော့သည်တိုင် ...

ထိုမဂ္ဂင်ယာဉ်ကြီးကား ဆက်လက်၍ပင် အရှိန်ပြင်းစွာဖြင့်ပင် လိမ့်ဆင်း ဆင်းမြဲရှိနေချေပြီ။

ယခု ထိုမဂ္ဂင်ယာဉ်ကြီးများ မိမိဇာတိမွေးမြေဝယ် ရွာနားကပ် တရားမဏ္ဍပ်ထဲသို့ တိုးဝင်သွားပြန်ပြီ။ ယင်းကား မိမိအား မွေးဖွားပေးခဲ့ရာ ဇာတိချက်မြှုပ်ဆီသို့ ရုတ်တရက် ရွေ့ပြောင်းလာခဲ့ခြင်းတည်း။

ဌာနေရှိ မိမိဆရာများနှင့် သံဃာအား ကျေးဇူးဆပ်ရန်၊

ဌာနေရှိ မိမိဆွေမျိုး ဉာတကာနှင့် ဝေနေယျများအား ကျေးဇူးဆပ်ရန်၊

ဤစိတ်စွဲများ ဆိုင်းဘုတ်အဖြစ် ချိတ်ဆွဲထားခြင်းနှင့်အတူ ပြင်ပသာသနာပြု၏ နောက်ဆုံးအချိန်အဖြစ် သတ်မှတ်လိုက်သည်။

ခန္ဓာအရွယ်က ခြောက်ဆယ်ထဲဝင်တော့မည်ဖြစ်သဖြင့်။

ဉာဏ်အရွယ်က တစ်ခါပင်မလည်တတ် ဖြစ်နေသေးသဖြင့်။

ဤဇာတိချက်ကြွေမှာပင် ရွှေချက်သိုတံခွန်တိုင် စိုက်ထူခဲ့သည်။

နတ်တလုစာစဉ်

http://www.dhammadownload.com



ဤဇာတိချက်ကြွေမှာပင် မင်းဘိသိက်ခံ ဘုရားတစ်ဆူ တည်ခဲ့သည်။

ဤဇာတိချက်ကြွေမှာပင် တရားစခန်း ၂လစီ သုံးကြိမ်ဖွင့်ပေးခဲ့သည်။

ဤဇာတိချက်ကြွေမှာပင် အဝေးအနီးများအား တရားရေအေး တိုက်ကျွေးခဲ့သည်။

ရှိစု မဲ့စုစုံ အကုန်ထုတ်သုံးထားခဲ့ခြင်းတည်း။

မဂ္ဂင်ယာဉ်ကြီး ထိုသို့ တစ်ဘက်သို့ စောင်း အမောင်းပြင်းလာသည့်နည်းတူ ...

ဘုံချင်းဆုံ ဘဝချင်းနှိုက် အလိုက်ပေးရခြင်းများလည်း ပါခဲ့သည်။

ဝတ္ထုချင်းဆုံ အာရုံချင်းတိုက် အလိုက်ပေးရခြင်းများလည်း ပါခဲ့သည်။

စိတ်အကြံ ကံအဖိ ကိလေသာဝင် ဘုံစဉ်ခံစားခြင်းများလည်း ပါခဲ့သည်။ ဖြစ်တည်၊ နာ၊ ပျက်၊ ဇာတိ စသည်လေးချက်တို့ကလည်း မပျက်မကွက်ခဲ့။

သို့တိုင်လည်း သည်က ဦးခြံပျက်ကြီးကား လက်လှန်သည် မရှိခဲ့။ မရှိသည့်အပြင် မိမိချက်မြှုပ်နေရာ တံခွန်တိုင်စေတီ တည်ခြင်း၌လည်း သည်နေရာ သည်လိုလုပ်၊ ဟိုနေရာ ဟိုလိုထားဖြင့် ပါဝင်ခဲ့၏။

ညဉ့်တွင် အမြင်၊ အသိ ထည့်၍ ပုံတွေး။

နတ်တံလှုစာစဉ်

http://www.dhammadownload.com



နေ့တွင် အပြောအလုပ်ဖွင့်၍ ထုတ်လွှင့်ပေး၏။

တံခွန်တိုင်ကြီးကား ၂လအတွင်း ထီးထီးကြီး ပေါ်လာစေခဲ့ပြီ။

တစ်ဖန် ဘုရားတည်ရာ၌လည်း မဂ္ဂင်ထက် စက်စုံတင် လိုက်ပွဲကြီးပြင်ဆင်လျက်ကပင်

ဘုရားတစ်ဆူ၌ ထည့်သွင်းရမည့် ဗုဒ္ဓဝင်များ၊

ဘုရားတစ်ဆူ၌ တည်ဆောက်ရမည့် ပစ္စည်းများ၊

ဘုရားတစ်ဆူ၌ ရှိရမည့်ပုံစံနှင့် ဉာဏ်တော်ထား၊

ထိုအားလုံး ဌာပနာတိုက်ခန်းမှသည် ထီးအထိ အလုံးစုံ အကုန်ဝင်၍ ပါရ၏။ ဆရာသမားများကား တပြုံးပြုံးနှင့် ချီးကျူး မဆုံး၊ နယ်ခံ ဝေနေယျများကား တပြုံးပြုံးနှင့် ပျော်မဆုံး။

သည်က ဦးခြိပျက်ကြီးကား မရှိသွားဖြစ်မှုသာ။

တောထွက်ကာလ (၁၉)နှစ်သော ထိုကာလများတွင် အစ စွာသော (၉)နှစ်တာ ကာလတွင်ကား ပရိသတ် အကပ်မခံ။ နောက် လိုက်များ လိုက်ပါနှောင့်ယှက်က တစ်နေရာရှောင် ကိုယ်ရောင် ဖျောက် ပုန်းနေဖြင့် တင်းခဲ့ပြင်းခဲ့။

တင်းစဉ်ကာလက အောက်မှတ်ခမ်းပြသည်အထိပင်။

ယခုနောက်ပိုင်းကာလများတွင်ကား ပရိသတ်အကပ်လည်း ခံ၏။ နောက်လိုက်များ အလိုက်ခံသည့်အပြင် ၎င်းနောက်လိုက် များနှင့်အတူတွဲကာ ဘာသာရေးပွဲတော်ကြီးများပါ တပျော်တပါး ပြုကျင့်ပေးနေပြန်၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



လျှော့တော့လည်း အောက်စလွတ်ခဲ့ပြီ။

ထိုမှ တံခွန်တိုင်ထူ ဘုရားတည်ဖြင့် အလုပ်များသည့်ကြား ထဲကပင် ယောဂီပေါင်းများစွာတို့ကို ၂လစခန်းများ နှစ်စဉ် တပေါင်း လပြည့်မှ ကဆုန်လပြည့်အထိ ၃ကြိမ်၊ တစ်လစခန်းဖြင့် အမှုဆောင် လူကြီးများချည်း တစ်ကြိမ် ဖွင့်ပေးသေး၏။ ထိုစဉ်

နံနက် ၇ နာရီမှ ၁၀ နာရီထိ အမျိုးသားများ တရားစစ်။

ညနေ ၃ နာရီမှ ၆ နာရီထိ အမျိုးသမီးများ တရားစစ်။

ည ၇ နာရီမှ ၈ နာရီထိ ရဟန်းတော်များ တရားစစ်။

တစ်နေ့ကို သုံးပိုင်းပိုင်းကာ အများအတွက် တစ်ပါးတည်း အလုပ်လုပ်ပေးရ၏။

နံနက် ၁၀း၃၀ နာရီတွင်ကား ဆွမ်းအနုမောဒနာ၊

နေ့ ၂ နာရီမှ ၃ နာရီတွင်ကား အလုပ်ပေးတရား၊

ကျန်ကြားကာလများကား ဧည့်သည်များ ဧည့်ခံတရား၊

တစ်နေ့၌ နေ့တစ်လုံး အလကား မဆုံးရှုံးရန် ဤသို့ပင် သုံးပေးနေရ၏။

သည့်မျှမကသေး ဧည့်ပရိသတ်အတွက် သက်သက်ကား ဥပုသ်နေ့တစ်နေ့လုံး ခွင့်ပြုထားပေး၏။

ဥပုသ်ကား ယောဂီများ တရားစစ်ပေးခြင်းမှ အနားယူချိန် ဖြစ်၏။

သို့တိုင်လည်း ဥပုသ်နေ့မရောက်မီ ကြားပေါက်ဝင်လာကြ သော ဧည့်ပရိသတ်များလာသည်နှင့် ချက်ချင်းဖူးခွင့်မရခြင်း၊ ဖူးခွင့်

http://www.dhammadownload.com



ရသော်မှ လိုသလို အချိန်မပေးနိုင်ခြင်း၊ ယင်းတို့ကို အပြစ်အနာ အဆာလုပ်ကာ ပြစ်တင်သံ ကဲ့ရဲ့သံများလည်း ပေါ်ထွက်လာခဲ့သေး၏။

လောကကို လှန် လောက၏ဒဏ် ခံရခြင်းတည်း။

တစ်ဖန် ထိုအလုပ်များကြားမှပင် နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း ...

မိမိဖူးမျှော်လိုသော သံဃာများ မိမိက တစ်ဝကြီး ဖူးခွင့်ရရန်၊

မိမိလှူလိုသော ပစ္စည်းများ နောက်လိုက်များနှင့်အတူ အားရပါးရကြီး လှူခွင့်ရရန်၊

မိမိကျေးဇူးဆပ်လိုသော ဆရာများ မိမိက တစ်စုတည်း ချဉ်းကပ်ခွင့်ရရန်၊

ဤရည်ရွယ်ချက်များနှင့်အတူ သံဃာ့ဒါနပွဲတော်ကြီးကျင်းပ၏။

ပထမနှစ် ၄၅ ပါး (ဘုရားရှင်၏ ဝါတော်နှင့်အမျှ)

ဒုတိယနှစ် ၅၄ ပါး (အနန္တနှင့်သစ္စာ တွဲဖက်လို)

တတိယနှစ် ၆၄ ပါး (ကမ္ဘာ့ကပ်ကျော်ရန် ရည်၍)

ထိုသို့ ပူဇော်ရာ၌ သံဃာတစ်ပါး တစ်ပါးလျှင် အနည်းဆုံး ရှစ်သောင်းခန့်၊ ဆုမဲကောင်းပေါက်သံဃာက တစ်သိန်းခန့်အထိ အလှူခံရရှိတော်မူသွားကြ၏။ ဖယောင်းတိုင်ထုပ်ကပင် သောင်းဂဏန်း။

နတ်တလုစာစဉ်

http://www.dhammadownload.com



အားလုံးသော သံဃာတော်များ သာစုခေါ်တော်မူကြ၏။

အားလုံးသော ဆရာသမားများ ဝမ်းမြောက် မဆုံးကြ။

ထိုမျှသော ခြိမ့်ခြိမ့်သဲ ပူဇော်ပွဲကျင်းပလျက်ကပင် တစ်ပါးသော ဘုန်းတော်ကြီးက ငွေကြေးလောင်းလှူခွင့် ဝိတ်ပင်မိသဖြင့် လာဘ်ပေါက်ဝိတ်ရကောင်းလားဆိုကာ နိုင်ငံတော်စာပို့ လိုက်ပြီ စသည် ခြိမ်းခြောက်သံများ ပွဲအပြီး ထွက်ပေါ်လာခဲ့၏။

တစ်ဖန် အတွင်းဂေါစရဂါမ်ရွာတစ်ရွာမှလည်း တစ်ရွာထဲ တောင်ကျောင်း မြောက်ကျောင်း ကွဲနေကြလေရာ၊ တောင်ကျောင်း ဘုန်းကြီးက သည်က ဦးခြံပျက်ကြီးဆီအဝင် အထွက်လုပ်ရာ လက်ခံရကောင်းလားဆိုကာ ...

သံဃဒါနပွဲကိုလည်း မလာဘဲ သပိတ်မှောက်၏။

လမ်းကိစ္စဖောက်ရန်ကိုလည်း လာရောက် ကန့်ကွက်၏။

လောကကို လှန်မိသဖြင့် လောကဒဏ် အထိခံရခြင်းများ တည်း။

ထိုသည့်အရေးများကို တွေးမိလေသောအခါ ...

အကောင်းလုပ်တိုင်း အကောင်းပေကပဲဟူ၍ လူတိုင်းလက် မခံနိုင်ကြပါတကား။

ကောင်းတိုင်းလည်း လူတိုင်းမကြိုက်နိုင်ကြပါတကား။

ဤအသိ ဤအတွေးများက အပြေးဝင်လာချေတော့၏။

ထို့နောက် ဆုံးဖြတ်တွေး တစ်တွေးဝင်လာပြန်၏။ ယင်းကား – မဟုတ် ပြုံးခံ။

နတ်တလုစာစဉ်

http://www.dhammadownload.com



– ဟုတ် ကုန်းကြီးခံမဟော့ ဟူသာတည်း။ ထိုစဉ်

တစ်ဘက်၏စွပ်စွဲပုတ်ခတ်ချက်နှင့် မိမိရှိ စေတနာနှင့် လုပ်ရပ်များ။

ထိုနှစ်ခုတို့ကို ထိလက်မှတ်နှင့် ပေါက်စဉ်တိုက် တိုက်နည်း တိုက်ဆိုင်ကြည့်ရာ အပြတ်အသတ် လွဲမှားနေချေသော်

အင်း ဒင်း ငါ့သဘောထား မသိရှာသူပေကိုး။

ဤမှတ်ချက်ချနှင့်အတူ သနားကရုဏာသက်သောစေတနာ ဖြင့် ပြီးလျက်ကသာ ခံဖို့ဆုံးဖြတ်၏။ တစ်ဖန်

တစ်ဘက်က လက်ညှိုးထိုး စွပ်စွဲနေပြီ။ မိမိကလည်း သူ့ လက်ညှိုးရှေ့ နဖူးတွေ့ ဒူးတွေ့လုပ်ပြနေမိပြီ။

ထိုစဉ် သူ့သမုတ်နှင့် မိမိအလုပ် သူပြောသလို ဟုတ်မဟုတ် တိုက်ဆိုင်ကြည့်ရာ

မိမိစေတနာအရှိနှင့် သူ့လက်ညှိုးကလည်း တည့်နေပြီ။

မိမိလုပ်ကွက်နှင့် သူ့စွပ်စွဲချက်ကလည်း ကွက်တိ။

ထိုအခါမျိုးများ၌ကား

အင်း ... နင်ကိုက သူပြောသလို လုပ်မိနေတာကိုး ခံမှပေါ့။

ဤသို့လျှင် ကိုယ့်ကိုယ်အပြစ်တင်ကာ ကုန်းခံဖို့ဆုံးဖြတ်၏။

ပြောသူကား ပွဲကြည့်သမား၊ သူ့တာဝန်ကား ဝေဖန်ရန်ပင်။

လုပ်သူကား ပွဲကသမား၊ ကိုယ့်တာဝန်ကား အဝေဖန်ခံဖို့ ပင်။

သို့ဖြင့်ပင် ထိုမီးကိန်းများ မီးကျိုန်းကျေခဲ့ရချေသည်။ နောက်

နတ်တလူစာစဉ်

http://www.dhammadownload.com



ထပ် ဘာသံမျှမကြား။ နောက်ဆုံးနှစ် နှစ်လစခန်းကြီးကား ဤပွဲသည် နောက်ဆုံးဟူ၍ ကြေညာထားသဖြင့် နယ်ပေါင်းစုံမှ လူပေါင်းစုံ အကုန်ပစ်ဝင်လာကြ၏။ ၃၀၀ နီးပါးတည်း။

သို့ကြောင့် တည်းခိုဆောင်များ ၂ယောက်ထားမှ ၃ယောက်ထားဖြစ်ရ၏။ အချို့ ၄ယောက်အထိ ထိထိစပ်စပ် နေရာချထားခံကြရ၏။

ဆွမ်းစားဆောင်မှာလည်း ကျပ်တည်း၏။

ဓမ္မာရုံဆောင် တရားအားထုတ်ရာ၌လည်း ကျပ်တည်း၏။

သံဃာဆောင်သည်ပင် အချို့လူက ရဟန်းဝတ်၊ အချို့လူက သာမဏေဝတ်ဖြင့် ထင်ရာပြောင်းကြရာ ကျပ်ကျပ်တည်းတည်းပင်။

ထိုမျှသော ဧည့်စိမ်း စရိုက်စုံ လူမျိုးစုံ ပြုံဝင်လာသောအခါ

အလုပ်ပေးတရား ဟောရန်အတွက် ခေါင်းတွင်းလှန် အကြံဉာဏ်များ ဖြစ်ညှစ်ထုတ်ရတော့သည်။

စာပေရေးသားစဉ်က မရေးမီ ရေးမည့်ဟန်နှင့် စာလုံး ပုံစံများ မိမိဉာဏ်ဝ၌ရှေ့ ကွက်ကွက်ကွင်းကွင်း တွေ့လာရာမှ နောက်ဆုံး ရေးလိုက်ရသည့်နည်းတူ၊ ယခု အလုပ်ပေးတရား ဟောပြောရန် အတွက်လည်း

အလုပ်ပေးတရားသည် အလုပ်လုပ်ရန် ပေးရသော နည်းပြတရား၊

အလုပ်ပေးတာဝန်သည် သူ့ဉာဏ်အရှိန်နှင့် ကွက်တိချိန်ကိုက်ပေးရသောတရား။

http://www.dhammadownload.com



သို့ကြောင့် ယနေ့ မည်သူများသို့ ဦးစားပေးဟောရမည်နည်း။

ထိုသူများက မည်သို့အာရုံယူထားကြသနည်း။

ထိုသူများကို မည်သည့်စကားလုံး သုံး၍ ဟောပေးရမည်နည်း။

ဤသို့လည်း အသိပေး အလုပ်ငင်၊ သမာဓိအုပ်စုက ရှေ့ပြေးအောက်မေ့ဆင်ခြင် သမာဓိဉာဏ် ဝင်ပေးရသေး၏။ တစ်ဖန်

ထိုသူများနှင့် ကိုက်ညီပြီး အချို့သမာဓိဉာဏ် ထက်သန်လာရန်၊ အချို့ပညာဉာဏ် ဆက်တက်လာရန်၏ အခြေခံလမ်းခင်းဖြစ်သော တရားတစ်ပုဒ်ကို ဘုရားဟောထဲမှ ရွေးထုတ်ပေးရ၏။

ထို့နောက် ထိုဘုရားဟော တရားတစ်ပုဒ်ကို မိမိ၏ပင်ကိုယ်ဉာဏ်၊ မိမိ ဝသီဘော် အာဝဇ္ဇန်းများနှင့် လိုက်ဖက်စွာ ဒေသနာစဉ်ဟောကွက်ပြင်ဆင်ပေးရ၏။ ယင်းတို့ကို

မိမိမျက်စိထဲ မြင်နေသည်အထိ အာရုံယူပေးရသည်။

မိမိကိုယ်တိုင် သဘောကျနှစ်သက်သည်အထိ အကွက်မိစေရသည်။

စဉ်ပေးထားသော လမ်းရိုးကြီး မျက်စိထဲ ထီးထီးမြင်နေစေရပြီ။ ဤလိုလည်း အသိပေး၊ အလုပ်ငှင် သမာဓိအုပ်စုဝင်များက ရှေ့ပြေးဆင်ခြင် သမာဓိဉာဏ် ဝင်ပေးရသေးသည်။

ဤကား မဟောမီ တစ်နာရီအလို။ နေ့လယ် ၁ ချက်တီးနှင့် နှစ်ချက်တီးအကြား အလုပ်များ ပုံတည်း။

http://www.dhammadownload.com



သို့ဖြင့်ပင် ၂ လတိုင်တိုင်သည် အချိန်လွန်ခဲ့ရသည်။
သို့တိုင်လည်း ယောဂီတိုင်း ယူသလောက် ရမသွားကြ။
ငါတို့ဘက်က ပေးသလောက်လည်း သူတို့ယူမသွားနိုင်ကြ။
ဆေးရုံသို့ တက်ရောက်လာသူလည်း ...

မိမိရောဂါ မိမိ မနိုင်တော့၍သာ တက်ရောက်လာကြခြင်း ဖြစ်၏။

မိမိထက် ဆရာဝန် သူနာပြုအားကိုးလွန်း၍သာ တက်ရောက်လာခြင်းလည်းဖြစ်၏။ သည့်ပမာ

ယောဂီတိုင်း သူတို့ကိလေသာ သူတို့မနိုင်တော့၍ ဆရာ့ထံလာရောက်အပ်နှံခြင်းပင်ဖြစ်ရာ၊ စခန်း၌ ယောဂီထိန်း ကင်းမဲ့ခြင်းသည် အဓိကတရားခံ။ ငါတို့ကမာန်၍ ထန်၍ ဖိအားမပေးခြင်းသည် ဒုတိယတရားခံ။ တန်တော့... နောင်ဆို ဘယ်တော့မှ ယောဂီကို ခေါ်ပြီး မဖျက်ဆီးတော့ဘူး။

ဤဟာကွက်များကို သုံးသပ်လျက်က ဤဟာကွက်များ အပေါ် ဤလို ဆုံးဖြတ်ချက်ချလိုက်သည်။

ထို ၂လ စခန်းကြီး ဖွင့်ချိန်မှာပင်၊ ထို ၂လ စခန်းကြီး ပိတ်ချိန်နှင့်အတူ ချိန်ကိုက်ဖြစ်ရန် မဂ္ဂင်ယာဉ်ကြီးအား အပြင်ထွက်လည်ပေးရပြန်ပြီ။

ယင်းကား ကျန်သောသက်တမ်းကို ၆၀ ကျော်မှ မသေမီကလေးအတွင်း မိမိအတွက်မျှသာ လူမလာ ဖျာမခင်း တစ်ကိုယ်ချင်း ကျင့်ရန်အတွက် ဝပ်ကျင်းပြင်ဆင်ခြင်းပင်။

http://www.dhammadownload.com



ထိုဝပ်ကျင်းအား နတ်မောက်နယ်၏ နယ်ကူးတောင်ကို နယ်ကူးပြီး မကြေညာဘဲ ကြေညာပြီးဖြစ်နေရန် ရွေးချယ်ပေးလိုက်၏။ နောက်လိုက်ကများလည်း ကြိုးစားပမ်းစား လုပ်ရှာကြ၏။ စခန်းသိမ်းနှင့်အကိုက်ပြီးလုတဲကာ ရောက်နေ၏။ ထိုစဉ်

ဆရာတော်၏ နတ်မောက်ကျောင်းပြီးပြီလား ... သွားချင်လို့၊

ဆရာတော် နတ်မောက်ကြွသွားပြီလား ... လိုက်ချင်လို့၊

ဆရာတော် နတ်မောက် ဘယ်တော့လောက် ပြောင်းမတုန်း ဝင်ချင်လို့။

ဤသို့သော ဖုန်းသံများကား ဖုံးဖိထားသည့်အကြားမှပင် မန္တလေးရှိ ငါတို့နှင့် မကင်းရာများထံသို့လည်း နေ့ဂျင်ဂျင် ညဂျင်ဂျင် မပြတ်ဝင်။

တစ်ဖန် ရွှေဘိုရှိ ငါတို့နှင့် မကင်းရာများထံသို့လည်း နေ့ဂျင်ဂျင် ညဂျင်ဂျင် ဆက်တိုက်ဝင်။

သည်မျှမကသေး။

ထိုနတ်မောက်နှင့်နီးရာ သာစည် မိတ္ထီလာ ပျော်ဘွယ်ရှိ ငါတို့နှင့်မကင်းရာများကလည်း

သည်နေရာဆို နေ့ဆွမ်းမှီ သွားလို့ရသည်။

သည်နေရာဆို ဥပုသ်နေ့တိုင်း သွားလို့ရသည်။

ဖြစ်ကုန်ကြပြီ။ မလာစေချင်၍ ကားဝင်မရသောနေရာ ရွေးချယ်ကာ ချောင်ခိုပါသော်မှ အလျှိုအလျှိုတာစူနေကြပြီကော။

နတ်တလူစာစဉ်

http://www.dhammadownload.com



အများအတွက် နောက်ဆုံးဆိုသောစကား မကြားလေရော့သလား။

မလိုက်ပါစေလိုသောစိတ်ထား မဆင်ခြင်မိလေရော့သလား။

သူတို့ သူတို့ရှိ မဂ္ဂင်ယာဉ်ကြီးကပင် အရှိန်ပြင်းနေရော့သလား။

ထိုလှုပ်လှုပ်ရွရွ အမှိုပြု၍၊ တစ်ဦးအား ထိုနယ်ကူးတောင်သို့ စေလွှတ်လိုက်ရာ ထိုတောင်ကား ...

ဓာတ်သိုက် နတ်သိုက်တို့ စခန်းချရာတောင်၊

ပုဂ္ဂိုလ်ထူးကြီးများ သာသနာပြုသွားရာတောင်၊

ထိုသတင်းစကား ကြားသိလာရသောအခါ ဒါကြောင့်ကိုး ဟူသော မှတ်ချက် သက်ပြင်းနှင့်အတူ ချမိခဲ့၏။ တစ်ဆက်တည်း ငါတို့ တက်ကိုင်ထားသော မဂ္ဂင်ယာဉ်ကြီးကိုလည်း နတ်မောက်၏နယ်ကူးတောင် ရှိရာဘက်သို့ ဦးတည်ပေးလိုက်၏။ ထိုစဉ် သမာဓိအုပ်စုဝင်များက ...

သည်လိုဆို သည်လိုလည်း ဖြစ်လာနိုင်၏။

သည်လိုဆို ဟိုလိုလည်း ဖြစ်လာနိုင်၏။

ထိုဖြစ်လာနိုင်ခြင်းများသည် အကောင်းမဟုတ် အပုပ်ချည်းသာ။

တစ်ဖန် အမြင်–အသိ–ပညာဝင်များကလည်း လူရှုပ်မခံနိုင်၍ တဲကုတ်ရှိရာဝင်၊ ထိုတဲကုတ်ကား အမူးသမားများ ဈာန်ဝင်စားရာ သေတင်းကုပ်ပမာ ဖြစ်နေပြီ။

နတ်တာလူစာစဉ်

http://www.dhammadownload.com



ထိုနှင့်အတူ နတ်မောက်သည် နိုင်ငံရေးဂယက်လှိုင်းပွက်ရာ ဌာနဖြစ်နေသည်။ လူသူအရှုပ်ကြား နိုင်ငံရေးသမားပါလာလျှင် လှိုင်းပုတ်ခံရတတ်သည်။

မိမိအလုပ်မဟုတ်ဘဲ အရှုပ်ထဲ ဝဲလှည့်ပါသွားနိုင်သည်။

ဤအတွေးအမြင်များကပါ ဝိုင်းအုံ လှုံ့ဆော်ကြရာ

ကဲ ဘယ်နှယ့်လုပ်မတုန်း။

ငွေများလည်း သိန်းချီအကုန်အကျခံကာ ကျောင်းဆောက်ပြီးစီးပြီ။ ပစ္စည်းများလည်း အရေးကြီးပစ္စည်းမှန်သမျှ ပို့ပြီးဖြစ်နေပြီ။

ထိုသို့သော စိတ်အကြံများနှင့်အတူ

စိတ်နောက်ကျူမှု၊ ကိလေသာ၊ နှံ့နှံ့ခံ ဝိပါက်၊ မနောကျူး သောကံ ထိုလေးပါးတို့ အားကုန်ပြေးဆောင့်လာကြတော့သည်။

ဘုံမဆုံ ဘုံကြံမှုဖြင့်ပင် ဘဝချင်းဆက် အဖျက်ခံရပြီ။

ဝဋ္ဋမလှုံ့ အာရုံအမှုင်ထွက်ဖြင့်ပင် ညှင်းချက်ပေါ်နေပြီ။

ထိုနှင့်အတူ ဖြစ်–ရင့်–နာ–ပျက် ဤလေးချက်တို့ကလည်း စက္ကန့်တစ်ချက် အနားမပေး အပြေးဝင် အပြေးထွက် ဆက်လာနေကြလေပြီ။

နတ်မောက် သမုဒယနှင့် နတ်မောက်ဒုက္ခ၊

နတ်မောက် ဒုက္ခနှင့် နတ်မောက်သမုဒယ၊

ထိုသစ္စာထား ထိုနှစ်ပါးတို့ကား ကျားကစားလျက်ကသာ။

ထိုစဉ် စခန်းကြီးကား ၂၀လ အပြည့်ဖြစ်သော ကဆုန်လပြည့်နေ့မှာပင် ပြီးစီးသွားပြီ။

နတ်တလှုစာစဉ်

http://www.dhammadownload.com



တံခွန်တိုင်စေတီလည်း ထိုနေ့နံနက် အရုဏ်တက်မှာပင် အနေကစာတင်ပြီးပြီ။

မယ်တော်ဆောင်လည်း နံနက် ၁၀ နာရီ ရေစက်ချပွဲ ပြုလုပ်ပြီးပြီ။

မင်းဘိသိက်ခံကားပြီးခဲ့သော တပေါင်းလပြည့်ဖိတ်ကပင် ဘိသိက်ခံပြီးခဲ့ပြီ။ သို့ကြောင့် ငါတို့၏ ပြင်ပသာသနာပြုခရီးစဉ် ကြီးကား ဤနေ့သည် ပတ်စခွာ ဖျာသိမ်းတည်း။

ကဆုန်လပြည့်ကျော်သည်နှင့် နတ်မောက်ကြို မျှော်၏။ မလာ။

လာသူများကလည်း လာပါလိမ့်မည်နှင့် နောက်ပြန်လက် ညှိုးထိုး။

ထိုစဉ် ယခု စခန်းချဆဲရှိရာ နတ်တလူသာသနာပြုစခန်းမှ တာဝန်ခံများက ဤနှစ်သည် ဝါထပ်သောနှစ် ဖြစ်ပါသည်။

သို့ပါ၍ ကြွချင်းကြွ၊ ပထမဝါဆိုလကျမှသာ ကြွပါရန်။ တော်... ခင်ဗျားတို့ နတ်မောက်နဲ့ ပူးပေါင်းကြံစည်တာ ဖြစ်မယ်။ နတ်မောက်ကလည်း ကိုယ်စားလှယ် မလာ။ အကြောင်းမပြန်၊ ခင်ဗျားတို့ကလည်း တား။ ဆိုတော့ ကျုပ်များ ပြန်ပေးဆွဲထားကြ သလား။

တာဝန်ခံကြီးများ မလှုပ်တော့။ မလှုပ်သည့်အပြင် ၎င်းတို့ပါ တရားခံထဲ ဆွဲအထည့်ခံလိုက်ကြရသဖြင့် အပြစ်လွတ်ရန် နယုန် လဆန်းမှာပင် တစ်ဦးက ရှေ့ပြေးအဖြစ် မော်တော်ဆိုင်ကယ်၊ ကျန်

http://www.dhammadownload.com



နှစ်ဦးကားပင့်ရန် မော်တော်ကား ကိုယ်စီယူဆောင်လာခဲ့ကြကာ နတ်မောက်ကြွပါရန် လျှောက်ထားကြ၏။

သည်လိုဆို ပြန်တော့လည်း

အိမ်ရှင်လည်း မပါ။

အိမ်ရှင်က လာပင့်သည်လည်း မဟုတ်။

သို့ကြောင့် ဒါလည်းပဲ မဖြစ်နိုင်ဟူ၍ ငြင်းလိုက်၏။

တစ်ဆက်တည်း ငါတို့ ကေစာရီအကျင့် တရားအကျင့်နှင့် နတ်မောက်သည် သဟဇာတတည့်ရန်လည်း မမြင်။

သို့ကြောင့် တို့ဒကာကြီးများကပင့်လိုလျှင် ယင်းနတ်မောက်အစား ပရိသတ်ခေါင်ရာ၊ နောက်လိုက် ပရိသတ်များနှင့်ဝေးရာ၊ ငါတို့နှင့်အသိအကျွမ်း မရှိသေးရာ ...

စလင်း၊ စလေ၊ စကုဘက် ဖြစ်ဖြစ် ငါတို့ကို ပို့ပေးကြစမ်းပါ။

မုံရွာတစ်ဖက်ကမ်း ဖြစ်ဖြစ် ငါတို့ကို ပို့ပေးကြစမ်းပါ။

မဟာမြိုင်တောကြီးထဲဖြစ်ဖြစ် ငါတို့ကို ပို့ပေးကြစမ်းပါ။

သည်လိုဆို မုံရွာတစ်ဖက်ကမ်းနှင့် မဟာမြိုင် တစ်ခုခု အခုပဲ သွားပြီး တပည့်တော်တို့ စီစဉ်ပေးပါမယ်။ နောက်ရက် အဆင်သင့် ကြွနိုင်ပါတယ်။

တာဝန်ခံကြီးများ ပြောပြောဆိုဆို ညဦးပိုင်း ၇ နာရီခန့်မှာပင် သုံးဦးသား မုံရွာသို့ သွားကြလေပြီ။

ငါတို့လည်း တစ်ညလုံးလုံးပင် သိမ်းစရာမှန်သမျှ သိမ်းထား

http://www.dhammadownload.com



ခဲ့ရသည်။ ယူစရာမှန်သမျှ ယူရန် ထည့်ရသည်။ ရှေ့ကြိုအာရုံပြုခြင်း၊ ဤဒ္ဓိ မေတ္တာပွားခြင်းများလည်း ပြုလုပ်ပေးရသည်။

မဂ္ဂင်ယာဉ်ကြီးကား မုံရွာဘက်ချော်တက်ရန် အားယူနေပြီ။

ဖယ်ရှားထားကြ ရှောင်တိမ်းကြ။

ထိုစဉ် နောက်ရက် နံနက် ၉ နာရီခန့်တွင် ထိုတာဝန်ခံများ ရောက်လာကြ၏။ ရောက်ချိန်နှင့် ဆွမ်းလောင်းပရိသတ် ဆွမ်းအနုမောဒနာ တရားဟောချိန် တိုက်ဆိုင်နေသဖြင့် စောင့်ဆိုင်းရသေး၏။ ပြီးသော် အားလုံးအဆင်သင့်ဖြစ်ပါကြောင်း၊ ကြွလိုသောအချိန်ကြွပါရန် လျှောက်ထားကြောင်းပါလှာတော့ရာ ...

၁၀ နာရီ ဆွမ်းစားချိန်၊

၁၁ နာရီ ရှေ့ပြေးကားထွက်၊

၁၁:၃၀ နာရီ တို့ကားထွက်မည်။ အချိန်ပေးလိုက်ပြီ။

ထိုနှင့်တစ်ဆက်တည်း ဖယ်စက်နည်းဖြင့်ပင် ကျောင်းတွင်းနေ သံဃာများအတွက် လိုအပ်ရာများ လှူခြင်းကိစ္စ၊ ကျောင်းတွင်းနေယောဂီများအတွက် လိုအပ်ရာများ စွန့်ခြင်းကိစ္စ ပြုလုပ်ရင်း စိတ်–ကိလေသာ–ကံ–ဝိပါက် စက်များ ကား ဂျင်ဂျင်လည်နေကြပြီ။

ဘုံပြောင်း ဘဝပြောင်း ဝတ္ထုအာရုံပြောင်းများလည်း ဒေါင်းတောက်နေကြပြီ။

ဖြစ်–တည်–နာ–ပျောက်များကလည်း တဖွားဖွားကြွေလွှင့်နေပြီ။

မဂ္ဂင်ယာဉ် အပြင်ပတ် သည်နေ့တစ်ခန်းရပ် ဖြစ်စေရမည်။

နတ်တလုစာစဉ်

http://www.dhammadownload.com



သူတကာ ပျော်တော်ဆက်၊ သည်နေ့ ပွဲသိမ်းပွဲဖျက် ဖြစ်ရမည်။

ဤသည်အမိန့်ဒွာန်၊ ထိုသည့် အာရုံခံများနှင့်အတူ ၁၁မီး စလုံးတို့အား ခွဲထွက်ခဲ့ရာဖြစ်သော (၁၁)နာရီခွဲ တိတိမှာပင်

ကြော်ငြာထားသည်က နတ်မောက်ဘက်၊

တကယ်သွားရာကျ မုံရွာ ထိုတစ်ဘက်သို့။

လဆန်း ၃ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ဆိုက်ရောက်သွားတော့သည်။

ပုလဲပိုင် ဗန်းချိနယ်၊ ဝါးသုံးရုံသစ်တောစခန်း။

ထိုသို့ လူခေါင်ခေါင် လူရှောင်အလုပ်လုပ်လေမှ နတ်မောက်နယ်ကူးတောင်၌ တာဝန်ပေးထားခြင်းခံကြရသော တာဝန်ခံများကလည်း သူတို့အချိန်မီ မပြီးစီးသဖြင့် သူတို့ကို စိတ်ကောက်ထွက်ပါသည်ဆိုသော စွဲချက်ကြီးများနှင့်အတူ နောက်မှ ချက်ချင်းလိုက်ပါလာကြကာ ငိုယို၍ လျှောက်ထားသည်ကလည်း ရှိလာ၏။

စာဖြင့် မိမိတို့မိသားစု ထားရှိသော သဘောထား ဆောင်ရွက်ခဲ့ကြသော တာဝန်များကို ရာဇဝင်ချီကာ ရေးလျှောက်ပြီ။

ထိုစေတနာများ ငဲ့ညှာထောက်ထား သနားသောအားဖြင့် နယ်ကူးတောင်ပြန်ကြွပါရန် တစ်ခေါက်လျှောက်ထားလာပြန်၏။

ထို့နောက် ထိုနယ်ကူးဒေသမှ ဒကာများကိုပါ အပါခေါ်လာပြီး အပင့်ခိုင်းသည်အထိ အခြေအနေ ရှုပ်ထွေးလာ၏။

ငါတို့နောက်ကိုသာ ပုဂ္ဂိုလ်ခင်ဖြင့် အတွင်လိုက်ပါနေကြပြီ။

http://www.dhammadownload.com



တရားဘက် လှုံးဝလက်ပျက်နေကြသော ထိုတာဝန်ခံများ ဤသို့သော လောကခံနှင့်တွေ့သောအခါ ...

မိမိဆရာ၏အကျင့်ဂုဏ်၊ ယုံရကောင်းမှန်းပင် မသိတတ်ကြပြီ။

မိမိဆရာ၏အတွင်းကြောင်း ချောင်းကြည့်ရကောင်းမှန်းလည်း မသိတတ်ကြပြီ။

ဆရာမှန်သမျှ(ခေါင်းဆောင်မှန်သမျှ)၊ သူခိုး ဓားပြ ခေါင်းဆောင်များသော်မှ မိမိတပည့် ဆုံးရှုံးနစ်နာသွားစေစိတ် မည်သည့်ကာလမျှ မရှိတတ်။ ခံစရာရှိ၊ မိမိကသာ ရှေ့ကခံယူသွားကြမြဲဖြစ်ကြသည်။ သို့မှလည်း တပည့်ယုံ ပုံချစ်ချစ်မည်။

ငါတို့ရဟန်းကား စိတ်ကောက်မရှိ၊ ရှိသော် ရဟန်းမဖြစ်။

ငါတို့ရဟန်းကား နောက်လိုက်ရန်မလို၊ လိုသော်ဆရာမဖြစ်။

ထိုသည် ငါတို့စိတ်ကောက်သွားသည်ဟူသော ဆင်ခြင်တွေးများအစား အကြောင်းတစ်ခုခု ရှိလို့ဖြစ်မည်ဟူသော ဆင်ခြင်တွေးလေးများ ဝင်စားလျှင် အလွန်ကောင်းသော အတွေးများဖြစ်လာမည်။

ယခုသော် မကျေနိုင် မချမ်းနိုင်စိတ်ဖြင့် အခေါက်ခေါက်အခါခါ လာရောက်တွေ့ထိ ပွတ်တိုက်လာခြင်းကြောင့်

နောက်လိုက်တာဝန်ကား ကျောင်းဆောက်ပေးရုံသာ။

နေ မနေ တာဝန်ကား ရှေ့သွား၏တာဝန်သာ။

သို့ဖြစ်ရာ နယ်ကျော်သွားပြီ။ အမှန်မှအမှားဘက် ဆက်ထွက်လာနေပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုကိစ္စ ငါတို့အဘယ်မျှ ဖြေပြောပြော နားမဝင်အထိ ဖြစ်ရ ရှာပြီ။ တရားမပါ ဗလာချီ အကပ်သမား ကပ်ကြားအုညှပ်ဖြစ် သွားခြင်းတည်း။

ထိုပြန်လည်ပင့်ဆောင်ရေးကားများအပြင် နေ့ချင်းညချင်း မန္တလေးက ဆင်းလာနေပြီ။ ရန်ကုန်က ဆင်းလာနေကြပြီ။ ရှမ်းတောင်က ဆင်းလာနေပြီ။ သာစည်က လိုက်ပါနေကြပြီ။

ကားတို့သည် တစ်စင်းဝင် တစ်စင်းထွက်ဖြစ်လာတော့ရာ အနီးရှိ ဌာနေတို့လည်း ဘာလဲဖြင့် ခေါင်းမော့ကြည့်လာကုန်ကြပြီ။

နောက်သော် ဈာန်ရ ကိုယ်တော်ကြီးတဲ့၊
ဈာန်ပျံနိုင်သည်ဆိုပဲ။

စသော မဟုတ်တမ်းတရားက ရွာကုန်ရပ်စုံကြား ပျံ့နှံ့သွား ချေပြီ။

လာလိုက်ကြသည့် ဈာန်ရဖူး ဘုန်းကြီးကြည့်။
လှူလိုက်ကြသည့် လာဘ်လာဘပစ္စည်း အသီးအသီး။
ဟ ... မဂ္ဂင်စက် ငါဖျက်တောင် နင်က ဆက်တုန်းလား။
ဟ ... နောက်လိုက် ငါမပိုက်လည်း နင်တို့က လိုက်တုန်း လား။

ကြာသော် ကိုယ့်အဖြစ်ကိုယ်ကြည့်၊
ငါ ဘာကောင်လဲ မေးကြည့်နေရပြီ။
ကိုယ့်အကြောင်း ကိုယ်ထောက်၊
ငါ့ဘယ်သူ နှောက်နေသလဲ တီးခေါက်နေရပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



လူရှုပ်ခြင်း၊ လာဘ်ပေါ်ခြင်း၊ ခြွေရံပိုင်းအုံ ခံရခြင်း၊ ကျော်စောခြင်း ဤလေးခင်းတို့သည် သွားလက်စ ခြေလှမ်း ရှေ့မှနေ ခြေထိုးခံထားရခြင်းအဖြစ်ဖြင့် ငါတို့အမြဲ ရှုမြင်သုံးသပ်၏။ မုန်းတီး၏။

သို့တိုင်လည်း ထိုလေးခင်းကား ရောက်လေရာ ဘုံထောက်အတင်းတကောက်ကောက် ပါနေကြသည်။

နောက်လိုက်တို့အား မလိုက်စေလိုသဖြင့် ...

လိုက်နေမည့်အစား မိမိအိမ်မှနေ တရားဖြင့်အမွေခံယူကြစမ်းပါ။

လိုက်လာလျှင် ပေးဝေချိန်များ ပျက်ကွက်သွားတော့သဖြင့် လိုသလောက်မရ၊ မလိုက်မှ လိုတာထက်ပို၍ရကြသည်။

ထိုသို့ ဟောသော်လည်း ဟောပုံလေး ကြည့်နေရသည်ကိုက ပီတိတစ်မျိုးပဲဖြင့် အခြေကား ပို၍ပင်ဆိုးဝါးလာစေပြီ။

သူတို့ယာဉ်လည်း မနှင်ဘဲပင် အရှိန်တပြင်ပြင် လိမ့်ရန် ပြင်ဆင်နေသည်ထင်၏။

ထိုစခန်း၌ တစ်လမျှမပြည့်သေး။ ပရိသတ်များကား နံနက်တိုင်း ဆွမ်းလောင်းရာ တိုးဝှေ့နေ ကြရလေပြီ။ နောက်လိုက်များကလည်း နောက်မှနေ ညာသံပေးလာကြပြီ။

ဝါဆိုလပြည့်နေ့ နယ်သံဃာများ ဝါဆိုသင်္ကန်းကပ်ချင်ပါ၏။

ဝါဆိုလပြည့်ကျော် ၁ရက်နေ့ ဆရာတော့်မွေးနေ့ ကျင်းပလိုပါ၏။

http://www.dhammadownload.com



ရော်... သည်နောက်လိုက်တွေ လူရှုပ်မခံလို၍ သည်ချောင်လာခိုပါသည် ဟူသော ငါတို့စကား အလျင်းပင် ယုံကြည်မှုမရှိလေရော့သလား။

တစ်ပါးတည်း အားထုတ်လိုတော့သဖြင့် နောက်ကြောင်းဆက်ဝေးရာ ပြေးထွက်လာခဲ့ရပါသည် ဟူသောစကား နည်းနည်းလေးမျှ ဆင်ခြင်ဉာဏ် မဝင်စားလေရော့သလား။

ငါတို့ကို ဒင်း သည်လိုဆက်ဆံ၊ ငါတို့ကလည်း ဒင်းအားသည်အတိုင်း ဆက်ဆံပြမည်ဟူသော ကလဲ့စားချေ အတွေးများသွေးကြောဝင်နေရော့သလား။

ကဲ လုပ်ချင်တာလာလုပ်။

ဝါဆိုလဆန်း ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်၊ နယ်ပရိသတ်။

ဝါဆိုလဆန်း ၁၂ ရက်မှ လပြည့်နေ့ ၁၂ နာရီ အထိ၊ နောက်လက်များ။

ဤသို့လည်း လာခဲ့၊ နောက်ဆုံးအဖြစ် ခွဲဝေပေး၏။

ဤသို့လည်း နေရာပြောင်း၍ ဝါဆိုရန်စီမံ၏။

ယင်းကား ပုံတောင်ပုံညာကြား ဆိတ်ငြိမ်တောများပင်။

လပြည့်နေ့နံနက် လာသမျှ အဖူးခံ အတွေ့ခံ၏။

နေ့လယ် နယ်သံဃာများအတွက် အားလုံးအလှူပွဲကျင်းပ၏။

ညနေ ၃ နာရီထွက်ရန်၊ ရော်... နတ်မောက်ကားက လမ်းပိတ်ထားလိုက်ပြီကိုး။ နတ်မောက် တာဝန်ခံများတွင် မြို့နယ်

http://www.dhammadownload.com



သစ်တောဦးစီးမှူးဟောင်းလည်း ပါလေရာ၊ ယင်းသည် သတ်မှတ်ချိန် ရှောင်ကွင်းပြီး နေ့လယ် ၁ချက်တီး မိသားစုနှင့်ရောက်လာ၏။ သံဃာ့ပစ္စည်းများ ဝေပုံချနေစဉ် တောင်အောက်ဆင်းသွားကြပြီ။ တောင်တက်လမ်းအား ၎င်းကားဖြင့် ပိတ်ဆို့ထားပြီ။ ၎င်းတို့ကား အနီးရှိ ကွမ်းယာဆိုင်အိမ်မှာပင် ဝင်ရောက်အိပ်နေကြ၏။ သည်အထဲ ဝါးသုံးရုံစခန်းမှ တာဝန်ခံတောအုပ်ကြီးကလည်း ၎င်း၏ တပည့်ရင်း ဖြစ်နေချေရာ မပြောဝံ့ မဆိုဝံ့။

ညနေ သုံးနာရီထိုးပြီ။ သည်ကလည်းတပြင်ပြင်။ လာပင့်ရန် ကားကလည်း အနီးနေချုံကြားမှ ထွက်မလာရဲ။ ပိတ်ထားသော ကားကလည်း နေရာမရွှေ့။ တောအုပ်ကြီးကလည်း ဆရာဖြစ်နေသဖြင့် မနှင်ဝံ့။ သို့ဖြင့် တစ်နေရာမှ လူလွတ်ခိုးထွက်ပြီး ချုံကြားထား ကားဆီ ကြွပါရန် တောအုပ်ကြီးကလျှောက်ရာ အတားအဆီး ဖြစ်နေသော နတ်မောက်ကား၌ မာန်ဝင်လာ၏။ သို့ကြောင့် ယင်းနှင့်တပည့်မတော်သူ တောအုပ်ကြီး(၂)ဦးအား မရရသောနည်းဖြင့် နှင်ပေး။

နှုတ်နှင့်မရ လက်ပါလိုက ပါပစေ။ ဤအတိုင်းပင် ထန်မာစွာ အမိန့်ပေးလိုက်ရာ မကြာမီ ယင်းလည်း စိတ်ဆိုးမာန်ဆိုးဖြင့်ပင် ဆောင့်မောင်းမောင်းထွက်သွားသော ဟူ၏။

သည်တော့မှသာ ချုံအောင်းပင့်ဆောင်ရေးကား ထွက်လာနိုင်သည်။ အချိန်ကား ၅နာရီ ၁၅မိနစ်

နတ်ထိပ်ရောက်သောအခါ ၆နာရီ ၁၅မိနစ်။

နတ်တံလူစာစဉ်

http://www.dhammadownload.com



မန္တလေးမဂူရောက်သောအခါ ဖြေနာရီ ၄၅ မိနစ်။

**လူခေါင်ရှောင် စောင်ပုံလေ့ ရန်အများ။**

**သူထောင်ထောင် ငါလဲလဲ ခွဲသော်မှ မကွဲပြား။**

မန္တလေး ဓမ္မ မောနိဂူသည် လယ်ဓမ္မ ဂေါစရဂါမ်ပြု၏။ တာဝန်ခံဆရာတော်ကား ဖုန်းဆိုးကြယ်ဆရာတော်ဖြစ်၏။

ဤဒေသကား သံဃာချင်း ညီညွတ်တော်မူကြသောဒေသလည်းဖြစ်၏။ ဒကာ ဒကာမများ ရှိသေလိုက်နာသော ဒေသလည်းဖြစ်၏။ ဆရာတော်ကဖြစ်စေ၊ ခေါင်းဆောင်ကဖြစ်စေ မသွားရဆိုလျှင် မည်သူတစ်ဦးတစ်ယောက်မျှ အနားမသီကြ။ မလုပ်ရဆိုလျှင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ခြေလက်မထုတ်ကြ။ သို့ကြောင့် အားထုတ်ရန် အလွန်ကောင်းသည်။ အားထားရန်လည်း အလွန်ကောင်းသည်။ လေးစားရန်လည်း အလွန်ကောင်းသည်။

သို့နှင့် သည်နေရာ သုံးနှစ်တိတိ တစ်ပါးတည်း ကြိတ်အားထုတ်မည်။ သုံးနှစ်စေ့ ပြည့်သောအခါ ဒေသကိုလည်း ကျေးဇူးဆပ်မည်။ နောက်လိုက်များကိုလည်း အတွေ့ခံမည်။ ဆုံးဖြတ်ချက်ချကာ

ဥက္ကဋ္ဌဆရာတော် (ဖုန်းဆိုးကြယ်)အား အကူတောင်းရသည်။

၁၃၆၁ ဝါဆိုလပြည့်မှ ၁၃၆၃ တန်ဆောင်မုန်းလပြည့်အထိ နောက်လိုက်အားလုံး မည်သူမျှ လာရောက်မတွေ့ကြရန် မေတ္တာရပ်ခံစာ။

**နတ်တလူစာစဉ်**

http://www.dhammadownload.com



ယင်းကို သံဃနာယက ရုံးတံဆိပ်နှိပ်လျက်က မုံရွာ သစ်ထုတ်ရေးမှ လက်ထောက်မန်နေဂျာဦးအောင်ထူးမှ တစ်ဆင့် တစ်ပြည်လုံးရှိ နောက်လိုက်များထံ ပို့လိုက်၏။ ရောက်၏။ အားလုံး လက်ခံ၊ အားလုံးပင် ဖတ်ခွင့်ရကြပြီ။

အေးပြီ၊ ငြိမ်းပြီ၊ တစ်ပါးတည်း ကျင့်ခွင့်ရပြီ။ အထင်ကား အထင်သာ။ ဝါမှမကျွတ်သေး၊ သာစည်က ရဟန်းတစ်ပါးကို အထောက်လွှတ်၍ နေရာအရှာ လမ်းအရှာခိုင်း၏။ ထိုရဟန်း ကလည်း ဝါတွင်းကြီးမှာပင် ရောက်လာ၏။ သွားပြီ၊ ငါ့အပေါ် အငြိုးကြီးကြီးဖြင့် သာစည်က လိုက်ဖျက်နေပါပကောလား။

လာခဲ့ တုံ့ပြန်ရန်အသင့်။

လာခဲ့ ငါ့သတ္တိပြရန် အဆင်သင့်။

သူတို့ကလည်း ခေါ်ဖို့ပင်မလိုပါ။ သီတင်းကျွတ်လပြည့်နေ့ မှာပင် သာစည်နှင့်ရန်ကုန်မှ အုပ်လိုက်ကျင်းလိုက် ရောက်လာကြ ပြီ။ သည်ကလည်း နှင်ဖို့ပင် မလိုပါ။

ထိုနေ့ ညနေ ၃နာရီတိတိမှာပင် ခြေလျင်တစ်ပါးတည်း မောနေယျာက် ထွက်ခွာလာခဲ့ပြီ။

မထွက်ခဲ့သေးခင် နောင် သည်ကဲ့သို့ စခန်းဝင်နေရာ လာ ရောက် မနှောင့်ယှက်ကြရန် သတိပေးမေတ္တာရပ်ခံစကား အသံ သွင်းထားခဲ့သည်။

သို့သော် မောနေယျရောက်၍ ၁၃လအကြာမှာပင် ရန်ကုန် မှ နောက်တစ်ဖွဲ့က အတင်းအဓမ္မ လာရောက်နှောင့်ယှက်ခြင်းကို

http://www.dhammadownload.com



ခံခဲ့ရရာ ၁၃၆၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့မှာပင် တစ်ဘက်ချောင် ပုံတောင်တစ်ဘက်ကြော လျော့ခဲ့ရပြန်သည်။

မောနေယျတွင်ကား

(၁) နောက်မှ ဖုန်းဆိုးကြွယ်သံဃာ့အဖွဲ့မှ မေတ္တာရပ်ခံစာ တစ်စောင်၊

(၂) တစ်ဖန် ကျောသံဃာ့အဖွဲ့မှ မေတ္တာရပ်ခံစာတစ်စောင်၊

(၃) ငါတို့မေတ္တာရပ်ခံစကား တရားတိတ်ခွေကား တစ်ခု၊

ပေါင်း စည်းသုံးချက် တားထား၏။ ထိုအထဲမှ ကျောသံဃာ့ အဖွဲ့မှဆိုလျှင်

ဘယ်သူလာလာ၊ ဤတားမိန့်ကိုထုတ်ပြ။

ထုတ်ပြလိုက်ကမှ သွားမည်လုပ်လျှင် သံဃာ့ရုံးခေါ်ခဲ့။

သည်မျှအထိ ချီးမြှင့်တော်မူကြ၏။ ကျောရှိ ဆိုင်တိုင်း ချိတ်ဆွဲထားစေ၏။

ရွာငယ်ရှိ ငါတို့နှင့်သက်ဆိုင်ရာကိုလည်း အပ်နှံထား၏။

စကားရှိ တာဝန်ခံအားလုံးလည်း ထိုစာလက်ခံရရှိထား၏။

သို့စင်လျက် ...

လာသူကလည်း စည်းသုံးချက် နင်းချိုးဖျက်လျက် ဝင်လာခဲ့ပြန်သည်။ လက်ခံသူများကလည်း စည်းအကူး ရှူးမရှူးရန် ဖေးထိန်းပင် ထိန်းပေးကြသည်။ တောဝင်ပြီး ရေအိုးစင်တည်ရန် သုံးခွဆိုင်ရှာဖွေရာ ခွပေါ်သလောက် ဒေါက်ရှားသည်။

ဤစကားအတိုင်း သာသနာ့နောက်နှောင်း၏ တရားဖွေရှာ

http://www.dhammadownload.com



ခြင်းကား ဘုရှိဒတ် ဥပုသ်စောင့် ပမာချည်းတွေ့ခဲ့ရချေပြီ။

သံဃာ့အမိန့်ချိုးဖောက်ကြခြင်းများကပင် ရှိသေသော အကျင့်ကောင်းများ မဟုတ်ကြတော့ပြီ။

စည်းဖျက်ဝင်ခြင်းများလည်း ကြည်ညိုဝင်သောနည်းမျိုး မဟုတ်ကြတော့ပြီ။

ဘုရား အဖြစ်၌ စိဋ္ဌမာန အဖျက်သည် စိဋ္ဌမာနအပြစ် မဟုတ်။

စိဋ္ဌမာနကျင့်စဉ်က အလောင်းတော်၏ ဖျက်ဆီးခြင်းကသာ အပြစ်။

အကျိုးတရားမှန်သမျှ အကြောင်းထားနှင့် မကင်းသည်မရှိ ချေ။

ထိုအကြောင်းထားကား ဤ ငါတို့ကပင် စတင်ခဲ့လေရ၏။

ဤအကျိုးတရားကား ဤငါတို့၌သာ လာဟပ်နေသော ကြောင့်ဖြစ်၏။

သို့တစေလည်း ထိုအကြောင်းခံထား အကြောင်းကံတရား များသည် ဟိုယခင် ယခင်ကပင် ကကြိုးဆင် အမျှင်တန်းခဲ့လေ သလော မဆိုနိုင်။

သို့တည်းမဟုတ် ဤယခုပစ္စုပ္ပန်မှာပင် အားနာရာမှဖြစ်သော အလိုလိုက်ချက်၊ ငဲ့ရာမှဖြစ်သော မပြတ်သားချက်၊ ညည်ရှင်ရာမှ ဖြစ်သော ဖော်ရွေချက် ဤအချက်များကပင် ဖျက်ချင်စရာဖြစ်လာ နေသလား မပြောတတ်။

http://www.dhammadownload.com



ဆိုနိုင် ပြောတတ်သည်မှာကား ငါတို့သည်လည်း အားနာခြင်းမဖက်၊ သနားခြင်းမရောစွက်ဘဲ အချင်းချင်း ဝတ္တုချင်းမထုံ အာရုံချင်းလည်း အလိုက်မဖက်။

ရဟန်းတရားဖက်၊ ရဟန်းသနားမှု သက်သက်ဖြင့်သာ အားထုတ်ချိန်မပျက်၊ သတိအား စပ်လျက်ထပ်လျက်ကြားကပင် ရောက်ရာမှာအထိုင်ချ နေမြဲတိုင်းသော ဘုံဘဝဖြင့်လာသမျှ လက်မလှန်ဆက်ဆံခြင်းအမှု ပြုပေးနေရလျှင် ...

သူတို့သည်လည်း ရဟန်းစစ် ရဟန်းချစ် ချစ်လျက်ကပင်

တရားနှင့်မပတ်သက်ရာ စကားမပြောကြားဘဲ၊

လူမှု လူဒုက္ခများ၏အနိဋ္ဌစကား မပြောကြားဘဲ၊

ငိုတတ်သောကလေး နို့စို့ရပမာ အခွင့်ရေးစကား မပြောကြားဘဲ ၊

သံဃာ့ဂုဏ် အကြွင်းမဲ့ယုံသည်။ သံဃာ့သိက္ခာ မြကျောက်ပမာသို့ ရှိသေပါသည်ဖြင့် အခွင့်ကြည့်ဝင်၊ ချဉ့်၍ချဉ်းကပ်၊ လိမ္မာစွာအလိုက်သိ ဝင်ထွက်တတ်ကြလျှင်

နှစ်ဦးနှစ်ဖက် ဣန္ဒြေမဲ့ သိက္ခာမဲ့ မဖြစ်ကြတော့ရာ။

နှစ်ဦးနှစ်ဖက် အရိုင်းပြေး နသိုးလိုက် မဖြစ်ကြတော့ရာ။

ယခုသော် ငါတို့သည်လည်း အသက်အားဖြင့် ၆၀ တိုင်လာခဲ့ချေပြီ။

တောဝင်သက်တမ်းသည်ပင် ၂၁ နှစ်တိုင်လာခဲ့ချေပြီ။

သို့စဉ်လျက် ငါတို့လက်ထဲ မယ်မယ်ရရ ဘာမျှမရှိကြသေး။

**နတ်တလူစာစဉ်**

http://www.dhammadownload.com



စုသမ္ဗုပစ္စည်း၊ စည်းသမ္ဗုစမ္မာတတ် အားလုံးတို့လည်း လက်ညှိုးဖြတ်ပြီး နွယ်ကြိုးဖြင့်ပတ် တပ်မထားမိသော အင်္ဂုလိမာလ၏ ထိုလက်ညှိုးများ ကျိုးထိုးခွေးစား တစ်ချောင်းမှ အနားမရှိပမာ။

တစ်တောထွက် တစ်တောဝင် လူ့ချွေများ လွင့်စင်ရာ၌ပင် အားလုံးပျောက်ရှခဲ့ရ ဆုံးရှုံးခဲ့ရပြီ။

တစ်တောင်မှထွက် တစ်တောင်တက်စဉ် သတိအဆက်ပျက် အာရုံများပါ လွင့်စင်ကာထွက်သွားရာ နောက် ပျောက်ရှခဲ့ရ၊ နစ်နာခဲ့ရပြီ။ သို့ဖြင့်ပင်

ထိုငါတို့သည်ကား ...

တားစည်းများ နင်းခြေလျက်က ပရိသတ်တို့ ဝင်ရောက်လာတိုင်းသာ ရှေ့ဆက်လက်ပြီး တစ်တောထွက် တစ်တောဝင်၊ တစ်တောင်ဆင်း တစ်တောင်တက်ဖြင့် အရိုင်းမ ပြေးပမာ တောမြင်တိုင်းဝင် တောင်မြင်တိုင်းတက် မဂ္ဂင်ယာဉ်တစောင်းစီးထွက် ခရီးဆက်နေရရာ ရှေ့ဆက်မတွေးဝံ့ပြီ။

သူတို့သည်လည်း ...

သူ့သိက္ခာ ကိုယ့်သိက္ခာ မစောင့်စည်း၊ သူ့ဂုဏ်ကိုယ့်ဂုဏ် မသိမ်းဆည်းကြဘဲ လူ့ချွေမဲ့ အရှက်မဲ့များဖြင့် ရှက်ရမှန်းမသိ၊ ကြောက်ရမှန်းလည်း မသိ၊ ပုဂ္ဂိုလ်စွဲ အငြိသို့လိုက်ကာ နသိုးရိုင်းပမာ၊ သတင်းကြားရာနောက် ခြေရာကောက်လျက်က တစောင်းပြင် မဂ္ဂင်ယာဉ်ကြီးဖြင့် တစောင်းနှင် ခရီးပြင်အတိုင်းသာ ဆက်လိုက်နေကြပြန်ရာ ရှေ့ဆက်မတွေးဝံ့ပြီ။

http://www.dhammadownload.com



ဘုရား ဘုရား

ငါတို့ယာဉ်ကြီးသည်လည်း ငါတို့စီးနင်းရာတွင် ဖင်မငြိမ် အရှိန်ကပြင်းပြင်း တစောင်းနင်းဖြင့် သည်သို့သာ အတင်းအောက်ဘက်သို့ ထိုးဆင်းသွားတော့လျှင် ... ။

သူတို့ယာဉ်ကြီးသည်လည်း သူတို့စီးနင်းရာတွင် ဖင်မငြိမ် အရှိန်ပြင်း လိမ့်ဆင်းချည်း ဤသို့သာ အောက်သို့ထိုးဆင်းသွားကြတော့လျှင် ... ။

http://www.dhammadownload.com

## သေခါနီး အမြီးပေါင်ကြား ညှပ်
## ထပ်မပြေးပါရစေနှင့်တော့

ဆိုပြီး စကား ပြန်လည်ကာ အနားသတ်ကြရအောင်။

နတ်က ပူးသည်။

ဓာတ်က ရူးသည်။

ဓာတ်က ကူးသည်။

မြွတ်မှ ထူးသည်။

ဤသူတော်ကောင်းစကား အများပင် ကြားဖူးနားဝရှိကြသည်။

ထိုစဉ် နတ်မှန်သမျှ သူချည်းသက်သက် လူတို့နှင့်အပြောမကျ။ ထိုအခါ လူအကြား စကားပြောလိုသောအခါ ၎င်းတို့ တော့်...

http://www.dhammadownload.com



ကောက်ထားသော နတ်ကတော် ပူးကပ်လျက်သာ ကြိမ်းမောင်းလို ကြိမ်းမောင်း တောင်းလိုတောင်း ပြုကျင့်နေကြရရှာသည်။

ဇာတ်မှန်သမျှသည်ကား

ဘုရင်မဟုတ်ပါဘဲလျက်က ဘုရင်လုပ်၍ ရှုးပြကြလေ၏။

မင်းသားမဟုတ်ပါဘဲလျက်က မင်းသားလုပ်၍ ရှုးပြကြလေ၏။

မင်းသမီးမဟုတ်ပါဘဲလျက်က မင်းသမီးလုပ်၍ ရှုးပြကြလေ၏။

ခုတွင်က ရယ်ဟယ် မောဟယ် သရုပ်ဖြစ်နေသော်လည်း

ယခုသော် ငိုဟယ် ယိုဟယ်လည်း ဖြစ်နေတတ်ပြန်သေး၏။

ယမန်နေ့က သူဌေးကြီး ဖြစ်နေသော်လည်း

ယနေ့ အလှည့်တွင်ကား သူတောင်းစား ဖြစ်နေတတ်ပြန်၏။

စင်စစ် ဇာတ်လောက် ရှုးသောအရှုးများ လောကမှာ မရှိချေပြီ။

တစ်ဖန် ဇာတ်မှန်သမျှသည်လည်း သည်မှာဘက်က တစ်ဘက်သို့ မကျေမချမ်းစိတ်ဖြင့် အာရုံထိုင်နေသော် ဟိုတစ်ဘက်မှာလည်း မကျေချမ်းစိတ်များ ပွားစီးလာတော့ကာ သည်တစ်ဘက်စီသို့ မကျေချမ်းလိုစိတ်များ ဖြစ်ပွားနေပြီသာ။

သည်တစ်ဘက်က မေတ္တာစာတ်အား ကြီးမားစွာဖြင့် ဟိုတစ်ဘက်ဆီသို့ အာရုံသက်ဝင် စိတ်အစဉ်များ ဖြစ်ပွားနေစဉ် ဖြစ်ခဲ့သော်၊

http://www.dhammadownload.com



ဟိုတစ်ဘက်မှာလည်း အလိုလိုပင် ကြည်သာရွှန်းမြ စိတ်ဖြစ်ပွားနေတတ်ခြင်းသည် တစ်ဘက်သို့ မကြာခဏသတိရလာတတ်ခြင်း၊

သည်တစ်ဘက်အပေါ် စောင့်မျှော်နေတတ်ခြင်းများ ဖြစ်ပွားနေတတ်ပြန်၏။

အပူလှိုင်းလွှတ်ထားသော နေရောင်အောက်သို့ ရောက်သွားသူ၏ သဏ္ဌာန်၌ အပူများ ကူးစက်မည်မှာကား ဓမ္မတာတည်း။

အအေးလှိုင်းလွှတ်ထားသော လရောင်အောက်သို့ ရောက်သွားလေသူ၏သဏ္ဌာန်၌ အအေးများ ပျံ့နှံ့လာမည်မှာလည်း ဓမ္မတာပင်တည်း။

တစ်ဖန်လည်း အမြွတ်တရား ထွန်းကားလာသူကား အများထက် ထူးပြီခြားပြီ။

အမြွတ်အားကား မထူးပြီ၊ မခြားပြီ မရှိ။

ထိုအမြွတ်က အယုတ်မှလွန်မြောက်သော အမြွတ်တည်း။

အရှုံးမှကျော်ထွက်လာနိုင်သော အမြွတ်တည်း။

သို့တိုင် ဦးခြိပျက်ကြီး၏

ယနေ့ အသက်အားဖြင့်ကား ၆၀ နှစ်၊

ယနေ့ တောဝင်ကာလအားဖြင့်ကား ၂၁ နှစ်၊

သည်မျှအထိ တောပျော် တောကျင့်ဖြင့် အမြင့်၏အမြွတ်ကို ဖွေရှာနေပါသော်လည်း ရဟန်းတစ်ပါး၌ရှိအပ်သော သတိ အသက်ပြင်ပသို့တစ်ဘက်လှည့် လှည့်ထွက်သွားသော အခါတွင်မူကား

http://www.dhammadownload.com



ဝနိက္ခမေ ဝနေစရေ ဓမ္မေသေ ဓမ္မလာဘိကော
အပ္ပကောဝတ ဒုလ္လဘော တေသံပန ဋ္ဌိတဋ္ဌေဝါ
လ္လဓွေတေ စတုရောဓမ္မာ ကိဋ္ဌနာ မာယူ ပမာကော

ဝနိက္ခမေန – တောထွက်ဘ၀ဖြင့်
ဝနေစရေ – တောတောင်စဉ်လှည့် အကျင့်ရှိသော်လည်း
ဓမ္မေသေ – တရားရှာရာ၌
ဓမ္မလာဘိကော – တရားလက်ကျ လက်တွင်းရကား
အပ္ပကောဝတ – နည်းလွန်းလေစွတကား။
ဒုလ္လဘောဝတ – အလွန်အလွန်ရခဲလေစွတကား။
စ – ဆိုရန် ကျန်သေးသည်မှာ
တေသံ – ထိုသည် တရား အမြတ်စားတို့၏
ဋ္ဌိတ ဋ္ဌေ ပန – တည်လှာရမည့်နေရာတွင်ကား
လ္လဓွေ တေ စတုရော ဓမ္မာ – ဘုံ–ဘ၀–ဝဋ္ဋ–အာရုံချင်း တိုက်ကြရာသည် လေးပါး၊
စိတ်–ကိလေသာ–ကံ–ဝိပါက် ဆိုက်ကြရာသည်က လေးပါး၊
ဇာတိ–ဇရာ–ဗျာဓိ–မရဏ ခိုက်ကြရာသည်က လေးပါး၊
ဒုက္ခ–သမုဒယ–နိရောဓ–မဂ္ဂ အလိုက်ပြရာသည်က လေးပါး၊
ဤသို့ဤနှယ်သော လေးမျိုးစုတို့ကသာ
ဋ္ဌိတဋ္ဌာ – လာရောက်ရပ်နား ထိကပါး ရိကပါး ကျီစားနေကြခြင်းကြောင့်

http://www.dhammadownload.com



ဝန်ကန္တမေ – သည်ဦးခြံပျက်ကြီး၏ တောထွက်ခြင်းကား

ကိဋ္ဌနာ ဝတ – ကစားနေသလိုကြီး ကျနေပါပေါ့တကား။

ဝနေစရေ – သည်ဦးခြံပျက်ကြီး၏တောလည်ခြင်းကား

မာယူပမာ ကောဝတ – မျက်လှည့်ပြစား နေသလိုကြီးပါ တကား။

သို့ကြောင့် သည်ဦးခြံပျက်ကြီး၏ တောဝင်ခရီးကား ၂၁ နှစ် လုံးလုံး အမြတ်ဆုံးရှာခဲ့ရာမှ အမြတ်ဆုံး၍ အရှုံးပေါ်နေသော ကျင့်စဉ်တစ်ခုမျှသာ။

ဤစာစဉ်ကား

ငါတို့၏ အသက် ၆၀ ကာလအတွင်း စာရင်းရှင်းတမ်းလည်း ဖြစ်၏။

ငါတို့၏ တောဝင် ၂၁ ကာလအတွင်း၏ စာရင်းရှင်းတမ်း လည်းဖြစ်၏။

သို့ကြောင့် ဤစာစဉ်ပါဖြစ်ရပ်များအပေါ် ရှုမြင်သုံးသပ် လျက်ရှိသော သူတော်ကောင်းအစားစားတို့သည်

မူလလမ်းထားနှင့်သွား ဖဝါးများလှုပ်ရှားပုံကိုလည်းကောင်း၊

သတိလက်နက်နှင့် ဉာဉ်စရိုက်ဘက် အသက်လုပုံကို လည်း ကောင်း၊

စေ့ငုသေချာစွာ လေ့လာစေလို၏။ လိုရင်းဘက်ကောက်ချက် ချမိသော်

နေရာအားဖြင့် စိုက်ချထားခြင်းမရှိသော၊

http://www.dhammadownload.com



စိတ်အားဖြင့် စိုက်ချထားခြင်းမရှိသော၊

ထိုတောဝင်ရှင်၏ တောကျက်စားခြင်းသည် တောကစားခြင်းဖြင့် အချိန်ကုန်ရတတ်ကြောင်း ကောင်းကောင်းကြီး သင်ခန်းစာယူတတ်ကြရာ၏။

ရှေ့၏အမှားသည်

နောက်များအတွက်စရာ ဆရာထားရမြဲတည်း။

ငါသည်ကား သူလိုမဖြစ်အောင် သတိထားမည်ဟူသော မြားပြဖြင့်။

ငါတို့သည်လည်း ဤဖြစ်ခဲ့ပြီးသော မိမိ၏ဖြစ်စဉ်များကို လျှင် ဆရာတင်လျက်က ရှေ့တွင်ကျန်နေသေးသော သက်တမ်းတို ကာလကလေးအတွင်း ရဟန်း၏အသက်သည် သတိမှတ်ချက်ပင် ဖြစ်ရာ ထိုသတိ၏စေ့စေ့စပ်စပ် စပ်ခြင်း ထပ်ခြင်းများဖြင့် ကိုယ်ပိုင် ဘဝရှိ ကိုယ်ပိုင်စိတ်အစဉ်များ မဖိတ်မစင်အောင် စောင့်ရှောက်အံ့။

သတိ၏ ရှူးရှူးစိုက်စိုက်သော စိုက်ချအားများဖြင့်ကား ကိုယ်ပိုင်ဘဝ ကိုယ်ပိုင်စိတ်များဖြင့်သာ သိနိုင်ခွင့်ရှိသော

လောကီထက် မြတ်သော လောကုတ္တရာ တရားကိုးပါး၊

လောကတောမှ ထွက်မြောက်ရာဖြစ်သော လောကုတ္တရာ တရားကိုးပါး၊

ထိုကိုးပါးအမြတ်စားများကို တတ်အားသမျှသော ပါရမီ အခြေခံ၊ တတ်အားသမျှသော ရုပ်ဓာတ် စိတ်ဓာတ် လက်ကျန် များဖြင့် ...

နတ်တလူစာစဉ်

http://www.dhammadownload.com



မသေခင် ရောက်သလောက် အပေါက်သွားအံ့။
မသေခင် ပေါက်သလောက် အရောက်သွားအံ့။

ဤသို့ မြဲမြံစွာ စိုက်ချထားလျက်က နေရာ၏မြဲမြံခြင်း၊ စိတ်၏ မြဲမြံခြင်း၊ အကျင့်၏မြဲမြံခြင်း၊ အသိ၏မြဲမြံခြင်းတို့ကိုပါ အရယူ၏။

မူလလမ်းထားနှင့် လှမ်းဆဲဖဝါး ကိုက်ညှိပေးရချေတော့မည်။

ထိုလမ်းထားနှင့် ထိုလမ်းသွား အသားကျကျ တူမျှနေဆဲ
ငါသည် အမှားကိုမကြောက်။
မှားမှန်းမသိမည်ကိုသာ ကြောက်၏။
ရန်သူမှန်သမျှကိုလည်း ငါမကြောက်။
ငါကြောက်သည်မှာ ရန်သူမှန်း မသိခြင်းကိုပင် ကြောက်၏။
တစ်ဖန် ထိုမသိခြင်းနှစ်ပါးတို့ကိုပင် ငါမကြောက်။
ငါကြောက်သည်မှာ
ငါသည် ရဟန်းဖြစ်လျက်နှင့် ငါ့လက်ရှိသတိမရှိမှာပင်တည်း။

ထိုသို့ ကြံစည် သုံးသပ်ဆဲမှာပင် ဟိုသည်ပျံ့ဝဲ ဘာသာဘာဝ ငှက်ငယ်လေးများ၏ အသီးသီးသော အော်ဟစ်မြည်တမ်းသံများကိုလည်း ကြားသိနေရပြန်၏။ ထိုစဉ်

မောနေယျနေစဉ်က ထူးခြားသော ငှက်အော်သံများမှာ
ငှက်တစ်မျိုးက တစ်ပင်မှနေ တစ်ယောက်တည်းရယ် ဟူ၍ တိုင်ပေးလိုက်ရာ နောက် ငှက်တစ်မျိုးက နောက်တစ်ပင်ကနေ ပိုကောင်း ပိုကောင်း နှစ်ချက်ဆင့် ခွန်းတုံ့ပြန်၏။

http://www.dhammadownload.com



တစ်ရက်မဟုတ် နှစ်ရက်မဟုတ် နေခဲ့သမျှ၏ နံနက်စဉ်တိုင်း ထိုငှက်နှစ်မျိုးတို့ကား ...

သူတို့၏ဘာသာဘာဝ သူတို့သင်္ကေတဖြင့် ပြောနေဆိုနေကြသော်လည်း သည်က ဦးခြိပျက်ကြီး နားထဲတွင်ကား ထိုဆိုခဲ့ပြီးသော အတိုင်းသာ သဘောပေါက် သိနားလည်နေခဲ့၏။ တစ်ဖန်

ဤပဋိပတ်စခန်းသို့ ရောက်သောကာလတွင်ကား

ငှက်တစ်မျိုးကား ထူးခြားသာယာလှသော အသံဖြင့် တစ်ကောင်ျတည်း ...

တကယ်မသိ အဝိဇ္ဇာ... အဝိဇ္ဇာ...

ဤသို့ အော်မြည်တမ်းလိုက်လေသောအခါ နောက်ငှက်တစ်မျိုးကလည်း အားကျမခံ ထိုငှက်သံနှင့် မရှေးမနှောင်းလောက်မှာပင်

မှောက်ကွက်ကို ကြည့်ဘုရား၊ ကြည့်ဘုရား တုံ့လိုက်သည်။

ထိုအသံနှစ်ခုတို့ကလည်း တစ်ရက်မဟုတ် နှစ်ရက်မဟုတ် နေ့စဉ် နံနက်မှာတွင်မဟုတ်၊ သတ်မှတ်ချိန်မထား။

ကဲ.. ကိုခြိပျက်၊ ငှက်ကတောင် ခင်ဗျားအကြောင်း ကောင်းကောင်းကြီး သိနေပြီ။ ဝနဝါသီ အမည်ခံလေးနှင့်တော့ ကိုယ့်ကိုယ်ကိုယ် လိမ်မနေချင်နှင့်တော့။

ကဲ... ကိုခြိပျက်၊ ငှက်များကတောင် လာရောက်သတိပေးနေကြပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ခင်ဗျားက ... ခင်ဗျားကို ခင်ဗျား သတိမပေးသေးဘူးလား။

ထိုအမှတ် ထိုသတိရသည်မှစ၍၊

အထူးသဖြင့် ဤချောင်းစုနေ ရွာအားလုံးမှ လူအားလုံးတို့

မဖူးရ မရှိစေရအောင်၊ မနာဖူးဘူး မရှိလေရအောင်၊

၆၂–ခုနှစ် နတ်တော်လ(နှင်တော်တော့ ငါ့အလှည့်ရောက်ပြီ

ကိုရည်၍) လပြည့်နေ့မှသည် လစေ့နေ့တိုင် ၁၅ ရက်တို့ ကာလ

ပတ်လုံး ဂေါစဂါမ်ရွာ ဗဟိုပြုလျက်က ဆွမ်းခံအဖူးခံ တရားဟောသံ

နာခံဟူသော ခံသုံးပွင့် ဆင်ပေးလိုက်၏။ ဆင်ပေးပြီးသော ထိုလစေ့

နေ့ညမှာပင် ...

အရှင်ဘုရား သတ္တိရှိရင် အောင်မယ်။

သည်တော၏ တာဝန်ခံ တောရှင်ကြီးရဲ့လက်ထဲမှာ။

တစ်ဘက်က ကြိမ်လက်ဆွဲခြင်း ကိုင်ထားတယ်။ ယာလက်နဲ့။

တစ်ဘက်က တောင်ဝှေးကိုင်ထားတယ်။ ဝဲလက်နဲ့။

သူ့မျက်နှာကြည့်လိုက်ရင် မိန်းမသာဖြစ်နေတယ်။ မုတ်ဆိတ်

မွေးကြီးနဲ့၊ နှုတ်ခမ်းမွေးကြီးကလည်း ပါးစပ်ကို ပိုင်းလို့ပဲ။

ထူးခြားသော သည်အိပ်မက်ကို ရခဲ့၏။ ထိုစဉ်

လက်ဆွဲခြင်းကား ... နှုတ်ဆက်ခြင်း၊ လက်တွဲခြင်း၊ မိတ်ဆွေ

ဖြစ်ခြင်းများကို ဖော်ကျူးသည်ဟု ထိုစဉ်ကပင် သဘောရခဲ့၏။

တောင်ဝှေးကား... ရန်မူလျှင် ခုခံရန်ဟု သဘောရ၏။

မုတ်ဆိတ်ကား... မြို့တော်၏မုခ်ဦး၊ သို့မဟုတ် အောင်ပွဲခံ၏

မုခ်ဦးနှင့် တစ်ဖက်ကမ်း၏ဆိပ်ဟု သဘောရ၏။

နတ်တလုစာစဉ်

http://www.dhammadownload.com



နှုတ်ခမ်းမွေးကား… ပါးစပ်ပေါက် ပိတ်ကာရန်ဟု သဘောရ၏။

မိန်းမကား… ဗဟို(မိန်း)ကနေ ချုပ်ကိုင်သူဟု သဘောရ၏။

သည်အိပ်မက်ရသော ထိုညမှစတင်ကာသာ

သည်က ဦးခြိပျက်ကြီးသည် အချိုးပြောင်းပြီးသား ဖြစ်နေပြီး ဖြစ်ခဲ့၏။

မည်သူ့ကိုမျှ အတွေ့မခံ စကားမပြော။

၃ နှစ်အတွင်း ဝေးနီးပရိသတ် လက်မခံ။

ဤမှုများ ဆိုင်ရာတာဝန်ခံများနှင့် ကတိကဝတ်ထားပြီး အတိုင်း နောက်ရက်မှ စတင်ကာ ဧကစာရီ ပိပိသသ ကျင့်ပြနေပြီ။

သတိလက်စွဲ လက်ထဲမြဖြစ်ရန်ကိုလည်း အားခဲနေချေပြီ။

ဖြတ်စရာရှိသော ရေးလက်စများကိုလည်း ရှင်းပစ်နေချေပြီ။

သည် သတိသာ ငါ့လက်ထဲ ပြန်ရောက်ခဲ့လျှင် ငါ့အရှိ ငါ့အသိများနှင့် တည့်တည့်တိုးမိမှာ သေချာ၏။

အရှိနှင့်အသိ အတွင်းမှာပင် မိနေပြီဆိုလျှင်

ဘုံ–ဘဝ–ဝတ္ထု–အာရုံတို့၏အတိုက် ဂရုစိုက်စရာမလိုတော့။

ဘုံချင်းမယှဉ် ဘဝချင်းလည်း မဝင်ဆံ့တော့ရာမှ ဝတ္ထုချင်းလည်း မထိ၊ အာရုံချင်းလည်း အငြိ အချိတ် မရှိသော် … ။

ခဏချင်းတိုင်း အသစ်မွေး၊ အသစ်သေတို့ဖြင့် ရက်စက်ချင်တိုင်း ရက်စက်နေကြသော ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏ

http://www.dhammadownload.com



ဘေးဆိုးကြီးများကိုလည်း ထိုးထွင်းမြင်ဖြင့် မြင်သိခွင့်ရလာစေတော့မည်။ ထိုအခါ

ဘေးတကာ့ ဘေးအပေါင်း ကြောက်စရာအကောင်းဆုံးလည်းဖြစ်၊ ထိတ်လန့်စရာ အကောင်းဆုံးလည်း ဖြစ်သောဘေးသည်

ဤ ငါ့ခန္ဓာတွင်းမှာပင် တစ်ခုရှိနေချေသည်တကား။

ငါသည် ဘေး သယ်ဆောင်ရာ ဆင်ယဉ်တစ်ကောင်ပါလား။

ထိုအသိ ထိုအမြင်များနှင့်အတူ ဒင်းတို့ကို ငါမနှစ်သက်။ ငါမနှစ်သက်ပါဘဲလျက်နှင့် ငါ့လက်အောက် ဘာကြောင့် ရောက်နေရသနည်း။

ဤအမေးများ မေးလျက်က လက်သည်ကို သတိထား။ ထိုးဖောက်အသိကား အမြင်ပေါက်နည်းဖြင့် ခန္ဓာခံ ဉာဏ်မွေနှောက်ကြည့်သောအခါ

ဆီကဲ့သို့ အပေါက်မရှိ အပေါက်ရှာကာ စိမ့်ထွက်တတ်သောစိတ်၊

စိတ် မတိတ်ဆိတ်ရာသို့ တိတ်တဆိတ်လိုက်ပါနေသောကိလေသာ၊

ကိလေသာအထိုး စိတ်ကဆိုးပြီ။ အဆိုးကံပေါက် လမ်းဖောက်နေသော ကိုယ်

စိတ်နှင့်ကိုယ် လှန်ပေးသမျှ အဝအပြ ထိုင်သုံးနေသောတဏှာခံ ကံ-ဝိပါက် ထိုလေးချက်တို့ကိုပါ မီးခိုး ကြွက်လျှောက်တွေ့မြင်လာစေတော့မည်။

နတ်တလှူစာစဉ်

http://www.dhammadownload.com



မနှစ်သက်သည်ကငါ၊နှစ်သက်သည်က တဏှာနှင့်ကံကြွမ္မာ။ ခံနေရသည်က ငါ့ခန္ဓာ၊ စေခိုင်းနေသည်က ကိလေသာနှင့်စွဲစိတ်များ။

ခန္ဓာနှင့်ကိလေသာ ဝန်ရုံးနွားနှင့်လှည်းသမားဖြစ်ရာ

ငါကား ဝန်ရုံနွားမျှသာပါတကား။

ထိုကိလေသာတို့ကြောင့်ပင် ခန္ဓာသွေး အစေးဖြစ်ခဲ့ရသည်။

ထိုခန္ဓာသွေး အစေးများဖြင့်ပင် တစ်ဘက်အာရုံဆွဲ အစွဲထင်စေခဲ့ပြီ။

အရိပ်ခွာရှုံ့ အစွဲမျှသော ထိုအာရုံမျှင်အပေါ် မြင်လိုသော်ဆင်ခြင် ဘဝင်လေနှင့် နှလုံးသွေးသွင်သွင် ဖြစ်စေရာ...

ရုပ်သေမှ ရုပ်ရှင်သို့၊

အရိပ်ရုပ်မှ အဟုတ်သို့၊

တဏှာ–ဥပါဒါန်–ကံနှင့် သူတို့လက်အောက်ခံ စွဲစိတ်များကပါ ဝိုင်းအုံလှည့်စားပေးနေကြပြီ။ ငါသည်ကား အရိပ်ရုပ် အဟုတ်ထင် အခင်အမင်ဖြင့် စွဲငြိနေချေပြီ။

အစွဲတင် အခင်နှောက် ပင်ကိုယ်စိတ်ပျောက်သွားလေသော အခါ

ဒုက္ခ၏တကယ့်အမှန်တရားက သုခနေရာ သွားနေချေပြီ။

နိရောဓ၏ တကယ့်အမှန်တရားက အပြတ်ဆက်ကြောင့်ခတ်ဖက်ဖြစ်နေပြီ။

မဂ္ဂင်၏ တကယ့်အမှန်တရားက အပြင်ထွက် အသက်ဆက်ပေးနေပြီ။ ထိုသို့ပါ

နတ်တလှစာစဉ်

http://www.dhammadownload.com



အသိ၊ အမြင်၊ ကိုယ်ပိုင်တွင် ကိုယ်တိုင်ချဉ်း၊ ကိုယ်ပိုင်အတွင်း မှာပင် စင်းစင်းကြီး အတည်သိ အတည့်သိ သိပိုင်လာစေသောအခါ

ငါသည်လည်းကောင်း၊ သူသည်လည်းကောင်း၊ အများသည် လည်းကောင်း တဏှာပေးထားသော ဘုံနှင့်ဘဝ စည်းစိမ်များ အပေါ် စွဲစိတ် ငြိစိတ်များဖြင့် ပျော်စံခြင်းကင်းစဲသွားကြမည် အမှန်။ သည့်အတူ

ငါ သူ ဟူသော ခွဲခြားခြင်းစိတ်၊

အကောင်း အဆိုးဟူသော သတ်မှတ်ချက်စိတ်၊

ထိုစိတ်များပါ ကင်းဆိတ်သွားကြမည်ဖြစ်ရာ

သစ်ပင်သည်လည်း မြေဆီဟူသော အစာ အစား အာရုံ ငါးပါးခံစား၏။ သို့သော် အစွဲမထား ။ သို့ကြောင့်

သစ်တစ်ပင်သေသဖြင့် ဘုံပြောင်းဘဝပြောင်းမရှိ၊ သစ်ပင် ဝင်စား ဟူ၍လည်းမရှိ။

သို့ပမာ လူသည်လည်း ဘုံဘဝချင်းရှိ ဝတ္ထုအာရုံချင်း ဆုံတုန်း သုံးရုံသာသုံး၍ အစွဲမရှိ၊ လန်းမရှိခဲ့သော်၊ အဆွဲလည်းမရှိ လမ်းလည်းမရှိ ဖြစ်သွားတော့ရာ သစ်တစ်ပင်အရာဝင်သင့်ရာ၏။

တိမ်မှကင်းသောလ သို့မဟုတ် မိုးအကုန် ဆောင်းအစ တန်ဆောင်မုန်းလသည် တိမ်စင်ရာထက် အလင်းဖြန့်ကျက်လျက် က၊

မိမိလမ်း မိမိသွားရုံမျှဖြင့် သူ့အောက်နေ သက်မဲ့သက်ရှိ လောကဓာတ်တစ်ခုလုံး ပြုံးစေ ရွှင်စေ အေးမြစေသော ဓာတ်

http://www.dhammadownload.com



ကောင်း ဆောင်းပေးသွားဘိသို့၊ သတိလက်ရိုး ထိုအစားမျိုးသာ ရှိနေခဲ့ပါလျှင် ...

မိမိလည်း လောကမှ အလွတ်ရုန်း၊ အားလုံးကိုလည်း လောကဆုံးရာသို့ ပို့ထားခဲ့နိုင်ရာ၏။

ထိုအချိန်သည် ယနေ့မဟုတ် နက်ဖြန်တည်း။

ထိုအချိန်သည် သည်ဘဝမဟုတ် နောက်ဘဝတည်း။

ထိုအချိန်သည် သည်သာသနာမဟုတ် နောင်သာသနာ တည်း။

●

သတိယာ သံဝေဂေါ တသော နိဗ္ဗိန္နော စ ခိတ္တော ဘီရူ
ယံကိဉ္စိ ဘဝံ ဝါဘောဂံ လုဠနာယ န မညတိ
ပီယံသာတံ မနာပံတိ မာ ဘဝိ္ဗ ဏှဥ္ဇာ နိဋ္ဌာပိ
ဝိမုတ္တိသော လောကာ ဘဝါ အမ္ဘာ မုတ္တောဝ စန္ဒိမာ

ယော – ရင်သွေးရင်နှစ် အကြင်ဘုရားသားချစ်သည်၊

သတိယာ – မှတ်ချက်ဝင် အမြင်အသိကြောင့်၊ သံဝေဂေါ – ထိတ်လန့်နေ၏။

သတိယာ – မှတ်ချက်ဝင် အမြင်အသိဖြင့်ပင်၊ တသော – ဘဝဒုက္ခ ကြောက်ရွံ့နေ၏။

http://www.dhammadownload.com



**သတိယာ** – မှတ်ချက်တင် အမြင်အသိဖြင့်ပင်၊ **နိဗ္ဗိန္နော** – ဘဝ၌ငြီးငွေ့နေ၏။

**သတိယာ** – မှတ်ချက်တင် အမြင်အသိဖြင့်ပင်၊ **နိဗ္ဗိန္နော** – ကံစိတ်အလုပ် တွန့်ဆုတ်နေ၏။

**သတိယာ** – မှတ်ချက်စဉ် အမြင်အသိနှင့်အတူ၊ **ဘီရူ** – ဘဝနောက်နောက် ကြောက်၍လည်းနေ၏။

**သော** – အတွင်းဘက်ထား ထိုမဂ္ဂင်ယာဉ်မောင်းသမားသည်သာ၊

**ယံကိဉ္စိ ဘဝံဝါ** – မင်း သူဌေး ရာဇာ ဗြဟ္မာ နတ်လူ ဘယ်သို့သော ဘဝဖြစ်စဉ်မျိုးကိုမဆို ဝါ ဘဝနှင့်အာရုံ ဘယ်လိုဘယ်ပုံကပင်တိုက်တိုက်၊

**လူဏ္ဏနာယ** – ငြိတွယ်တာစိတ်ဖြင့်၊ **ပိယံတံ** – ချစ်စရာလေးဟူ၍လည်း၊ **နမညတိ** – အမှတ်မရှိ၊ **သာတံတိ** – သာယာစရာကောင်းလိုက်တာဟူ၍လည်း **နမညတိ** – အမှတ်မမိ။

**မနာပံတိ** – စိတ်ကိုအေးသွားတာပဲဟူ၍လည်း **နမညတိ** – အမှတ်မသိ။

**ယံ ကိဉ္စိ ဘောဂံဝါ** – ပြင်ပစည်းစိမ် အတွင်းခံစည်းစိမ် ဘယ်သို့သော စည်းစိမ်မျိုးကိုမဆို။ **လူဏ္ဏနာယ** – ငြိစွဲဖြင့်၊

**ပိယံတိ** – ချစ်မှချစ် ဟူ၍လည်း၊ **နမညတိ** – အမှတ်ဖြင့်မသား။

**သာသံတိ** – သစ်မှသစ် ဟူ၍လည်း၊ **နမညတိ** – အမှတ်ဖြင့်မထား။

http://www.dhammadownload.com



**မနာပံတိ** – ယစ်မှယစ်ဟူ၍လည်း၊ **နမညတိ** – အမှတ်ဖြင့် မပိုင်းခြား။

**စ** – နောက်ဆက်တွဲပြောစရာ ကျန်နေသေးသည်မှာ၊

**တေ** – ထိုစည်းစိမ် ထိုဘဝလက်ဝယ်ရမှန်သမျှတို့အပေါ်၊ **ဣဋ္ဌတိ** – ဤဟာကား လိုချင်စရာ အကောင်းစားဟူ၍လည်း၊ **မာဘာဇိ** – မခွဲခြမ်းပြီ။

**သော** – ထိုမစွဲမသား ထိုဘုံကျန်မထားသူသည်ကား၊ **အဇ္ဈာမုတ္တော၀ စန္ဒိမာ** – တိမ်လွှတ် လမင်းကြီးပမာ၊

**လောကာပိ** – လောကအားလုံးမှလည်း၊ **ဝိမုတ္တိ** – လွတ်ခွင့် ရသွားပြီ။

**ဘဝါပိ** – ဘဝအားလုံးမှလည်း၊ **ဝိမုတ္တိ** – ထွက်လက်မှတ် ရသွားပြီ။

[ ၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊
ပဋိပတ်တောစခန်း။ ပုလဲ ]
မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

# ကျေးရူးရှင် မဟာဗောဓိမြိုင်ဆရာတော်

၏

## နှတ်တလူစာစဥ်မှ ထုတ်ဝေပြီးသော စာအုပ်များ

၁။ ကမ္ဘာ့ဘဏ်တိုက်
*(အမျိုးဘာသာနှင့်သာသနာတော်ကို ကာကွယ်စောင့်ရှောက်တတ်ဖို့)*

၂။ ဝိနယသင်္ဂဟကထာ
*(ဘုရားရှင်နှင့်မခြား တစ်သားထဲကျလိုသော ရဟန်းတော်များအတွက်)*

၃။ သုညသခိရကထာ
*(သုညမှ စလာခဲ့ရသော ဘဝသခိရတို့အကြောင်း)*

၄။ ခန္ဓပြ ဒါနကထာ
*(အစိတ်အပိုင်းများစွာဖြင့်ဖွဲ့စည်းထားသော ကားတစ်စီးအကြောင်း)*

၅။ ဓမ္မနီတိကထာ

၆။ လူ့ဘုံခန်းဝါဓမ္မတာ *(လေခက္ခနကထာ)*

၇။ နီတိဖြင့်စကားပြောဆိုခြင်း *(သာရဏီယကထာ)*

၈။ ဉာဏ်စဥ်တို့ကို အုပ်စုဖွဲ့၍ ဝေဖန်ခြင်း *(ဉာဏဝိဘင်္ဂကထာ)*

၉။ ဓမ္မကွန်ရက် ဖြန့်ကျက်ခြင်း *(လေခက္ခနကထာ)*

၁၀။ သတ္တဝါတို့သွားမြဲ ချမ်းသာဆင်းရဲတို့၏ ညွှန်းဆိုရာများ
*(လေခက္ခနကထာ)*

၁၁။ ချစ်သမီးဝိသာခါသို့ *(ကဗျာရှည်)*

၁၂။ ပီတိ၊ ဂါရဝ၊ မြတ်သီလနှင့်ဘဝသချ်ာ *(လေခက္ခနကထာ)*

၁၃။ ကဗျာ့နန်းတော်

၁၄။ အမေ့ရင်ခွင်ကြားက အမေ့သား အမေ့သမီးများသို့
*(ပမာဒကမနီယကထာ)*

၁၅။ သံဝေဂလမ်း *(သံဝေဂ ပဋိသံယုတ္တကထာ)*

၁၆။ သိက္ခာပျက်တဲ့ မိစ္ဆာစက် *(ဝိပတ္တိကာလ ကထာ)*

၁၇။ ပညတ်မှ ပရမတ်သို့ *(ပညတ္တိ ပဋိကွေပ ကထာ)*

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော် ၏

ဓမ္မစာပေတရားတော်များပြန့်ပွားရေးထာဝရငွေပဒေသာပင်

အလှူရှင်များစာရင်း

၁။ ဗိုလ်မှူးကြည်စိုးဝင်း+ဒေါက်တာခိုင်ခိုင်လင်း၊
သမီး-သက်ထားဝင်း မိသားစု၊ ရန်ကုန်။ ငါးသိန်းငါးသောင်းကျပ်

၂။ စေတနာရှင်မိသားစု (ခေတ္တ၊ဘန်ကောက်) ငါးသိန်းကျပ်

၃။ ဦးဝင်းထိန်+ဒေါ်အေးအေးယု မိသားစု၊ ရန်ကုန်။ ငါးသိန်းကျပ်

၄။ ဒေါ်အားမေမိသားစု၊ ကျွန်းပင်သာရပ်၊ မြစ်ကြီးနားမြို့။ သုံးသိန်းကျပ်

၅။ ကိုသန်းလွင်+မယဉ်ယဉ်အေး
ထွန်းနိုင်အောင်ကုမ္ပဏီ မိသားစု နှစ်သိန်းကျပ်

၆။ ဒေါက်တာတင်ထွန်းအောင်+ဒေါ်ခင်မြတ်မျိုးဆင့်
မိသားစု။ တစ်သိန်းငါးသောင်းကျပ်

၇။ ကိုအောင်နိုင်ဦး+မရင်မေ မိသားစု
ဝင်းဝင်းကုမ္ပဏီ၊ မြစ်ကြီးနားမြို့။ တစ်သိန်းငါးသောင်းကျပ်

၈။ ဦးဟုတ်စွမ်+ဒေါ်ခင်ကြူ
သားသမီးမြေးတစ်စု၊ ရန်ကုန်။ တစ်သိန်းကျပ်

၉။ ဦးမြင့်ဝင်း+ဒေါ်ဆွေဆွေ မိသားစု၊ ရန်ကုန်မြို့။ တစ်သိန်းကျပ်

၁၀။ ဒေါက်တာခင်မောင်ဇော်+ဒေါ်ခိုင်ခိုင်အေး၊
သား-ထက်ဦးအောင် မိသားစု၊ ရန်ကုန်မြို့။ တစ်သိန်းကျပ်

http://www.dhammadownload.com

၁၁။ ဦးထင်အောင်ကျော်+ဒေါက်တာပပဝါ မိသားစု
ကျော်ဇေယျာကုမ္ပဏီလီမိတက်၊ ရန်ကုန်။ တစ်သိန်းကျပ်
၁၂။ ဗိုလ်ကြီးမျိုးညွန့်ကျော်+ဒေါ်ဥမ္မာအောင်၊ သမီး မမြတ်သွယ်နိုင်
၅/ဃ၊ မဂ္ဂင်ကျောင်းလမ်း၊ ရွာသစ်အရှေ့၊ အင်းစိန်။ တစ်သိန်းကျပ်
၁၃။ ကိုခင်မောင်ထွေး+မနော်င်းငယ်၊
သား-ကောင်းမင်းခန့် မိသားစု၊ ကချင်ပြည်နယ်။ တစ်သိန်းကျပ်
၁၄။ ကိုရဲမြင့်+မချောစု၊ အောင်နန်း ၊ မြစ်ကြီးနားမြို့။ တစ်သိန်းကျပ်
၁၅။ ဗိုလ်ကြီးဇော်သက်နှင့်တပ်ဖွဲ့ဝင်များ၊ ခေတ္တလိုင်ဇာ။ တစ်သိန်းကျပ်
၁၆။ ဗိုလ်မှူးချစ်ကိုကို+ဒေါ်သီတာအောင် မိသားစု၊
တောင်ကြီးမြို့။ တစ်သိန်းကျပ်
၁၇။ ကိုအားရင်၊ ရွှေပြည်သာကုမ္ပဏီ မိသားစု တစ်သိန်းကျပ်
၁၈။ ဒေါက်တာအောင်သန်း+ဒေါ်ဝါဝါသန်း၊ တီကေမိသားစု
အမှတ်(၄)၊ မြို့မရပ်၊ သာစည်မြို့။ တစ်သိန်းကျပ်
၁၉။ ဦးအေးမောင်+ဒေါက်တာစန္ဒာကျော် မိသားစု၊
မြစ်ကြီးနားမြို့။ တစ်သိန်းကျပ်
၂၀။ ဦးကျော်မင်းနိုင်+ဒေါ်စောမွန်လတ် မိသားစု၊
ရန်ကုန်။ ခုနစ်သောင်းငါးထောင်ကျပ်
၂၁။ ဦးကျော်ကျော်+ဒေါ်အေးအေးမြင့် မိသားစု
အမှတ်-၁၊ ကြေးနီသတ္တုတွင်း၊ မုံရွာမြို့ ခြောက်သောင်းကျပ်
၂၂။ ဦးခင်မောင်သန်း+ဒေါ်ဌေး
ရန်ကြီးအောင်ရပ်၊ ဖီးကုန်းမြို့၊ ကန့်ဘလူမြို့နယ်။ ငါးသောင်းကျပ်
၂၃။ ဒေါ်သောင်း၊ သား-ဒေါက်တာအိုကေ၊
အနောက်ဈေးရပ်၊ ရွှေဘိုမြို့။ ငါးသောင်းကျပ်
၂၄။ ဒေါက်တာလှထွန်းဝင်း+ဒေါ်ရီရီဝင်း
အောင်သိဒ္ဓိရပ်၊ ဖီးကုန်းမြို့၊ ကန့်ဘလူမြို့နယ်။ ငါးသောင်းကျပ်

http://www.dhammadownload.com

၂၅။ ဦးသွေးရှုန်+ဒေါ်နန်းရွှေအေး မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်
၂၆။ ဦးအေးသိုက်+ဒေါ်ဝင်းဝင်းစိုး၊ သား-မောင်ဝင်းပြည့်ဖြိုး မိသားစု
ကျောက်မြောင်း၊ ရန်ကုန်။ ငါးသောင်းကျပ်
၂၇။ ဦးခင်မောင်ကြည်+ဒေါ်ကျော့ကျော့မိုးမိသားစု
မြန်မာ့သစ်လုပ်ငန်း၊ တောင်ငူမြို့။ ငါးသောင်းကျပ်
၂၈။ ဦးညွန့်ဝေ+ဒေါ်မြကြည် မိသားစု
အမှတ်-၁၊ ကြေးနီသတ္တုတွင်း၊ မုံရွာမြို့ ငါးသောင်းကျပ်
၂၉။ ပြည်နယ်တရားသူကြီး ဦးမြတ်မင်း+ ဇနီး ဒေါ်သီတာ
မြစ်ကြီးနားမြို့။ ငါးသောင်းကျပ်
၃၀။ ဦးမြင့်စိုး+သုဓမ္မသီဂီ ဒေါ်သန်းသန်း၊
သား-ကိုမောင်မောင်စိုးသန်းမိသားစု၊ ပျဉ်းမနားမြို့။ သုံးသောင်းကျပ်
၃၁။ ဦးသိန်းအောင်+ဒေါ်လှစိန်၊ သား-ကိုဝင်းနိုင်နှင့်မောင်နှမများ
ရွှေညောင်မြို့။ သုံးသောင်းကျပ်
၃၂။ ဦးသန်းအောင် နဝရတ်မိတ္တူမိသားစု လှည်းတန်း။ နှစ်သောင်းကျပ်
၃၃။ ဦးဝင်းမောင်+ဒေါ်စိုးစိုးမြင့် မိသားစု၊ မန္တလေးမြို့။ နှစ်သောင်းကျပ်
၃၄။ ဦးမြတ်သူ+ဒေါ်အေးမြတ်မွန် M.H.Tဆောက်လုပ်ရေး၊
ရန်ကုန်။ နှစ်သောင်းကျပ်
၃၅။ ဒေါ်သန်းမြ+ဒေါ်ပေါ ဖိုးလမင်းမုန့်တိုက်၊ကလေးမြို့။ နှစ်သောင်းကျပ်
၃၆။ ဦးတင်တိုး+ဒေါ်ခင်ပြုံး မိသားစု၊
မိုလ်ချုပ်လမ်း၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။ နှစ်သောင်းကျပ်
၃၇။ ဒေါက်တာသန်းထွေးအောင်+ဒေါ်မြင့်မြင့်၊
သား-မောင်ဖြိုးကြွယ်၊ မောင်ပြည့်စိုး၊ ရွှေဘိုမြို့။ နှစ်သောင်းကျပ်
၃၈။ ဒေါက်တာနေဦး+ဒေါ်ပိုပို **'Top Choice စာအုပ်လုပ်ငန်း'**
အမှတ် ၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်။
ဖုန်း-၂၈၀၀၁၃၊ အိမ်ဖုန်း- ၅၅၆၀၆၉ နှစ်သောင်းကျပ်

http://www.dhammadownload.com

၃၉။ ဦးလှအောင်+ဒေါက်တာတင်တင်ရီ
အမှတ်–၁၉၊ ဧဋ္ဌိလလမ်း၊ ကျောက်မြောင်း။ နှစ်သောင်းကျပ်
၄၀။ ကိုတင်မြင့်+မစန္ဒာအေး မိသားစု၊ Good Baby စတိုး
မြစ်ကြီးနားမြို့။ နှစ်သောင်းကျပ်
၄၁။ ဦးခင်မောင်သက်+ဒေါ်မြင့်မြင့်ခင် မိသားစု
အာရှရောင်းဝယ်ရေး၊ မကွေးမြို့။ နှစ်သောင်းကျပ်
၄၂။ စေတနာရှင်တစ်ဦး နှစ်သောင်းကျပ်
၄၃။ တပ်ကြပ်ကြီးသန်းဝင်း+ဒေါ်ဥမ္မာထွန်း မိသားစု၊
ရန်ကုန်။ တစ်သောင်းငါးထောင်ကျပ်
၄၄။ ဒေါ်နန်းမူနှင့်သားများ၊ ရွှေညောင်မြို့။ တစ်သောင်းငါးထောင်ကျပ်
၄၅။ ဦးမြသောင်း+ဒေါ်အေးအေးမင်း၊
ရွှေဆိုင်၊လယ်ဝေးမြို့။ တစ်သောင်းကျပ်
၄၆။ ဦးပန်ကာ+ဒေါ်ခင်ထွေးမိသားစု
အမှတ်(၃)ရပ်၊သာစည်မြို့။ တစ်သောင်းကျပ်
၄၇။ ဦးမောင်မောင်အေး+ဒေါ်ချိုလေး မိသားစု
အနီးစခန်း၊ ပြင်ဦးလွင်မြို့။ တစ်သောင်းကျပ်
၄၈။ ဦးမောင်မောင်အေး+ဒေါ်တင်တင်မြင့်
အမှတ်(၄)၊ မြို့မရပ်၊ သာစည်မြို့။ တစ်သောင်းကျပ်
၄၉။ ဒေါက်တာမျိုးသန့်+ဒေါ်နိုင်နိုင်မော်၊
သမီး–မြကေသီသန့်၊ သာစည်မြို့။ တစ်သောင်းကျပ်
၅၀။ ဦးမောင်မောင်လွင် နှင့်
ဦးမြင့်စိုး+ဒေါ်စောမွန်လှ၊ ပညာလွင်ဒေါ်ဒါ မိသားစု၊
ရေနံချောင်းမြို့။ တစ်သောင်းကျပ်
၅၁။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူ မိသားစု၊
ကြည့်မြင်တိုင်။ တစ်သောင်းကျပ်

http://www.dhammadownload.com

| | |
|---|---|
| ၅၂။ ဗိုလ်ကြီးမြင့်ဇော်+ဒေါ်ဦးသန်းမေ၊ ရန်ကုန်မြို့။ | တစ်သောင်းကျပ် |
| ၅၃။ ဦးမြင့်သန်း+ဒေါက်တာတင်တင်လတ် ရန်ကင်း၊ ရန်ကုန်။ | တစ်သောင်းကျပ် |
| ၅၄။ ဒေါ်အေးအေးနိုင်မိသားစု၊ မင်္ဂလာဒုံ၊ ဝါယာလက်။ | တစ်သောင်းကျပ် |
| ၅၅။ ဦးဘအောင်+ဒေါ်အေးရှင် မိသားစု ကျောက်မြောင်း၊ ရန်ကုန်။ | တစ်သောင်းကျပ် |
| ၅၆။ ဦးသန်းနွယ်+ဒေါ်လွင်လွင်သန်း မိသားစု၊ မြို့မရပ်၊ သာစည်မြို့။ | တစ်သောင်းကျပ် |
| ၅၇။ ဒေါ်မာမာတင် မိသားစု၊ အထက်တန်းပြ၊ အ.ထ.က–၁၊ သာစည်မြို့။ | တစ်သောင်းကျပ် |
| ၅၈။ ဦးသိန်းမြင့်+ဒေါ်ချို မိသားစု MICCL အမှတ်(၁)ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ | တစ်သောင်းကျပ် |
| ၅၉။ ဦးအောင်သိန်းနှင့် **Tech nical Training** ဝန်ထမ်းများ **MICCL**အမှတ်(၁)ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ | တစ်သောင်းကျပ် |
| ၆၀။ ဆရာအောင်ကျော်စံ(ခေတ္တ–ဘင်္ဂလားဒက်ရှ်) | ဒေါ်လာ ၁၀၀ |
| ၆၁။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူ မိသားစု(ခေတ္တ–အမေရိကန်) | ဒေါ်လာ ၁၀၀ |
| ၆၂။ **THIKE-SAN**(ခေတ္တ–ဂျပန်) | ဒေါ်လာ၅၀ |
| ၆၃။ ဦးအောင်ကျော်စံ(ခေတ္တ–တရုတ်ပြည်) | ယွမ် ၂၀၀ |
| ၆၄။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ၊ အမှတ်–၁၀၀၊ မြို့မရပ်၊ ကာမိုင်းမြို့။ | ယွမ် ၅၀၀ |
| ၆၅။ ဦးဇေယျ၊ ပြည်နယ်ဥပဒေအရာရှိ၊ မြစ်ကြီးနားမြို့။ | **FEC** ၂၀ |
| ၆၆။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ၊ အမှတ်–၁၀၀၊ မြို့မရပ်၊ ကာမိုင်းမြို့။ | ငါးသောင်းကျပ် |
| ၆၇။ ဦးအောင်ထူး+ဒေါ်နု မိသားစု သစ်ထုတ်ရေး | ငါးသောင်းကျပ် |
| ၆၈။ ဒေါ်မြသန်း+ဒေါ်တင်ပု (မလှခိုင်ဆေးပေါ့လိပ်) မိသားစု အောင်သိဒ္ဓိရပ်၊ မိုးကုန်းမြို့။ | ငါးသောင်းကျပ် |